# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


### ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက် | ၂၀၂၃ ခုနှစ်၊ ဇွန် ၅ ရက်၊ တနင်္လာနေ့ | အတွဲ (၆၂)၊ အမှတ်(၂၄၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာရောင်းချ



နေပြည်တော် ဇွန် ၄

ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့ အလိုရှိရာ စားသောက်ကုန် ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေး အတွက် အနောက်ပိုင်း တိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက ယနေ့တွင်

စာမျက်နှာ ၇ ကော်လံ ၁ ❑

## လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်သည့် အခြေအနေ လျော့နည်းသွားပြီး မုတ်သုံလေ အားကောင်းလာနိုင်

နေပြည်တော် ဇွန် ၄

ဇွန်လ ၄ ရက်နေ့ ည ၉ နာရီတွင် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ချက်အရ ဇွန် ၅ ရက်မှ ၈ ရက်အတွင်း ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်း၊ အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတို့တွင် လေထုမငြိမ်မသက်မှုဖြစ်ပေါ်ရာမှ လေဖိအားနည်းရပ်ဝန်း (Low Pressure Area) တစ်ခု ဖြစ်ပေါ်လာနိုင်ချေရှိသည်ဟု ခန့်မှန်းထားခဲ့သော်လည်း ယနေ့ မြန်မာစံတော်ချိန် ၈ နာရီခွဲအချိန် တိုင်းထွာချက်များအရ လေဖိအားနည်းရပ်ဝန်း (Low Pressure Area)ဖြစ်ပေါ်နိုင်သည့် အခြေအနေ လျော့နည်းသွားပြီး မုတ်သုံလေ အားကောင်းလာနိုင်သည့်အခြေအနေသာ ဖြစ်ပေါ်နိုင်ကြောင်း ခန့်မှန်းရသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်း(Low Pressure Area)ဖြစ်ပေါ်နိုင်သည့် အခြေအနေ လျော့နည်းသွားသော်လည်း မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့် ဇွန် ၈ ရက်မှ ၁၅ ရက်အတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊

စာမျက်နှာ ၆ ကော်လံ ၁ ◆

## သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၄

သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေး အတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပုဏ္ဏားကျွန်းမြို့၌ ရောက်ရှိအခြေပြုလျက်ရှိသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည်

စာမျက်နှာ ၇ ကော်လံ ၁ ❍

### ယနေ့ ဖတ်စရာ

“မိုခါ” မုန်တိုင်းဒဏ်သင့် ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ (၁)

ဆောင်းပါး စာ ၁၀



စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းတစ်ပိဿာ ငွေကျပ် ၃၇၉၀ ဖြစ်

ပြည်တွင်းသတင်း စာ ၆

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံရာသီတွင် ဆီထွက်သီးနှံစုံ ၈၂၀၁ ဧက လျာထားစိုက်ပျိုးမည်

ပြည်တွင်းသတင်း စာ ၇

မြန်မာ့အလင်း

## ကျန်းမာပျော်ရွှင် လူ့ဘောင်တွင် စဉ်ဆက်မပြတ်ရေး၊ ပြတိုက်များက စွမ်းဆောင်ပေး

အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့ အထိမ်းအမှတ် အခမ်းအနားကို ဇွန် ၃ ရက်က အမျိုးသားပြတိုက် (နေပြည်တော်) တွင် ကျင်းပခဲ့သည်။ အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့သည် နှစ်စဉ် မေလ ၁၈ ရက်နေ့ဖြစ်သော်လည်း မိမိတို့နိုင်ငံအဖို့ ယခုနှစ်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၃) နှင့် တိုက်ဆိုင်နေခြင်းကြောင့် ဇွန် ၃ ရက်သို့ ပြောင်းလဲကျင်းပခဲ့ရခြင်းဖြစ်သည်။

ယခုနှစ် ၂၀၂၃ ခုနှစ် အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့၏ ဆောင်ပုဒ်မှာ "Museums, Sustainability and Well–Being" "ကျန်းမာပျော်ရွှင်လူ့ဘောင်တွင်၊ စဉ်ဆက်မပြတ်ရေး ပြတိုက်များက စွမ်းဆောင်ပေး" ဟူ၍ဖြစ်သည်။ ကုလသမဂ္ဂ၏ ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးမှုနိမ့်ကျသည့် နိုင်ငံများအတွက် ၂၀၃၀ ပြည့်နှစ် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးမှုအစီအစဉ်ဖြစ်သော "စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် (၁၇) ခု" အနက်မှ ပန်းတိုင်(၃) လူတိုင်းစေ့ ကျန်းမာရေးနှင့်သာယာဝပြောရေး၊ ပန်းတိုင်(၁၃) ရာသီဥတု ပြောင်းလဲခြင်းနှင့် ၎င်း၏အကျိုးသက်ရောက်မှုများကို လျော့ပါးစေရေးအတွက် အရေးကြီးလုပ်ငန်းစဉ်များ ဆောင်ရွက်ရေး၊ ပန်းတိုင် (၁၅) ကမ္ဘာလုံးဆိုင်ရာ ဂေဟစနစ်အား ကာကွယ်ထိန်းသိမ်းကာ ရေရှည်တည်တံ့အောင် အသုံးပြုရေး၊ သစ်တောများ ရေရှည်တည်တံ့စေရန် စီမံခန့်ခွဲရေး၊ သဲကန္တာရများ ဖြစ်ပေါ်စေမှုအား ပပျောက်စေရေး၊ မြေယာပြုန်းတီးယိုယွင်းပျက်စီးမှု ရပ်တန့်စေရေး၊ ဇီဝမျိုးစုံမျိုးကွဲပြုန်းတီးမှု ရပ်တန့်စေရေးဟူသော ပန်းတိုင်သုံးရပ်တို့ကို မျှော်မှန်းကာ ယခုနှစ်အပြည်ပြည်ဆိုင်ရာပြတိုက်များနေ့ ဆောင်ပုဒ်ကို ချမှတ်ထားခြင်းဖြစ်သည်ဟု သိရသည်။

ပြတိုက်များသည် ငွေကြေးအမြတ်အစွန်းကို အဓိကမထားဘဲ အများပြည်သူကို အသိပညာပေးရန် အမြဲတမ်းဖွင့်လှစ်၍ ဝန်ဆောင်မှုပေးရသော ပညာပေးအဖွဲ့အစည်းများဖြစ်သည်။ ၁၅ ရာစု ဥရောပတွင် စတင်ခဲ့သော ပြတိုက်များသည် မူလက ထူးခြားရှားပါး ဆန်းပြားသောပစ္စည်းများ၊ ရှေးဟောင်းပစ္စည်းများနှင့် အဖိုးတန်ရတနာများ စုဆောင်းပြသခြင်းကို ဗဟိုပြုခဲ့ကြသော်လည်း နောက်ပိုင်းတွင် ပြည်သူလူထုကို အသိပညာပေးရန်ဟူ၍ ပြောင်းလဲဦးတည်လာခဲ့ကြပြီး နောက်ဆုံးမျိုးဆက်ပြတိုက်များတွင်မူ ပြည်သူလူထု ပူးပေါင်းပါဝင်မှုဆီသို့ ဦးတည်လာခဲ့ကြသည်။ ပြတိုက်များသည် အကြောင်းအရာ၊ ဘာသာရပ်အလိုက် အသိပညာဖြန့်ဝေပေးရာ ဗဟိုဌာနများဖြစ်ကြပြီး သုတေသီများ၊ ဗဟုသုတရှာမှီးလိုသူများ၊ ကျောင်းသား ကျောင်းသူ လူငယ်လူရွယ် ကလေးငယ်များ စဉ်ဆက်မပြတ်စည်ကားစွာ ဝင်ထွက်သွားလာနေကြရမည့် နေရာဌာနများ ဖြစ်ကြသည်။

အိမ်နီးချင်းနိုင်ငံအချို့တွင် စာသင်ကျောင်းများနှင့် ပြတိုက်များချိတ်ဆက်ထားကာ ကျောင်းသင်ခန်းစာ အချိန်ဇယားတွင် ပြတိုက်လေ့လာရေး အစီအစဉ်များထည့်သွင်းရေးဆွဲထားခြင်း၊ ကျောင်းသားလူငယ်ပညာပေး အစီအစဉ်များ၊ ကျောင်းသား ကျောင်းသူများကိုယ်တိုင် ပါဝင်ဆောင်ရွက်ရသည့် ပြပွဲပြိုင်ပွဲများ ဖိတ်ခေါ်ကျင်းပခြင်း စသည်ဖြင့် စဉ်ဆက်မပြတ် လှုပ်ရှားနေကြသည်ကိုတွေ့ရှိရသည်။ အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသူကျောင်းသားအရွယ်မှစ၍ ပြတိုက်များနှင့် စာကြည့်တိုက်များကို ပညာရှာမှီးရန်အတွက် အသုံးပြုတတ်စေရေး လေ့ကျင့်ပျိုးထောင်ပေးကြရမည်ဖြစ်သည်။ ပြတိုက်တစ်ခု၏ အောင်မြင်မှုသည် ယင်းပြတိုက်သို့လာရောက်လေ့လာသူ မည်မျှများပြားသနည်းဆိုသည့်အချက်ပေါ်တွင် တိုင်းတာသည်ဟုဆိုရာ စုဆောင်းမှု၊ ခင်းကျင်းပြသမှု၊ ဝန်ဆောင်မှုတို့သာမက ဖိတ်ခေါ်မှုပါ လိုအပ်မည်ဖြစ်သည်။

ယခုနှစ်အပြည်ပြည်ဆိုင်ရာ ပြတိုက်များနေ့သည် ပြည်သူလူထု ကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှုရရှိရေး၊ ရာသီဥတုထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းစဉ်များချမှတ်ရေးနှင့် မြေပေါ်သက်ရှိလောက ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို ပြတိုက်များ၏ကဏ္ဍမှ ပါဝင်စွမ်းဆောင်ပေးရန် ဦးတည်ထားခြင်းဖြစ်ခြင်းကြောင့် ကျောင်းသား ကျောင်းသူ၊ ပြည်သူလူထုကို အသိပညာပေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်းဖြင့် စွမ်းစွမ်းတမံ ဆောင်ရွက်ကြရပါမည့်အကြောင်း။ ။

## မိုခါမုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် အိန္ဒိယ - မြန်မာ စီးပွားရေးလုပ်ငန်းရှင်များအသင်း (IMCC) က ငွေကျပ် ၁၁၁ သိန်းနှင့် အမေရိကန်ဒေါ်လာ ၁၀၀၀ လှူဒါန်း

**ရန်ကုန် ဇွန် ၄**

မိုခါမုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် အိန္ဒိယ–မြန်မာစီးပွားရေး လုပ်ငန်းရှင်များအသင်း (IMCC) က ငွေကျပ် ၁၁၁ သိန်းနှင့် အမေရိကန်ဒေါ်လာ ၁၀၀၀ အား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ထံသို့ လာရောက်လှူဒါန်းခြင်းကို ယနေ့ မွန်းလွဲပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး သံတမန်ခန်းမ၌ ကျင်းပသည်။



အဆိုပါ လှူဒါန်းခြင်းအခမ်းအနားသို့ တက်ရောက်လာသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H.E.Mr.Vinay Kumar ဦးဆောင်သော မြန်မာနိုင်ငံရှိ အိန္ဒိယ–မြန်မာစီးပွားရေး လုပ်ငန်းရှင်များအသင်း (IMCC) မှ ကိုယ်စားလှယ်များကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက်ဆိုင်ကလုန်းမုန်တိုင်း မိုခါဒဏ်သင့် ရခိုင်ပြည်နယ်ရှိ ပြည်သူများအတွက် လှူဒါန်းငွေကျပ် ၁၁၁ သိန်း၊ အမေရိကန်ဒေါ်လာ ၁၀၀၀ အား သံအမတ်ကြီးနှင့် အိန္ဒိယ–မြန်မာစီးပွားရေး လုပ်ငန်းရှင်များအသင်း (IMCC) က လှူဒါန်းရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများက လက်ခံရယူပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လှူဒါန်းမှုအတွက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ (ကိုယ်စား) ကျေးဇူးတင်ရှိပါကြောင်းနှင့် မုန်တိုင်းဒဏ်သင့် ပြည်သူများထံသို့ လူသားချင်းစာနာထောက်ထားမှုအရ လှူဒါန်းလာသည့် ပစ္စည်းများကိုလည်း အဆိုပါဒေသများသို့ အမြန်ဆုံး ရောက်ရှိရေး ဆက်လက်ပေးပို့နေမှု၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အမြန်ဆုံး ပြီးစီးရေး တပ်မတော်သားများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့များ၊ ပြည်သူများက ပူးပေါင်း၍ ဝိုင်းဝန်းလုပ်ဆောင်နေမှု အခြေအနေများကို ပြောကြားခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

## တာချီလိတ်မြို့ရှောင်လမ်းဖောက်လုပ်ရာတွင် ပါဝင်သွားသည့် မြေယာနှင့် သီးနှံများအတွက် လျော်ကြေးငွေလက်ခံရယူရန် ကျန်ရှိနေသည့်တောင်သူများအား လျော်ကြေးငွေပေးအပ်

**တာချီလိတ် ဇွန် ၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ အမှတ် (၂) ချစ်ကြည်ရေးတံတားနှင့် စက်မှုရပ်ကွက်အကြား မြို့ရှောင်လမ်းဖောက်လုပ်ရာတွင် ပါဝင်သွားသည့် မြေယာနှင့်သီးနှံများအတွက် လျော်ကြေးငွေ လက်ခံရယူရန် ကျန်ရှိနေသည့် တောင်သူများအား လျော်ကြေးငွေပေးအပ်ခြင်းကို ဇွန် ၃ ရက်က ခရိုင်စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

တာချီလိတ်မြို့တွင်း၌ ယာဉ်ကြောပိတ်ဆို့မှုများ လျှော့ချနိုင်ရန်၊ ပြည်သူများ ယာဉ်အန္တရာယ် ကင်းရှင်းစွာသွားလာနိုင်စေရန်၊ မယ်ဆိုင်–မယ်ဟောက်ချောင်းရေအား မြန်မာ–ထိုင်း နှစ်နိုင်ငံသာတူညီမျှရေစီးကြောင်းပြောင်းလဲမှု ထိန်းသိမ်းရေး၊ ချောင်းကမ်းပါးတိုက်စား၍ နိုင်ငံတော်ပိုင်မြေဆုံးရှုံးမှုမဖြစ်စေရေးအတွက် ထိန်းသိမ်းရေးလုပ်ငန်းများ အထောက်အကူဖြစ်စေရန်၊ အာဆီယံ Free Trade Zone ဖြစ်ပေါ်လာသည့်အခါ အမှတ် (၂) တံတားမှတစ်ဆင့် မြို့ရှောင်လမ်းအတိုင်း မောင်းနှင်၍ ပြည်တွင်းပြည်ပသို့ ကုန်သွယ်စီးဆင်းမှု လမ်းကြောင်းဖြစ်ပေါ်လာစေရန်၊ တာချီလိတ်မြို့တွင်း ဖြတ်သန်းသွားသော ဗိုလ်ချုပ်လမ်းမကြီးပေါ်တွင် ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန် မြို့ရှောင်လမ်းဖောက်လုပ်ရာတွင် လမ်းမြေဧရိယာအတွင်း ပါဝင်သည့် တောင်သူ ၁၉၆ ဦးအနက် လျော်ကြေးငွေလက်ခံရယူရန် သဘောတူညီမှု မရှိသေးသည့် တောင်သူကိုးဦးအား မြေယာနှင့် သီးနှံလျော်ကြေးငွေပေးအပ်ရေး ကော်မတီတို့က ၂၀၂၃ ခုနှစ် မေ ၅ ရက်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုအရ တောင်သူရှစ်ဦးမှာ နိုင်ငံတော်က ပေးလျော်ရမည့် လျော်ကြေးငွေများကို လက်ခံရယူရန် သဘောတူညီခဲ့သောကြောင့် ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်နှင့် ဆက်စပ်ဌာနဆိုင်ရာ တာဝန်ရှိသူများက လျော်ကြေးငွေ လက်ခံရယူရန် ကျန်ရှိနေသည့် တောင်သူ ရှစ်ဦးအား မြေယာနှင့် သီးနှံလျော်ကြေးငွေများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်ဇေယျာလင်း (ပြန်/ဆက်)**

## စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေရယူနိုင်ရန် တောင်သူဦးကြီးများသို့ အသိပေးကြေညာချက်

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် လယ်ယာလုပ်ငန်းသုံး ထွန်စက်ကြီး၊ ရိတ်သိမ်းခြွေလှေ့စက်၊ ထော်လာဂျီ၊ လက်တွန်းထွန်စက်၊ ဆန်စက်၊ ဆီစက်၊ စားသောက်ကုန်ထုတ်လုပ်သည့်စက်များ ဝယ်ယူရန်နှင့် စက်ရုံ၊ သိုလှောင်ရုံ၊ ဂိုဒေါင်တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်းတို့အတွက် အရင်းအနှီးလိုအပ်ချက်ရှိသူ တောင်သူဦးကြီးများသို့ **စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေ**များကို ၁ နှစ်လျှင် အတိုးနှုန်း ၅ % ဖြင့် ထုတ်ချေးပေးလျက်ရှိပါသည်။

ချေးငွေပမာဏမှာ တောင်သူတစ်ဦးချင်းအတွက် အများဆုံး **ကျပ်သိန်း ၇၀၀**၊ တောင်သူအစုအဖွဲ့ (၁) ဖွဲ့အတွက် အများဆုံး **ကျပ်သိန်း ၅၀၀၀** အထိ ရယူထုတ်ချေးနိုင်ပြီး တောင်သူစိတ်ကြိုက် ဝယ်ယူလိုသည့် လယ်ယာသုံးစက်ကိရိယာများကို စက်ကိရိယာ အရောင်းပြခန်းကုမ္ပဏီများထဲတွင် ရွေးချယ်ဝယ်ယူနိုင်ပါသည်။ ချေးငွေပေးဆပ်ရာတွင် ထော်လာဂျီ၊ လက်တွန်းထွန်စက်ချေးငွေအတွက် ၃ နှစ် ၃ ရစ်၊ အဆိုပါစက်များမှအပ ကျန်စက်ကိရိယာများအတွက် ၅ နှစ် ၅ ရစ် ပေးဆပ်သည့်စနစ်ဖြစ်ပါသည်။

ချေးငွေရယူလိုသော တောင်သူဦးကြီးများအနေဖြင့် မိမိတို့နှင့်နီးစပ်ရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ခရိုင်/ မြို့နယ်ဘဏ်ခွဲများနှင့်ဆက်သွယ်၍ ချေးငွေအတွက် တင်သွင်းရမည့်အာမခံနှင့် ချေးငွေဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များကို စုံစမ်းမေးမြန်းပြီး ချေးငွေလျှောက်ထားရယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ချေးငွေနှင့်စပ်လျဉ်း၍ သိရှိလိုပါက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်) ၏ လိပ်စာ၊ အမှတ် ၂၆/၄၂၊ ပန်းဆိုးတန်းလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့၊ ဖုန်း – ၀၁–၈၃၉၁၂၃၅ သို့လည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

# (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပြည်ထဲရေးဝန်ကြီးဌာနမှ အောင်ပွဲရ အားကစားသမားများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပွဲကျင်းပ






နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပြည်ထဲရေးဝန်ကြီးဌာနမှ အောင်ပွဲရ အားကစား သမားများအား ဂုဏ်ပြု မှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇွန် ၄**

ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပခဲ့သော (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် ပြည်ထဲရေးဝန်ကြီးဌာနမှ အားကစားသမားများနှင့် နည်းပြများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၈)ရှိ အရိန္ဒမာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ဒုတိယဝန်ကြီးများ၊ တပ်ဖွဲ့/ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ အရာရှိကြီးများ၊ ဆုရအားကစားသမားများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ၊ နည်းပြများ၊ အုပ်ချုပ်သူများ၊ ဒိုင်လူကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် အားကစား မြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခြင်းဖြစ်သည် ဆိုသည့် ယုံကြည်ချက်၊ ခံယူချက်ဖြင့် အမျိုးသားအားကစားမြှင့်တင်ရေးကို အလေးထား ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် နောင်လာမည့် ပြည်တွင်း/ပြည်ပပြိုင်ပွဲများတွင် ပြည်ထဲရေးဝန်ကြီးဌာန ကိုယ်စားပြုပြီး ရွှေတံဆိပ်ဆုများ ယခုထက် ပိုမိုဆွတ်ခူးနိုင်သည့် နိုင်ငံ့ဂုဏ်ဆောင်၊ ပြည်ထဲရေးဝန်ကြီးဌာနဂုဏ်ဆောင် အားကစားသမားများဖြစ်အောင် အစွမ်းကုန်ကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

**ကိုးမျိုး ဝင်ရောက်ယှဉ်ပြိုင်**

အဆိုပါ (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနကိုယ်စားပြု အားကစားသမား ၃၆ ဦး၊ နည်းပြများ၊ အုပ်ချုပ်သူများနှင့် ဒိုင်လူကြီးများ အပါအဝင် စုစုပေါင်း ၄၉ ဦးတို့မှ အားကစားနည်း ကိုးမျိုးကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပိုက်ကျော်ခြင်း၊ ဗိုဗီနမ်၊ တိုက်ကွမ်ဒို၊ အမျိုးသမီးဘောလုံး၊ စစ်တုရင်၊ လက်ဝှေ့နှင့် ပြေးခုန်ပစ် အားကစားနည်း ခုနစ်မျိုးတွင် အားကစားသမား ၁၈ ဦးက ရွှေတံဆိပ် ခုနစ်ဆု၊ ငွေတံဆိပ် ခုနစ်ဆု၊ ကြေးတံဆိပ် ကိုးဆု စုစုပေါင်း ဆုတံဆိပ် ၂၃ ဆု ရယူပေးနိုင်ခဲ့သည်။

**ဂုဏ်ပြုဆုငွေများပေးအပ်**

ထို့နောက် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် ဆုရအားကစားသမားများ၊ နည်းပြများနှင့် အုပ်ချုပ်သူများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က ပိုက်ကျော်ခြင်း၊ ဗိုဗီနမ်၊ တိုက်ကွမ်ဒိုပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရရှိခဲ့ကြသည့် အားကစားသမား ခုနစ်ဦးနှင့် ဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့သော အမျိုးသမီးဘောလုံးအသင်းမှ အားကစားသမား ငါးဦး အားလည်းကောင်း၊ ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက်က ပိုက်ကျော်ခြင်း၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲများတွင် ငွေတံဆိပ်ဆုရရှိခဲ့ကြသည့် အားကစားသမား ခုနစ်ဦးအားလည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးက ဗိုဗီနမ်၊ စစ်တုရင်၊ လက်ဝှေ့၊ ပြေးခုန်ပစ်၊ တိုက်ကွမ်ဒိုပြိုင်ပွဲများတွင် ကြေးတံဆိပ်ဆုရရှိခဲ့ကြသည့် အားကစားသမား ခုနစ်ဦးအား လည်းကောင်း၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သန်းက ပြိုင်ပွဲဝင်အားကစားသမားများ၊ နည်းပြများ၊ အုပ်ချုပ်သူများနှင့် ဒိုင်လူကြီးတို့ကို လည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့သည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ယင်းနောက် ပြိုင်ပွဲဝင် အားကစားသမားတစ်ဦးက ပြိုင်ပွဲအတွေ့အကြုံများနှင့် ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် အဖွဲ့ဝင်များသည် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင်၊ ပြည်ထဲရေးဝန်ကြီးဌာနဂုဏ်ဆောင်အားကစားသမားများနှင့် နည်းပြများအား ဂုဏ်ပြု လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတီးဝိုင်းအဖွဲ့က ဂုဏ်ပြုတေးသီချင်းများနှင့် ဖျော်ဖြေခဲ့ကြပြီး နိုင်ငံ့ဂုဏ်ဆောင်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ဂုဏ်ဆောင် အားကစားသမားများနှင့် နည်းပြများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင် စည်ပင်သာယာရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၄**

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင်သည် နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင်၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီမှ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ပုဗ္ဗသီရိ အမှိုက်ကွင်း(၁)၊ ဇမ္ဗူသီရိမြို့နယ် အတွင်းရှိ ဈေးများနှင့် ရပ်ကွက်များတွင် သန့်ရှင်း၊ သာယာ၊ လှပရေး ဆောင်ရွက်ထားရှိမှုကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။ **(အောက်ပုံ)**



နံနက်ပိုင်းတွင် မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ပုဗ္ဗသီရိမြို့နယ် နေပြည်တော် - တပ်ကုန်း အမှတ်(၂) ကားလမ်းဘေး ဖိုးဇောင်းတောင်သစ်တောကြိုးဝိုင်းအတွင်းရှိ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ တာဝန်ယူဆောင်ရွက်သည့် ပုဗ္ဗသီရိ အမှိုက်ကွင်း(၁)သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ပုဗ္ဗသီရိအမှိုက်ကွင်း (၁) တွင် မြို့နယ် ခြောက်မြို့နယ်၊ ဈေး ၂၁ ဈေးနှင့် ဝန်ကြီးဌာနများမှ နေ့စဉ်ထွက်ရှိသည့် အမှိုက်တန်ချိန် ၂၁၀ ခန့် စွန့်ပစ်လျက်ရှိသည့်အခြေအနေ၊ စွန့်ပစ်အမှိုက်များကို အလွှာလိုက် နေ့စဉ် မြေသားဖုံးအုပ်စနစ်ဖြင့် စက်ယန္တရားများ အသုံးပြုကာ ဆောင်ရွက်နေမှု၊ နေပြည်တော်အတွင်းရှိ ဆေးရုံ၊ ဆေးခန်းများမှ ထွက်ရှိသော ဘေးအန္တရာယ်ရှိ စွန့်ပစ်အမှိုက်များကို INCINER I-8 M-250 Medical Incinerator မီးရှို့စက်ဖြင့် နေ့စဉ်မီးရှို့ဆောင်ရွက်နေမှုနှင့် နောက်ဆုံးမြေသားဖုံးအုပ်ခြင်းပြုလုပ်ပြီးသော မြေဧရိယာ နှစ်ဧကပေါ်တွင် အမှိုက်ကျင်းမှ ထွက်ရှိသော ဓာတ်ငွေ့များအား ပိုက်လိုင်းထည့်သွင်း၍ Landfill Gas စွန့်ထုတ်ပြီး အပင်များ ပြန်လည်စိုက်ပျိုးခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြို့တော်ဝန်က အမှိုက်ကျင်းမှ ထွက်ရှိသည့် ရေဆိုးများကြောင့် လူနှင့်သဘာဝပတ်ဝန်းကျင် ဘေးအန္တရာယ်မရှိစေရေး စနစ်တကျ စီမံဆောင်ရွက်ရန်၊ အမှိုက်မီးရှို့စက်ကို ရေရှည်တည်တံ့စေရေး စနစ်တကျ ကိုင်တွယ်အသုံးပြုရန်၊ ပလတ်စတစ်ပစ္စည်းများကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး (Solution to Plastic Pollution) ဆောင်ပုဒ်နှင့်အညီ ကြံဆ ဆောင်ရွက်ထားရှိရန်နှင့် စွန့်ပစ်အမှိုက်များမှ Recycle ပြုလုပ်နိုင်သည့် ပစ္စည်းများကို ခွဲခြား၍ ဝင်ငွေပြန်လည်ရရှိစေရေး ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ အင်ကြင်းဈေး၊ စကားဝါဈေး၊ ဂန္ဓမာဈေး၊ သရဖီဈေးနှင့် ချယ်ရီဈေးများသို့ သွားရောက်စစ်ဆေးကာ ဈေးပတ်ဝန်းကျင် သန့်ရှင်း၊ သာယာ၊ လှပရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်များအတွင်း လှည့်လည်ကြည့်ရှုကာ မြို့တော်အင်္ဂါရပ်နှင့် ညီစေရေး သန့်ရှင်း၊ သာယာ၊ လှပရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုချီးမြှင့်ပွဲ အခမ်းအနား ဇွန် ၉ ရက်တွင် ကျင်းပမည်

နေပြည်တော် ဇွန် ၄

(၂၉) ကြိမ်မြောက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေတစ်သက်တာဆု၊ ပခုက္ကူစာပေဆု၊ ပညာရည်ချွန်ဆု၊ ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆု ဆုရရှိသူများစာရင်းအား မေ ၁၁ ရက်က ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။ အဆိုပါ ဆုရရှိသူများအား ဆုချီးမြှင့်မည့် အခမ်းအနားကို ဇွန် ၉ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော် National Guest House Zone ရှိ Horizon Lake View Resort ၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်တို့က လူထုအခြေပြုဗဟိုဌာန အဆောက်အအုံသစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ပန်းတနော်မြို့နယ် လူထုအခြေပြုဗဟိုဌာနအဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် ဇွန် ၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပန်းတနော်မြို့၌ တည်ဆောက်ပြီးစီးခဲ့သည့် လူထုအခြေပြုဗဟိုဌာန (Community Centre) အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါ အဆောက်အအုံရှေ့၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်း၊ ရေဝတီတိုင်းဒေသ ကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်တို့က လူထုအခြေပြုဗဟို ဌာန အဆောက်အအုံသစ် ဆိုင်းဘုတ်ကို စက်ခလုတ် နှိပ် ဖွင့်လှစ်ပေးကြသည်။

**လှည့်လည်ကြည့်ရှုအားပေး**

ထို့နောက် ဧည့်သည်တော်ကြီးများနှင့် တာဝန် ရှိသူများက ရွှေ့လျားစာကြည့်တိုက်မော်တော်ယာဉ် ကို အမွှေးနံ့သာရည် ပက်ဖျန်းပေးကြပြီး လှည့်လည် ကြည့်ရှုအားပေးကြသည်။ **(အောက်ပုံ)**

ယင်းနောက် လူထုအခြေပြုဗဟိုဌာနအတွင်း ခင်းကျင်းပြသထားရှိသည့် ရေဝတီတိုင်းဒေသကြီး အတွင်းရှိ ထူးချွန်ထင်ရှားသည့်ပုဂ္ဂိုလ်များ၊ အထင် ကရ ဘုရားစေတီပုထိုးများအပါအဝင် သာယာလှပ သော ရှုခင်းနှင့် ရေဝတီတိုင်းဒေသကြီးအတွင်း ထွက်ကုန်များ၊ ရိုးရာယဉ်ကျေးမှု အနုပညာလက်ရာ များ ခင်းကျင်းပြသထားသည့် ပြတိုက်ငယ်ကို လည်းကောင်း၊ ကလေးစာဖတ်ခန်းနှင့် ကလေး ကစားခန်း၊ အနုပညာပြခန်း၊ ပြည်သူ့စာကြည့်တိုက်၊ ကွန်ပျူတာသင်တန်းခန်းမ၊ အားကစားခန်းမ၊ ဆွေးနွေး ပွဲခန်းမနှင့် ဘက်စုံသုံးခန်းမတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးပြီး ပြည်သူ့စာကြည့် တိုက်နှင့် ကလေးစာဖတ်ခန်းတွင် စာပေဖတ်ရှုနေ သည့် စာဖတ်ပရိသတ်များနှင့် ကလေးငယ်များ အား အမှတ်တရ ပုံပြင်စာအုပ်နှင့် လက်ဆောင် ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်း အစီအစဉ်ကို ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က ဤအဆောက် အအုံကြီးနှင့်ပတ်သက်၍ မိမိတို့တွင် တာဝန် ၂ ရပ် ရှိသည်ဟု ခံစားရပါကြောင်း၊ ယင်းတာဝန် ၂ ရပ် မှာ အဆောက်အအုံကြီးအား ထိန်းသိမ်းစောင့်ရှောက် ပေးရမည့် တာဝန်နှင့် ဤအဆောက်အအုံကြီးအား အသုံးပြု၍ မိမိတို့ အနာဂတ်လူငယ်များ ဘက်စုံဖွံ့ဖြိုး တိုးတက်စေရန် ဆောင်ရွက်ပေးရမည့် တာဝန်များ ပင် ဖြစ်ပါကြောင်း၊တစ်နည်းအားဖြင့် လူထုအခြေပြု ဗဟိုဌာန အဆောက်အအုံကြီးအား ဖွင့်လှစ်ပေးရုံ ဖြင့် ကျေနပ်နေ၍မရဘဲ အဆောက်အအုံကြီး ရေရှည် တည်တံ့ခိုင်မြဲရန်နှင့် ကလေးသူငယ်များကို အနာဂတ် သားကောင်းသမီးကောင်းများဖြစ်အောင် ဆောင် ရွက်ရန် မြို့မိမြို့ဖများတွင် တာဝန်ရှိသည်ဟုထင်မြင် ပါကြောင်း။

**ပြုစုပျိုးထောင်နိုင်သည့်နေရာကောင်းတစ်ခု**

ဤအဆောက်အအုံကြီးအား အနာဂတ်ကလေး များ ထူးချွန်ထက်မြက်စေရန် ပြုစုပျိုးထောင်နိုင် သည့် နေရာကောင်းတစ်ခုဟု ခံယူဆောင်ရွက်ကြ ရမည်ဖြစ်ကြောင်း၊ ၎င်းတာဝန်များကို မိမိတို့ အားလုံး ကျေကျေပွန်ပွန် ထမ်းဆောင်ကြရမည်ဖြစ် ကြောင်း၊ အဆောက်အအုံကြီး ဖြစ်ပေါ်လာအောင် စီမံဆောင်ရွက်ပေးသည့် နိုင်ငံတော်အစိုးရ၊ ပြန်ကြား ရေးဝန်ကြီးဌာနနှင့် ရေဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့တို့အား အထူးပင်ကျေးဇူးတင်ရှိပါ ကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းထံ ပြည်သူများအတွက် DVB–T2 Set Top Box အလုံး ၁၀၀ ပေးအပ်စဉ်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင် မောင်အုန်းက ယနေ့ဖွင့်လှစ်သည့် လူထုအခြေပြုဗဟို ဌာန(ပန်းတနော်)အပါအဝင် ဗဟန်း၊ သံတွဲနှင့် နတ်မောက်မြို့တို့၌ လူထုအခြေပြုဗဟိုဌာန အဆောက်အအုံသစ်များကို နိုင်ငံတော်ဘဏ္ဍာငွေဖြင့် လည်းကောင်း၊ မြစ်ကြီးနား၊ လားရှိုးနှင့် တောင်ကြီး မြို့တို့၌ လူထုအခြေပြုဗဟိုဌာန အဆောက်အအုံ သစ်များကို BOT စနစ်ဖြင့်လည်းကောင်း တည် ဆောက်ဖွင့်လှစ်ခဲ့ပါကြောင်း၊ လူထုအခြေပြုဗဟိုဌာန များသည် လူငယ်များ တွေ့ဆုံညှိနှိုင်းတိုင်ပင်ရန် အသင့်တော်ဆုံးနေရာများဖြစ်ပြီး လူငယ် Network ကျယ်ပြန့်လာသည်နှင့်အမျှ စုစည်းညီညွတ်မှုနှင့် စုပေါင်းဆောင်ရွက်မှုအားကောင်း၍ အနာဂတ်တွင် နိုင်ငံကို အကျိုးပြုမည့် လူငယ်ခေါင်းဆောင်များကို မွေးထုတ်ပေးရာနေရာ ဖြစ်လာမည်ဖြစ်ပါကြောင်း။

ပြည်သူများနှင့် လူငယ်များ အသိပညာ၊ ဗဟုသုတ ပြည့်စုံစေရေးအတွက် စရိတ်စက အသက်သာဆုံး၊ အချိန်ကုန်အသက်သာဆုံးနှင့် လက်လှမ်းမီ လွယ်ကူသော ပညာရှာမှီးရာအရပ်သည် စာကြည့်တိုက်ပင်ဖြစ်ပါကြောင်း။

**ဖြည့်ဆည်းဆောင်ရွက်ပေးထား**

ယနေ့ ဖွင့်လှစ်သည့် ပန်းတနော်မြို့ လူထု အခြေပြုဗဟိုဌာနကို ပြန်ကြားရေးဝန်ကြီးဌာနအပြင် ရေဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စေတနာရှင်၊ အလှူရှင်များက ဘက်ပေါင်းစုံမှ တတ်နိုင်သမျှဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးထားပြီးဖြစ်ရာ လူထု အခြေပြုဗဟိုဌာနသည် မြို့အင်္ဂါရပ်နှင့်အညီ အရေး ပါသည့် နေရာ၊ အသိပညာ၊ ဗဟုသုတများ ရှာမှီးရာ နေရာ၊ သတင်းအချက်အလက်များ ရှာဖွေရာနေရာ ဖြစ်လာအောင် ပြည်သူများအနေဖြင့် လာရောက် အသုံးပြုရန် တိုက်တွန်းဖိတ်ခေါ်ပြောကြားလိုပါ ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင် ဝင်းက ရေဝတီတိုင်းဒေသကြီးအတွင်း ဆောင်ရွက် လျက်ရှိသည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး လုပ်ငန်းများ၊ ပညာရေးဆိုင်ရာ လုပ်ငန်းများအား ရှင်းလင်းဆွေးနွေးပြောကြားပြီး ပန်းတနော်မြို့ မြို့မိ မြို့ဖ ဦးတင်စိုးက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီး ဦးမောင် မောင်အုန်းက လူထုအခြေပြုဗဟိုဌာန အဆောက် အအုံတွင် လိုအပ်သော ပရိဘောဂပစ္စည်းများ၊ ကွန်ပျူ တာပစ္စည်းများ ဝယ်ယူရန် ကူညီထောက်ပံ့ပေးသည့် ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင် ဝင်းအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ရေဝတီတိုင်း ဒေသကြီးအတွင်းရှိ ပြည်သူများအတွက် DVB–T2 Set Top Box အလုံး ၁၀၀ကိုလည်းကောင်း၊ အနောက် တောင်တိုင်းစစ်ဌာနချုပ် တပ်နယ်မိသားစု များအတွက် DVB–T2 Set Top Box အလုံး ၁၀၀ ကို အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူး ချုပ် ကြည်ခိုင်အားလည်းကောင်း၊ အလှူငွေနှင့်ပစ္စည်း များ လှူဒါန်းပေးသော အလှူရှင်များကို ဂုဏ်ပြု မှတ်တမ်းလွှာများအားလည်းကောင်း ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင် မောင်ဝင်းက ကရင်တိုင်းရင်းသားဖွံ့ဖြိုးတိုးတက်ရေး နှင့် တက္ကသိုလ်ပညာသင် ထောက်ပံ့ရေးဖောင်ဒေး ရှင်းသို့ အလှူငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးတာဝန်ခံက လက်ခံရယူသည်။

ယခုဖွင့်လှစ်သည့် လူထုအခြေပြုဗဟိုဌာန အဆောက်အအုံသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီလက်ထက်တွင် ပဉ္စမမြောက် ဖွင့်လှစ်နိုင်ခဲ့ သည့် အဆောက်အအုံဖြစ်ပြီး ပြည်သူ့စာကြည့် တိုက်၊ ကွန်ပျူတာသင်တန်းခန်းမ၊ အစည်းအဝေး ခန်းမ၊ အနုပညာခန်းမ၊ ပြတိုက်ငယ်၊ ကလေးစာဖတ် ခန်း၊ ကလေးကစားခန်း၊ အားကစားခန်းမနှင့် ဘက်စုံ သုံးခန်းမများ ပါဝင်ပြီး ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၅၈၂ ဒသမ ၆၀ ဖြင့် တည်ဆောက်ခဲ့သည့် အဆောက်အအုံကြီးဖြစ်ကာ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ အခမဲ့အသုံးပြုနိုင် ကြောင်း သိရသည်။ **သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် မုန်တိုင်းဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး အလှူငွေပေးအပ်ပွဲနှင့် သဘာဝဘေးပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်




**စစ်တွေ ဇွန် ၄**
မုန်တိုင်းဒဏ်သင့် ရခိုင်ပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်မှုများကို အနီးကပ်ကြီးကြပ်ရန် စစ်တွေမြို့၌ ရောက်ရှိနေသည့် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာသက်သက်ခိုင်၊ ဦးအောင်သော်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် မုန်တိုင်းဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း (ရခိုင်ဇုန်) ငပလီဟိုတယ်လုပ်ငန်းရှင်များက အလှူငွေကျပ်သိန်း ၄၀၀ ကို ပေးအပ်လှူဒါန်းရာ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က လက်ခံရယူပြီး**(အပေါ်ယာပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်၍ ပြည်နယ်ဝန်ကြီးချုပ်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့်အဖွဲ့သည် ရေချမ်းပြင်ဆိပ်ကမ်းသို့ရောက်ရှိပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနမှ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအတွက် အသုံးပြုရန် ပေးပို့ထားသည့် ဘက်စုံသုံးထွန်စက်များအနက်မှ ထွန်စက် ၁၄ စီးကို ရသေ့တောင်မြို့နယ်သို့ ပို့ဆောင်ရန် တပ်မတော်ကမ်းထိုးရေယာဉ်များပေါ်သို့ တင်ဆောင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမျိုးသန့်၊ ဒေါက်တာ သက်သက်ခိုင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့နှင့်အတူ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် သဘာဝဘေးပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က အဖွင့်အမှာစကားပြောကြားပြီး **(အောက်ပုံ)** လုပ်ငန်းကော်မတီအလိုက် တာဝန်ရှိသူများနှင့် ဒုတိယဝန်ကြီးများက သဘာဝဘေးပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးမျိုးသန့်၊ ဒေါက်တာသက်သက်ခိုင်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့က လုပ်ငန်းများ လျင်မြန်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရမည့် ကိစ္စရပ်များကို ဖြည့်စွက်ဆွေးနွေးကြသည်။

တင်ပြဆွေးနွေးမှုများနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ပြည်သူများအားဝေငှသည့် အစားအစာများကို သန့်ရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်အောင် ဆောင်ရွက်ရန်၊ လုပ်ငန်းသုံး စက်ပစ္စည်းများ စွမ်းအားပြည့် အသုံးပြုနိုင်ရေး စီမံဆောင်ရွက်သွားရန်၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ ရေယာဉ်/မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်ရာတွင် အပျက်အစီး၊ အလေအလွင့် အနည်းဆုံးဖြစ်အောင် စနစ်တကျ ကြပ်မတ်တင်ဆောင်သွားရန်၊ ထောက်ပံ့မှုများ ဆောင်ရွက်ရာတွင် ဦးစားပေးအုပ်စုများ စာရင်းပြုစု သတ်မှတ်၍ ထောက်ပံ့သွားရန်၊ သဘာဝဘေးဒဏ်ကို အကာအကွယ်ပေးသည့် ဒီရေတောနှင့် အုန်းပင်များ ပြန်လည်စိုက်ပျိုးသွားရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့်အဖွဲ့သည် စစ်တွေမြို့နယ် မုန်စီရွာသွားလမ်းပေါ်ရှိ ယာယီဘေလီသံပေါင်တံတား တည်ဆောက်ပြီးစီးမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မိုခါမုန်တိုင်းဒဏ်ကြောင့် စစ်တွေမြို့ မုန်စီရွာသွားလမ်းပေါ်ရှိ အရှည်ပေ ၂၀ ကွန်ကရစ်တံတား ကမ်းကပ်ခုံကျိုးကျ ပျက်စီးခဲ့သဖြင့် ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှု မရှိစေရန် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရခိုင်ပြည်နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနက ယာယီဘေလီသံပေါင်တံတားကို မေ ၃၀ ရက်တွင် စတင်တည်ဆောက်ခဲ့ရာ ယနေ့တွင် တည်ဆောက်ပြီးစီးပြီဖြစ်သဖြင့် ပုံမှန်အတိုင်း ပြန်လည်သွားလာနိုင်ပြီဖြစ်ကြောင်းနှင့် ကျေးရွာ ငါးရွာမှ ပြည်သူများ၏ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး ကိစ္စရပ်များကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

ယနေ့ညပိုင်းတွင် မြန်မာနိုင်ငံရုပ်ရှင်၊ သဘင်၊ ဂီတ အစည်းအရုံးတို့မှ အနုပညာရှင်များက ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများ စိတ်အပန်းပြေစေရန် စစ်တွေကမ်းခြေ၌ တေးသီချင်းများဖြင့် လာရောက်ဖျော်ဖြေကြရာ ဒေသခံပရိသတ်များ၊ ကမ်းခြေ၌ လာရောက်အပန်းဖြေ အနားယူကြသူများဖြင့် အထူးစည်းကားလျက်ရှိကြောင်း တွေ့ရှိရသည်။





မိုခါမုန်တိုင်းအလွန် ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူလူထုအား အထူးကုဆေးအဖွဲ့များနှင့် အရေးပေါ်တုံ့ပြန်ရေးဆေးအဖွဲ့များ စေလွှတ်၍ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိရာ မေ ၁၆ ရက်မှ ဇွန် ၃ ရက်အထိ ပြည်သူ့ဆေးရုံကြီးများ၌ ပြင်ပလူနာ ၁၀၆၁၀၊ အတွင်းလူနာ ၂၀၂၀၉ ဦးနှင့် ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲများတွင် ပြသသည့် လူနာ ၅၁၃၃၇ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ပြီး ရေသန့်ဆေးခတ်ခြင်း ၃၉၈၅ ကြိမ်နှင့် ကျန်းမာရေးအသိပညာပေးခြင်း ၆၁၇၆ ကြိမ်တို့ကို ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် အထူးကုဆေးအဖွဲ့များ စေလွှတ်၍ ကွင်းဆင်းကုသပေးခဲ့သည့် လူနာဦးရေမှာ ရသေ့တောင်မြို့နယ်၌ ၁၉၁ ဦး၊ ကြို့တဲ(စစ်တွေ)ကျေးရွာ၌ ၃၉၄ ဦး၊ မင်းဂံ(စစ်တွေ)ရပ်ကွက်၌ ၂၉၄ ဦး၊ သက္ကယ်ပြင်ကျေးရွာ၌ ၅၈ ဦး၊ မင်းပြားမြို့နယ်၌ ၁၁၅၀၊ ကျောက်တော်မြို့နယ်၌ ၉၆၁ ဦး၊ ပုဏ္ဏားကျွန်းမြို့နယ်၌ ၂၇၅ ဦး၊ ပေါက်တောမြို့နယ်၌ ၃၇၁ ဦး၊ မာန်အောင်မြို့နယ်၌ ၈၄၈ ဦး၊ ဘူးသီးတောင်မြို့နယ်၌ ၁၉၀နှင့် မောင်တောမြို့နယ်၌ ၅၃၃ ဦး စုစုပေါင်း ၅၂၆၅ ဦး ဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းဒဏ်ကြောင့် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ထိန်းသိမ်းထားရှိသည့် ရေငန်တားတာ ၃၂ ခု အနက် ခြံပြင်တာ (မောင်တော)၊ ကုလားပုန်းကျွန်းပတ်တာ (မြောက်ဦး)၊ ငမန်းရဲကျွန်းတာ အပိုင်း (၁) နှင့် အပိုင်း (၂) (မြေပုံ) တို့မှာ ကျိုးပေါက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သဖြင့် အဆိုပါ ရေငန်တားတာ လေးခုကို စိုက်ပျိုးရာသီမတိုင်မီ ပြီးစီးရေးအတွက် စက်ယန္တရားများ အသုံးပြုကာ မေ ၂၁ရက်မှ စတင်၍ ပြုပြင်ဆောင်ရွက်ခဲ့ရာ ဇွန် ၂ ရက်တွင် လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်းနှင့် အဆိုပါ ရေငန်တားတာများ ကျိုးပေါက်မှုကို စိုက်ပျိုးရာသီမတိုင်မီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ယင်းတာများ၏ ရေဘေးကာကွယ် ဧရိယာ ၁၇၇၀၆ ဧကအတွင်း စိုက်ပျိုးရန်လျာထားသည့် မိုးစပါးဧကနှင့် အခြားသီးနှံများ အောင်မြင်စွာ စိုက်ပျိုးနိုင်မည်ဖြစ်ပြီး ဒေသခံတောင်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ရေးကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# မဲခေါင်-လန်ချန်းနိုင်ငံများအကြား ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ စံပြကျေးရွာထူထောင်ခြင်းစီမံကိန်း အခြေခံစက်ချုပ်သင်တန်း(၁/၂၀၂၃)နှင့် မီးဖိုချောင်သီးနှံများ သဘာဝမြေဩဇာအသုံးပြု၍ ဖန်လုံအိမ်စနစ်ဖြင့် စိုက်ပျိုးနည်းသင်တန်းဖွင့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်



ပဲခူး ဇွန် ၄

ပဲခူးမြို့နယ် ရွာသစ်ကျေးရွာ၌ ဇွန် ၄ ရက် နံနက်ပိုင်းက မဲခေါင်-လန်ချန်းနိုင်ငံများအကြား ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ စံပြကျေးရွာထူထောင်ခြင်းစီမံကိန်း အခြေခံစက်ချုပ်သင်တန်း(၁/၂၀၂၃)နှင့် မီးဖိုချောင်သီးနှံများ သဘာဝမြေဩဇာအသုံးပြု၍ ဖန်လုံအိမ်စနစ်ဖြင့် စိုက်ပျိုးနည်းသင်တန်းဖွင့် အခမ်းအနားကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ချီးမြှင့်သည်။ **(ယာပုံ)**

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပြည်သူများ၏ လူမှုစီးပွားဘဝ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေး၊ မြို့ပြနှင့် ကျေးလက်ဒေသများအကြား ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရေး မြန်ဆန်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လူမှုစီးပွားနယ်ပယ် အသီးသီးဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူဗဟိုပြု၍ အားလုံးပါဝင်နိုင်သော ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေးအတွက် ဒေသန္တရစီမံကိန်းများရေးဆွဲထားရှိပြီးဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေး ရည်ရွယ်၍ အခြေခံစက်ချုပ်သင်တန်းနှင့် မီးဖိုချောင်သီးနှံများ သဘာဝမြေဩဇာအသုံးပြု၍ ဖန်လုံအိမ်စနစ်ဖြင့် စိုက်ပျိုးနည်းသင်တန်းဖွင့်လှစ်ပေးခြင်းအပေါ် စိတ်ပါဝင်စားစွာ သိရှိနားလည်အောင် သင်ကြားကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အခြေခံစက်ချုပ်သင်တန်း (၁/၂၀၂၃) အတွက် သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မီးဖိုချောင်သီးနှံများ သဘာဝမြေဩဇာအသုံးပြု၍ ဖန်လုံအိမ်စနစ်ဖြင့် စိုက်ပျိုးနည်းသရုပ်ပြသမှုနှင့် အခြေခံစက်ချုပ်သင်တန်း သင်ကြားနေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးပြီး ဈေးကွက်ဝင်စားဖိုချောင်သီးနှံများ တစ်ပိုင်တစ်နိုင်မှ အစုအဖွဲ့စနစ်ဖြင့် စီးပွားဖြစ် စိုက်ပျိုးနိုင်ရေး၊ ဓာတုကင်းလွတ်သဘာဝမြေဩဇာများ တွင်တွင်ကျယ်ကျယ် သုံးစွဲနိုင်ရေး၊ အော်ဂဲနစ်သီးနှံစိုက်ခင်းများ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနိုင်ရေးနှင့် ဈေးကွက်ရရှိရေး ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒိုက်ဦးမြို့နယ် ပေါက်တပင်မျိုးသန့်ခြံသို့ရောက်ရှိပြီး စိုက်ပျိုးရေးတာဝန်ခံက ရွှေနံ့သာပေါ်ဆန်း(၂)၊ ခေါင်နံ့စိုက်ခင်း စိုက်ပျိုးအောင်မြင်နေမှုအခြေအနေနှင့် ရေအနည်းလိုစပါး YAR-14 စိုက်ပျိုးအောင်မြင်နေမှု အခြေအနေများအား လိုက်လံရှင်းလင်းတင်ပြခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မိုးရေချိန်နည်းနှင့်ဒေသများတွင် ရေအနည်းလို စပါးမျိုးများ လုံလုံလောက်လောက် ဖြန့်ဖြူးပေးရန်နှင့် နည်းပညာပေးရန်၊ တိုင်းဒေသကြီးအတွင်း စပါးမျိုးကွဲများ များပြားမှုမရှိစေရေးနှင့် ပြည်ပဈေးကွက်ရှိပြီး သက်တမ်းတိုအထွက်တိုး မျိုးစပါးများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်နှင့် တောင်သူများအား စိုက်ပျိုးရေးအပြင် မိသားစုဝင်ငွေ တိုးတက်စေရေး ဒေသကြက်မွေးမြူရေးကိုလည်း တွဲဖက်ဆောင်ရွက်စေရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ ပဲခူးမြို့ သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ်ကျောင်းတိုက်သို့ သွားရောက်၍ ဦးစီးပဓာနနာယကဘဒ္ဒန္တသိရိန္ဒ မဟာထေရ်ဆရာတော်ကြီးအား ဖူးမြော်ကန်တော့ပြီး နိုင်ငံတော်အစိုးရမှ ဆက်ကပ်လှူဒါန်းသည့် အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်အား ထပ်ဆင့်၍ အဘိဓဇဂုရုဂုဏပူဇာပွဲကျင်းပနိုင်ရေးအတွက် အလှူငွေကျပ်သိန်း ၂၀ နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၃၇၉၀ ဖြစ်

နေပြည်တော် ဇွန် ၄

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိပါသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၃ ခုနှစ် ဇွန် ၅ ရက်မှ ၁၁ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၃၇၉၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားပါသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

◆ *ရှေ့ဖုံးမှ*

ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ ခန့်အထိ တိုက်ခတ်နိုင်သည်ဟု ခန့်မှန်းရသည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

အဆိုပါဖြစ်ပေါ်လာနိုင်သည့် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနေထိုင်ကြရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## ရွှေတောင်မြို့၌ စက်မှု၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးသင်တန်းကျောင်း ဖွင့်လှစ်သင်ကြားနေမှု ကြည့်ရှုအားပေး



ရွှေတောင် ဇွန် ၄

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် အ-ထ-က ရွှေတောင်ကျောင်းဝင်းအတွင်းရှိ စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး သင်တန်းကျောင်းရှိ ကျောင်းသားကျောင်းသူများအား ဇွန် ၂ ရက် နံနက်ပိုင်းတွင် ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (ပြည်) ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ်အောင်နိုင်ဦးနှင့်အဖွဲ့က စိုက်ပျိုးရေးနှင့် မွေးမြူရေး သင်တန်းကျောင်း ကျောင်းသား ကျောင်းသူများအား ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးသည်။ **(ယာပုံ)**

ရှေးဦးစွာ ဒေသကွပ်ကဲမှု စစ်ဌာနချုပ် (ပြည်) ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ် အောင်နိုင်ဦးနှင့် အဖွဲ့ဝင်များ၊ တိုင်းခွဲပညာရေးမှူး၊ တိုင်းခွဲစိုက်ပျိုးရေးဦးစီးမှူးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ စိုက်ပျိုးရေးနှင့် မွေးမြူရေး သင်တန်းကျောင်းမှ စိုက်ပျိုးရေးဘာသာရပ် ကျောင်းသား ကျောင်းသူ ၃၀၊ မွေးမြူရေးဘာသာရပ် ကျောင်းသား ကျောင်းသူ ၃၀ တို့၏ ပညာသင်ကြားနေမှု အခြေအနေများကို ကြည့်ရှုအားပေးပြီး ကြက်ဥနှင့် လက်ဖက်ရည်ထုပ်များထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ ကြည့်ရှုစစ်ဆေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့် အဖွဲ့ဝင်များသည် ကျောင်းသားကျောင်းသူများ၏ ကျောင်းတက်ရောက်သင်ကြားနေမှုအခြေအနေ၊ ဆရာ ဆရာမများ၏ သင်ကြားမှုဆိုင်ရာအခြေအနေနှင့် လုပ်ငန်းဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းတင်ပြခဲ့ရာဒေသကွပ်ကဲမှုစစ်ဌာနချုပ် (ပြည်)ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ် အောင်နိုင်ဦးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**ကိုကိုမင်း (ပြန်/ဆက်)**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

○ *ရှေ့ဖုံးမှ*

ဆေးကုသရေးအဖွဲ့များနှင့်အတူ ပူးပေါင်း၍ စံပြရပ်ကွက်၌ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ဂူဝကျောင်းတိုက်၌ ကျောင်းဆောင် ပြိုကျနေသဖြင့် ပြန်လည် တည်ဆောက်နိုင်ရေး လိုအပ်သော ဖယ်ရှားရှင်းလင်းပေးခြင်းနှင့် အမှိုက်များ ရှင်းလင်းပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် မုန်တိုင်းသင့်ကျေးရွာများမှ ဒေသခံပြည်သူများအား စားသောက်ရေး အဆင်ပြေစေရန် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်လျက်ရှိသည်။ ထို့အတူ ကျောက်ဖြူမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် ဆေးကုသရေးအဖွဲ့များနှင့်အတူ ပူးပေါင်း၍ ကျောက်ဖြူမြို့နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ အလားတူ ကျောက်တော်မြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ဒေသခံပြည်သူများနှင့် စိုက်ပျိုးရေးသိပ္ပံကျောင်း (ကျောက်တော်)ရှိ ကျောင်းသားကျောင်းသူများအား သောက်သုံးရေ ဖြန့်ဝေပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



ထို့ပြင် တပ်မတော်အကြီးအကဲ၏ လမ်းညွှန်မှုများအရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်မှ ဆေးတပ်ဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသည့် အထူးဆေးကုသရေးအဖွဲ့သည် စစ်တွေမြို့ နယ်မြေခံဆေးတပ်ရင်း၌ အခြေပြု၍ နယ်မြေခံကျန်းမာရေးအဖွဲ့များနှင့် ပူးပေါင်းကာ ဒေသခံပြည်သူမျာအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (ဝဲပုံ)

**သတင်းစဉ်**

❑ *ရှေ့ဖုံးမှ*

လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွပ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သား အာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့်စားသောက်ကုန်ပစ္စည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးခဲ့ရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက တစ်ခဲနက် ဝယ်ယူခဲ့ကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင် ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံရာသီတွင် ဆီထွက်သီးနှံစုံ ၈၂၀၁ ဧက လျာထားစိုက်ပျိုးမည်

**ပွင့်ဖြူ ဇွန် ၄**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ၂၀၂၃-၂၀၂၄ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်း စားသုံးဆီဖူလုံပိုလျှံစေရေးအတွက် မြေပဲ၊ နှမ်း၊ နေကြာ ဆီထွက်သီးနှံစုံဧက ၈၂၀၁ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက မဲဇလီရေလွှဲဆည်ရေကို အမှီပြုပြီး သီးနှံဝင်ငွေတိုးပွားစေရန်နှင့် ဒေသတွင်း စားသုံးဆီဖူလုံပိုလျှံစေရေးအတွက် ဆီထွက်သီးနှံဧက ၈၂၀၁ ဧက စိုက်ပျိုးရန် လျာထားရှိပြီး မြေပဲသီးနှံ ၆၃၂ ဧက၊ နှမ်းသီးနှံ ၆၆၈၅ ဧကနှင့် နေကြာသီးနှံ ၈၈၄ ဧက အကောင်အထည်ဖော် စိုက်ပျိုးဆောင်ရွက်မည်ဖြစ်ပြီး မေလအတွင်းက ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) အရှိန်ကြောင့် ရွာသွန်းခဲ့သည့်မိုးဖြင့် စိုက်ပျိုးခဲ့ရာ ယနေ့အထိ ဆီထွက်သီးနှံစုံဧက ၄၁၄၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"အခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ တောင်သူတွေ သီးနှံဝင်ငွေတိုးပွားစေဖို့နဲ့ ဒေသတွင်း စားသုံးဆီဖူလုံ ပိုလျှံစေဖို့အတွက် ရည်ရွယ်ပြီး မြေပဲ၊ နှမ်း၊ နေကြာ စတဲ့ဆီထွက်သီးနှံစုံ ၈၂၀၁ ဧက လျာထားစိုက်ပျိုးမှာဖြစ်ပါတယ်။ စိုက်ဧကအနေနဲ့ကတော့ မြေပဲသီးနှံ ၆၃၂ ဧက၊ နှမ်းသီးနှံ ၆၆၈၅ ဧကနဲ့ နေကြာသီးနှံ ၈၈၄ ဧက စုစုပေါင်း ဆီထွက်သီးနှံ ၈၂၀၁ ဧက စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ မေလအတွင်းက မိုခါမုန်တိုင်းအရှိန်နဲ့ ရွာသွန်းခဲ့တဲ့မိုးနဲ့ တောင်သူတွေ ဆီထွက်သီးနှံစုံ စိုက်ပျိုးပြီးစီးတဲ့ဧကအနေနဲ့ ယနေ့အထိ မြေပဲသီးနှံ ၂၈၄ ဧက၊ နှမ်းသီးနှံ ၃၈၄၂ ဧက၊ နေကြာသီးနှံ ဧက ၂၀ စုစုပေါင်း ၄၁၄၆ ဧက စိုက်ပျိုးပြီးစီးသွားပြီ ဖြစ်ပါတယ်။ အခုလက်ရှိမှာ သက်ဆိုင်ရာနယ်မြေအလိုက် တာဝန်ခံကွင်းဝန်ထမ်းတွေက လျာထားစိုက်ဧက ပြည့်မီရေး၊ သီးနှံအထွက်နှုန်း တိုးပွားစေရေးအတွက် ဒေသခံတောင်သူတွေကို တောင်သူအသိပညာပေး လုပ်ငန်းတွေ ကွင်းဆင်းဆောင်ရွက်နေပါတယ်"ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် စိုက်ပျိုးရေ အဆင်ပြေမှုကြောင့် နှစ်စဉ် နွေ၊ မိုး၊ ဆောင်း တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးလုပ်ငန်းကို အားထားလုပ်ကိုင်ကြကြောင်း သိရပြီး ထိုသို့ သီးနှံများ စိုက်ပျိုးရာတွင် သီးနှံဝင်ငွေတိုးပွားစေရန်နှင့် စားနပ်ရိက္ခာဖူလုံစေရေးအတွက် ဈေးကွက်ရှိသည့် မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း စသည့်ဆီထွက်သီးနှံများကို အားထားစိုက်ပျိုးကြကြောင်း သိရသည်။ ထို့ပြင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ရာသီအလိုက် သီးနှံများစိုက်ပျိုးရာတွင် တောင်သူတစ်ဦးချင်းအလိုက် တစ်ဧက သီးနှံအထွက်နှုန်း တိုးတက်ကောင်းမွန်စေရေးအတွက် လိုအပ်သည့် စိုက်ပျိုးရေးဆိုင်ရာ နည်းစနစ်များကို တွန်းအားပေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**



# စလင်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ရန်ကုန်မြို့ မြန်မာနိုင်ငံကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်းမှ ထောက်ပံ့

**စလင်း ဇွန် ၄**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဆင်ဖြူကျွန်းမြို့ မဟာဝိသုတာရာမတောင် စာသင်တိုက်၌ မင်းဘူးခရိုင်အတွင်းရှိ မြို့များတွင် မိုခါမုန်တိုင်းကြောင့် ရေဘေးသင့်အိမ်ထောင်စု စလင်းမြို့နယ်မှ အိမ်ထောင်စု ၉၀၊ ပွင့်ဖြူမြို့နယ်မှ အိမ်ထောင်စု နှစ်စု၊ မင်းဘူးမြို့နယ်မှ အိမ်ထောင်စု ခြောက်စုတို့ကို ရန်ကုန်မြို့ ကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်းမှ ယမန်နေ့က ထောက်ပံ့ငွေများ ပေးအပ်သည်။

အဆိုပါထောက်ပံ့ပေးအပ်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးနေလင်းနိုင်နှင့်အဖွဲ့ဝင်များ၊ ဆင်ဖြူကျွန်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စာရေးဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများနှင့် ရန်ကုန်မြို့ မြန်မာနိုင်ငံ ကုန်သေတ္တာတင်မော်တော်ယာဉ်များအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးမင်းနိုင်ထွန်းနှင့်အဖွဲ့ဝင်များက ရေဘေးသင့်ပြည်သူများ တက်ရောက်ကြသည်။

ထို့နောက် မဟာဝိသုတာရာမပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံမှ သြဝါဒတရားတော်များနာယူခြင်းနှင့် ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ စလင်းမြို့နယ်မှ အိမ်ထောင်စု ၉၀၊ ပွင့်ဖြူမြို့နယ်မှ အိမ်ထောင်စု နှစ်စု၊ မင်းဘူးမြို့နယ်မှ အိမ်ထောင်စု ခြောက်စုတို့အတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် အိမ်ထောင်စု ၉၈ စုတို့အတွက် ငွေကျပ် ၉၈ သိန်းတို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် ဇွန် ၄**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာအနှံ့အပြား စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **မိုး/ဇလ**

# ပူတာအိုမြို့၌ ၂၀၂၃ ခုနှစ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ပူတာအို ဇွန် ၄**

ကချင်ပြည်နယ် ပူတာအိုမြို့နယ်၏ ၂၀၂၃ ခုနှစ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲတော်ကို ယမန်နေ့က ဒုတ္ထန်ရပ်ကွက်ရှိ အစိုးရစက်မှုလက်မှုသိပ္ပံ(ပူတာအို)ကျောင်းဝင်း၌ ကျင်းပသည်။ (ယာပုံ)

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခေါင်လန်ဒီးနှင့် အဖွဲ့ဝင်များ၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးသန်းထွေး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ကျော်လွင်နှင့် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးစောဖန်းအောင်တို့က ဒေသခံပြည်သူများအား ပျိုးပင်များ ဖြန့်ဝေပေးအပ်သည်။

ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြည်သူများက စုပေါင်းစိုက်ပျိုးခဲ့ကြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတော်တွင် ရေပိတုန်းပင် ၂၅၀၊ သစ်အယ်ပင် ၂၅၀ တို့ကို ပူတာအိုမြို့ အစိုးရစက်မှုလက်မှုသိပ္ပံ (ပူတာအို) ကျောင်းဝင်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် စုပေါင်းစိုက်ပျိုးပေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# မိုခါမုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ရန်ပုံငွေပဒေသာကပွဲ နှုတ်ဆက်ပွဲကျင်းပ စည်ကားသိုက်မြိုက်စွာ ကြည့်ရှုအားပေး

**ရန်ကုန် ဇွန် ၄**

မိုခါမုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ရန်ပုံငွေပဒေသာကပွဲ နောက်ဆုံးနှုတ်ဆက်ပွဲကို ယနေ့တွင် ဆက်လက်ဖျော်ဖြေတင်ဆက်ခဲ့ရာ စည်ကားသိုက်မြိုက်စွာဖြင့် ကြည့်ရှုအားပေးကြသည်။

အဆိုပါ ရန်ပုံငွေပဒေသာဖျော်ဖြေပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်ခိုင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံရုပ်ရှင်၊ ဂီတ၊ သဘင်အစည်းအရုံးမှ နာယကများနှင့် ဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့်ပြည်သူများ တက်ရောက်ကြည့်ရှု အားပေးကြသည်။ **(ယာပုံ)**

ဖျော်ဖြေမှုစတင်ချိန်တွင် မြန်မာ့ဆိုင်းဝိုင်းနှင့် ခေတ်ပေါ်သံစဉ်တို့ဖြင့် စတင်ဖွင့်လှစ်၍ ရခိုင်စည်တော်နှင့် မြန်မာနိုင်ငံသဘင်အစည်းအရုံးမှ အပျိုတော်လမိုင်းအကတို့ဖြင့် ဖျော်ဖြေကြပြီး ရုပ်ရှင်၊ ဂီတ၊ သဘင်အနုပညာရှင်များဖြစ်ကြသည့် ရန်အောင်၊ ရဲအောင်၊ နေထက်လင်း၊ ကျော်ကျော်၊ ဘုန်းလျှံ၊ မေသန်းနု၊ မေသဥ္ဇာဦး၊ ခိုင်နှင်းဝေ၊ ဆောင်းအိန္ဒြေထွန်း၊ ဆုမြတ်နိုးဦး၊ ဟံ့ဇိန်း၊ ဘွန်း၊ ဩရသ၊ ရဲရဲ၊ အောင်ဇမ္ဗူ၊ ဝေလင်းထက်၊ တခိုင်လုံး ရွှေအေးအေးမြင့်၊ ချယ်ရီသင်း၊ ငြိမ်းချမ်းခိုင်၊ ရေကြည်ချမ်းမြ၊ ချမ်းချမ်းမိုး၊ မေမြတ်နိုးခင်၊ နိုဘယ်လှိုင်၊ မြင့်မိုရ်သွန်းခ၊ ထက်ထက်စိုးစံ၊ နှင်းထက်ရွှေရည်၊ စိုးယုနန္ဒာ၊ ဖြိုးသဇင်၊ အောင်ကိုကို၊ ချစ်ကိုကို၊ မျိုးခန့်မောင်မောင်၊ အောင်စံထူးနှင့် မြတ်မင်းခေါင်တို့က အဖွင့်ပမာဏတေးအဖြစ် မြူးကြွသွက်လက်သည့် မင်းဗိုလ်၊ ဝေလင်းထက်၊ ဆန်းနေအောင်၊ ငြိမ်းချမ်းခိုင်၊ ရေကြည်ချမ်းမြ၊ ချမ်းချမ်းမိုး၊ သဥ္ဇာရဲဝင်း၊ နိုဘယ်လှိုင်၊ မေမြတ်နိုးခင်၊ သဒ္ဒါသိမ့်နှင့် မြနှင်းဆီတို့က "ခမ်းနားလှပသသဘင့်မြိုင်ထ" အစီအစဉ်ဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံသဘင်အစည်းအရုံးမှ အာဇာနည်စန်းစန်းအဖွဲ့က ဆပ်ကပ်ဖျော်ဖြေမှုဖြင့် လည်းကောင်း၊ နေတိုး၊ ကျော်ကျော်ဗိုလ်၊ ရဲလေး၊ အောင်ရေချမ်း၊ အေးမြဖြူနှင့် Life @ Dance, RVC Dance Group တို့က "ပြန်လည်နိုးထကြပါစို့" တေးအော်ပရာဖြင့်လည်းကောင်း၊ စိုးသူ၊ သာထက်နှင့် ဆောင်းအိန္ဒြေထွန်းတို့က ရုပ်ရှင်ဇာတ်ဝင်တေးများဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ တေးဆို စိမ်းလဲ့လဲ့နှင့်အတူ သံစဉ်များဖြင့် ဖျော်ဖြေကြသည်။

ထို့နောက် ရုပ်ရှင်သရုပ်ဆောင်အနုပညာရှင်များက မိုးခါမုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် အလှူငွေများလှူဒါန်းကြပြီး ပြေတီဦး၊ အိန္ဒြာကျော်ဇင်၊ ရန်အောင်၊ ရဲအောင်၊ နေထက်လင်း၊ မေသန်းနု၊ မေသဥ္ဇာဦး၊ ခိုင်နှင်းဝေနှင့် အနုပညာရှင်များက အလှူရှင်ပရိသတ်တို့၏ စေတနာတရားထက်သန်စွာ လက်ရောက်လှူဒါန်းမှုကို လက်ခံကုသိုလ်ယူကြသည်။

ယင်းနောက် မြန်မာနိုင်ငံဂီတအစည်းအရုံးမှ စိမ့်နေခြည်၊ သွန်းနှင့် သဟာအောင်တို့က တေးသံသာများဖြင့်လည်းကောင်း၊ ဟာသပညာရှင်များ အစည်းအရုံးမှ ဟာသပညာရှင်များက ဟာသဖျော်ဖြေမှုဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံသဘင်အစည်းအရုံးမှ ဘွန်း၊ ဩရအောင်၊ အောင်ဇမ္ဗူ၊ ရဲရဲ၊ သူရဝင်းထွန်း၊ ဘုန်းလျှံ၊ အာရိယန်နှင့် ဟီလာရီစိုးတို့က ပတ္တမြားဒေဝီစောမဲကြည်အော်ပရာဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံးမှ အိမ့်ချစ်၊ အိုင်ရင်းဇင်မာမြင့်နှင့် ရဲလေးတို့က တေးသံသာများဖြင့်လည်းကောင်း၊ စွမ်းဇာနည်၊ ဝင်းနောင်နှင့် ဖံဟိန်းတို့က သဘင်တေးသံသာများဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြပြီး ရန်ပုံငွေပဒေသာကပွဲကြီး၏ နှုတ်ဆက်ပွဲနောက်ဆုံး အစီအစဉ်ဖြစ်သည့် မြန်မာနိုင်ငံသဘင်အစည်းအရုံးမှ ရွှေမန်းချမ်းသာ၊ တင်မောင်ဆန်းမင်းဝင်းနှင့် သဘင်အနုပညာရှင်များပူးပေါင်း၍ "စွမ်းအားမြင့်မား သဘင်နှစ်ပါးသွား" အစီအစဉ်များဖြင့် အားပါးတရ ကပြဖျော်ဖြေတင်ဆက်ကြသည်။

မိုခါမုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ရန်ပုံငွေပဒေသာကပွဲကြီးကို ရုပ်ရှင်၊ ဂီတ၊ သဘင်အနုပညာလောကသားများစုပေါင်း၍ ဇွန် ၂ ရက်မှ ၄ ရက် အထိ ဖျော်ဖြေတင်ဆက်ခဲ့ခြင်းဖြစ်ပြီး မိုခါမုန်တိုင်းဒဏ်သင့်ပြည်သူများကို ကူညီပံ့ပိုးကြရန် ရည်ရွယ်ချက်ဖြင့် ဤပဒေသာကပွဲကြီးကို စီစဉ်ကပြခဲ့ခြင်းဖြစ်ရာ ကူညီပံ့ပိုးကြရာ၌ လိုအပ်သောငွေကြေးပစ္စည်းများအပြင် အနုပညာလောကသားတို့၏ ဖြူစင်သောမေတ္တာ၊ သန့်ရှင်းသောစေတနာကို ပြသနိုင်ခဲ့သည့်အပြင် မုန်တိုင်းဒဏ်သင့် ပြည်သူများ၏ စိတ်ခံစားမှုများကို မြှင့်တင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်၊ ဓာတ်ပုံ – ဇော်မင်းလတ်**







## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code "1111" ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**"အဂတိလိုက်စားမှုတားဆီးဖို့ "1111" ကို ဖြေကြားစို့"**
**"ဝန်ဆောင်မှုများ ကောင်းစေရေး "1111" ကို ဖြေကြားပေး"**
**"အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့"**

## အသိပေး နှိုးဆော်ပန်ကြားခြင်း

၁။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ ဗန်းမော်ကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်မြတ်ကြီး သက်တော်(၉၄)နှစ်၊ သိက္ခာတော် (၇၄) ဝါသည် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၇ ရက်၊ ၂၀၂၃ ခုနှစ်၊ မေလ ၂၅ ရက်၊ (ကြာသပတေးနေ့)၊ ည ၁၁ နာရီ ၁၁ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ပြီး ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ဗန်းမော်ကျောင်းတိုက်၌ ပူဇော်ထားရှိပါသဖြင့် ရဟန်းရှင်လူပြည်သူ အပေါင်းတို့ လာရောက်ဖူးမြော်ကြည်ညိုနိုင်ပါသည်။

၂။ ဗန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပနပူဇာသဘင် အခမ်းအနားကို နိုင်ငံတော်အဆင့်နှင့် လျော်ညီစွာ ၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်၊ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၆ ရက်၊ အင်္ဂါနေ့ ညနေပိုင်းတွင် ဗန်းမော်ကျောင်းတိုက်ရှိ ယာယီစံကျောင်းတော်မှ ချမ်းမြသာစည်လေဆိပ်ဟောင်းသို့ အောက်ဖော်ပြပါ လမ်းမများအတိုင်း ပင့်ဆောင်သွားမည်ဖြစ်ပါ၍ ရဟန်းရှင်လူပြည်သူများအနေဖြင့် ဗန်းမော်ကျောင်းတိုက်နှင့် ချမ်းမြသာစည်လေဆိပ်ဟောင်းတို့တွင်လည်းကောင်း၊ ပင့်ဆောင်ရာ လမ်းကြောင်းတစ်လျှောက် လမ်း၏ ဘေးဘယ်ညာတွင်လည်းကောင်း လာရောက်ဖူးမြော်ကြည်ညိုနိုင်ပါသည် -

(က) ၃၉ လမ်း မှ ၇၃ လမ်းအတိုင်း
(ခ) ၇၃ လမ်း မှ ၃၈ လမ်းအတိုင်း
(ဂ) ၃၈ လမ်း မှ ၇၈ လမ်းအတိုင်း
(ဃ) ၇၈ လမ်းမှ ချမ်းမြသာစည်လေဆိပ်ဟောင်း

၃။ ဗန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပန ပူဇာသဘင်အတွက် ရဟန်းရှင်လူပြည်သူများမှ နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများအား ကိုယ်တိုင်ကိုယ်ကျလှူဒါန်းလိုပါက ဗန်းမော်ကျောင်းတိုက်ရှိ အလှူခံမဏ္ဍပ်တွင် လာရောက်လှူဒါန်းနိုင်ပါကြောင်းနှင့် အောက်ပါပုဂ္ဂိုလ်များထံသို့လည်း ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်ပန်ကြားအပ်ပါသည် -

(က) ဒေါ်မော်လီစန်း ဖုန်းနံပါတ်- ၀၉-၄၄၁၀၁၉၂၈၃
(ခ) ဦးစိုးမိုးသိမ်း ဖုန်းနံပါတ်- ၀၉-၉၇၀၈၂၃၆၈၈

အန္တိမအဂ္ဂိစျာပနပူဇာသဘင်အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ ဗန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမစျာပနပူဇာအဖြစ် မန္တလေးခရိုင်အတွင်းရှိ သံဃာတော် (၉၄) ပါးတို့အား ပင့်ဖိတ်၍ အမျှအတန်းပေးဝေမည့် အခမ်းအနားနှင့် အန္တိမစျာပနပူဇာသဘင်အတွက် အလှူငွေများဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၄**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ ဗန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမ စျာပနပူဇာအဖြစ် မန္တလေးခရိုင် အတွင်းရှိ သံဃာတော် (၉၄) ပါးတို့အား ပင့်ဖိတ်၍ အမျှအတန်းပေးဝေမည့် အခမ်းအနားနှင့် အန္တိမ စျာပနပူဇာသဘင်အတွက် အလှူငွေများ ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက ဗန်းမော်ကျောင်းတိုက်ရှိ အေးကမ္ဘာသာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ အမှူးပြုသော ဆရာတော်သံဃာတော် (၉၄) ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား လာရောက်ဖူးမြော်ကြည်ညိုကြသော ဧည့်ပရိသတ်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာသူများသည်



နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယကဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ဦးဆောင်၍ တိုင်းမှူးနှင့် တက်ရောက်လာသူများက အနိစ္စာဝတသင်္ခါရာစသော သံဝေဂ သုံးဂါထာကို ရွတ်ဆိုပွားများကြသည်။

ယင်းနောက် တိုင်းမှူးနှင့် အလှူရှင်များက ကြွရောက်လာသောဆရာတော်သံဃာတော်များအား အလှူငွေများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသ ဆရာတော်ဘုရားကြီးထံမှ သံဝေဂကထာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေကြကာ ဆရာတော်သံဃာတော်များနှင့် တက်ရောက်လာသူများက သဗ္ဗေသင်္ခါရာအနိစ္စာ သုံးဂါထာကို ရွတ်ဆိုပွားများကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ပြီး တိုင်းမှူးနှင့် တက်ရောက်လာသူများက ကြွရောက်လာသော ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဗန်းမော်ဆရာတော်ဘုရားကြီး ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ၏ အန္တိမစျာပနပူဇာသဘင် အခမ်းအနား ဆောင်ရွက်နေမှုအခြေအနေ၊ ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ပင့်ဆောင်မည့် လမ်းကြောင်းတစ်လျှောက် ပြင်ဆင်ထားရှိမှုအခြေအနေ၊ ဥတုဇရုပ်ကလာပ်တော်အား တေဇောဓာတ်မီးပူဇော်မည့် အခမ်းအနားနှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ လောင်တိုက် ပြာသာဒ်တည်ဆောက်နေမှုအခြေအနေနှင့် သရီရဓာတုပဝါဟနပူဇာ အရိုးဓာတ်ပြာတော်များ ရေမျှောပူဇာသဘင် ကျင်းပမည့်နေရာတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျိုင်းတုံမြို့ စိန်ပန်းဓမ္မစကူးလ် အပတ်စဉ်ဗုဒ္ဓဘာသာ သင်တန်းကျောင်း၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်ဖွင့်ပွဲနှင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းချုပ်၏ (၇၁)ကြိမ်မြောက် မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲ အောင်လက်မှတ်များပေးအပ်ခြင်း၊ ဂုဏ်ပြုလက်မှတ်များနှင့် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်

**နေပြည်တော် ဇွန် ၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ စိန်ပန်းဓမ္မစကူးလ် အပတ်စဉ် ဗုဒ္ဓဘာသာသင်တန်းကျောင်း၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်ဖွင့်ပွဲနှင့် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းချုပ်၏ (၇၁) ကြိမ်မြောက် မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲ အောင်လက်မှတ်များ ပေးအပ်ခြင်း၊ ဂုဏ်ပြုလက်မှတ်များနှင့် ဂုဏ်ပြုဆုများ ချီးမြှင့်ခြင်းကို ယနေ့ နံနက်ပိုင်းက စိန်ပန်းဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ရာ ကျိုင်းတုံမြို့ သာသနာဝေပုလ္လကျောင်းတိုက်



ဆရာတော် ဘဒ္ဒန္တ ဝိဇယ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နီလင်းအောင်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းသားကျောင်းသူ ၃၂၀ နှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သာသနာဝေပုလ္လကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဝိဇယထံမှ ငါးပါးသီလ ခံယူဆောက်တည်ကာ ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် သံသရာအေး ကျောင်း တိုက်ဆရာတော် ဘဒ္ဒန္တ ကောသလ္လထံမှ ဩဝါဒစကားနာယူကြပြီး စိန်ပန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ အဂ္ဂဝံသက စိန်ပန်းဓမ္မစကူးလ် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဓမ္မစကူးလ် ပညာသင်နှစ် စတင်ကြောင်း အထိမ်းအမှတ်အဖြစ် “မင်္ဂလာခေါင်းလောင်း” ဓမ္မတေးကဗျာကို ဖွင့်လှစ်သီဆိုကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် အလှူရှင်များက စိန်ပန်းဓမ္မစကူးလ်ကျောင်းအတွက် အလှူငွေများအား ပေးအပ်ရာ စိန်ပန်းကျောင်းတိုက် ဆရာတော်က လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အဆိုပါအပတ်စဉ် ဗုဒ္ဓဘာသာသင်တန်းအား ၂၀၂၃ ခုနှစ် မေလ ၇ ရက် တနင်္ဂနွေနေ့မှ စတင်ကာ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း သင်ကြားပေးမည်ဖြစ်ပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် ပညာသင်နှစ် ပြီးဆုံးမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဗုဒ္ဓဘာသာ ကလျာဏယုဝ အသင်းချုပ်မှ ကျင်းပပြုလုပ်ခဲ့သည့် (၇၁)ကြိမ်မြောက် မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲတွင် အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုလက်မှတ်များ၊ ဂုဏ်ပြုဆုများနှင့် အောင်လက်မှတ်များကို ပေးအပ်ရာ ကျောင်းသား ကျောင်းသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။ (ဝဲပုံ)

**သတင်းစဉ်**

# "မိုခါ" မုန်တိုင်းဒဏ်သင့်ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ (၁)

မြင့်စိုး(နတလ)

**ရခိုင်ဒေသ စစ်တွေခရီးစဉ်**

၂၀၂၃ ခုနှစ် မေ ၁၉ ရက် ၉ နာရီ ၂၅ မိနစ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးထံမှ တယ်လီဖုန်းဖြင့် ညွှန်ကြားချက်တစ်ခုလက်ခံရရှိခဲ့သည်။ ၁၀ နာရီတွင် နေပြည်တော်လေဆိပ်မှ တပ်မတော်လေယာဉ်တစ်စင်း စစ်တွေသို့ထွက်ခွာမည်၊ ခဏစောင့်ဖို့ပြောထားပေးမည်၊ မီအောင်လိုက်သွားပါရန်ဟူ၍...။ နေပြည်တော်လေဆိပ်သို့ ကျွန်တော်ရောက်ပြီးမကြာမီ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစိုးကြည်တို့ ရောက်လာကြသည်။ သူတို့လည်း အတူလိုက်ပါရမည်။ဘာအတွက် စစ်တွေသို့ သွားရမည်ကို အထူးပြောရန်ပင် မလိုတော့ပါ။ မေ ၁၄ ရက် နံနက်ပိုင်းမှစ၍ စစ်တွေအပါအဝင် ရခိုင်ပြည်နယ်မြို့ရွာဒေသအများအပြားသည် "မိုခါ" မုန်တိုင်း ဝင်ရောက်တိုက်ခတ်ခြင်းခံရသည်။ ရခိုင်ပြည်နယ် ၁၇ မြို့နယ်ရှိသည့်အနက် စစ်တွေ၊ ရသေ့တောင်၊ မင်းပြား၊ ပုဏ္ဏားကျွန်း၊ ပေါက်တော၊ ကျောက်တော်၊ မြောက်ဦးဒေသများက ထိခိုက်ပျက်စီးမှုများပြားပြီး အချို့မြို့နယ်များက ကံကောင်းထောက်မစွာ ထိခိုက်ပျက်စီးမှုနည်းခဲ့သည်။ နိုင်ငံတော်အစိုးရ၏ ကြိုတင်ပြင်ဆင်စီမံလမ်းညွှန်ထားမှုများကြောင့် အသက်အန္တရာယ်ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြစ်ခဲ့သည်ကိုတော့ အားလုံးအသိပဲဖြစ်သည်။

**နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များ**

နိုင်ငံတော်အကြီးအကဲ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မေ ၁၅ ရက် မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ



မုန်တိုင်းသင့်ဒေသများ ပြန်လည်ထူထောင်ရေးတွင်အသုံးပြုရန် ဆောက်လုပ်ရေးပစ္စည်းများကို တပ်မတော်ရေယာဉ်ပေါ်မှ ချနေစဉ်။

> **"မုန်တိုင်းသင့်ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများအဖြစ်ကြေညာ၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အလို့ငှာ တပ်မတော်အရာရှိကြီးများအား တာဝန်ပေးစေလွှတ်ခဲ့သည်။ ယင်းအရာရှိကြီးများ၏ မြို့နယ်အသီးသီးတွင် ဆောင်ရွက်ချက်များကိုလည်း ပြည်ထောင်စုဝန်ကြီးများက ကွပ်ကဲမှုယူ၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်"**

လိုက်ပါ၍ စစ်တွေမြို့သို့ ရောက်ရှိခဲ့သည်။ အရေးပေါ်စီမံခန့်ခွဲခြင်း၊ တုံ့ပြန်ခြင်း၊ ကယ်ဆယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိုယ်စီလုပ်ငန်းတာဝန်များ ပေးအပ်နိုင်ရေး လမ်းညွှန်မှာကြားခဲ့သည်။ ၎င်းပြင် ရခိုင်ပြည်နယ်အား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားရန်၊ အများပြည်သူအများဆုံး အသုံးပြုသည့်လမ်းများကို ဦးစားပေးရှင်းလင်းပေးရန်၊ လမ်းပန်းဆက်သွယ်ရေးကို အမြန်ဆုံးပြန်လည်ကောင်းမွန်အောင် ဦးစားပေးဆောင်ရွက်ရန်၊ ဆက်သွယ်မှုပြတ်တောက်ခဲ့သည့် ဒေသများတွင် ဆက်သွယ်မှုကွန်ရက်များ ပြန်လည်ကောင်းမွန်စေရေး အမြန်ဆုံးပြန်လည်ပြုပြင်ပေးရန်၊ အခြေခံပညာအထက်တန်းကျောင်းများအပါအဝင် ကျောင်းများအားလုံး ပြန်လည်ပြုပြင်ဆောင်ရွက်ရန်၊ ရေတွင်းရေကန်များ သန့်ရှင်းမှုရှိစေရေး ရေသန့်ဆေးများ လိုက်လံခတ်ပေးရန်နှင့် ရေတွင်းရေကန်ပတ်ဝန်းကျင်များ သန့်ရှင်းစေရေး ရေဆိုးရေညစ်များ အညစ်အကြေးများကို အမြန်ဆုံးရှင်းလင်းရန်တို့နှင့် စပ်လျဉ်း၍ လမ်းညွှန်မှာကြားခဲ့သည်။ ထိုနေ့မှာပင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်အတွင်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ငွေကျပ်သိန်းပေါင်း ၇၀၀၀၀ နှင့် ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်ခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူခဲ့သည်။

မိုးလေဝသသတင်းများအပေါ် အလေးထား၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှု၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် မုန်တိုင်းမကျရောက်မီကာလအတွင်း စစ်တွေ၊ မြောက်ဦး၊ မောင်တော၊ ကျောက်ဖြူ၊ သံတွဲ၊ တောင်ကုတ်နှင့် အမ်းမြို့နယ်များရှိ သဘာဝဘေးဒဏ်ခိုလှုံရာ Shelter များသို့ ဒေသခံပြည်သူ ၂၃၇၀၀ ကို လည်းကောင်း၊ အခြားဘေးလွတ်ရာနေရာများသို့ ဒေသခံပြည်သူ ၆၂၆၃၉ ဦးကို လည်းကောင်း ပြောင်းရွှေ့ပေးနိုင်ခဲ့သည်။ IDP စခန်းများတွင် ရောက်ရှိနေသူများအနက် ၆၂၃၁၉ ဦးကိုလည်း ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

**မုန်တိုင်းဒဏ်ကို ရင်ဆိုင်အန်တုခဲ့ရသည့် အုန်းပင်များ**

ကျွန်တော် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က ရန်ကုန်မှတစ်ဆင့် စစ်တွေသို့ လေယာဉ်ဖြင့် အကြိမ်ပေါင်းများစွာ သွားလာခဲ့ဖူးသည်။ ထိုစဉ်က လေယာဉ်လမ်းကြောင်းသည် ဖရုံကာကျွန်းပေါ်မှ ဖြတ်မြဲ၊ ကျွန်တော်ကလည်း အနောက်ဖရုံကာကျွန်းပေါ်မှ ဆံတော်ရှင်စေတီကိုရည်မှန်း၍ ဦးခိုက်မြဲ၊ အလယ်ဖရုံကာကျွန်းပေါ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောက်လုပ်ပေးထားသော မြင့်ဂါ-ဖဒူကားလမ်းကို လှမ်း၍ကြည့်စမြဲ။ ထိုမှ ပင်လယ်ရေပြင်ဆီနှိမ့်ဆင်းလိုက်ချိန်မှာ သာယာလှပသော စစ်တွေပွိုင့်နှင့်ကမ်းခြေက ကြိုဆိုနေမြဲဖြစ်သည်။

ယခုတစ်ခေါက်မှာတော့ တပ်မတော်လေယာဉ်သည် နေပြည်တော်မှ ထွက်၍လားမသိ။ ဖရုံကာကျွန်းကို ကျွန်တော်ကြည့်ခွင့်မရတော့။ လှပသော စစ်တွေပွိုင့်နှင့် ကမ်းခြေကလည်း ကြိုလင့်မနေတော့။ လေယာဉ်ပေါ်က လှမ်းမြင်နေရသော မြင်ကွင်းက စိတ်ချမ်းမြေ့ဖွယ်ရာမရှိ၊ အမိုးလန်နေသော အဆောက်အဦများ၊ အကိုင်းအခက်အရွက်အလက်များ ကျိုးပြတ်လွင့်စဉ်ပြီး ထီးထီးဖြစ်နေသော သစ်ပင်များ၊ အမြစ်မှပြိုလဲသွားသော သစ်ပင်ကြီးများ၊ မြေပြင်ပေါ်မှာ ပြန့်ကျဲနေသည့် သစ်တိုသစ်စသွပ်ပြားအပိုင်းအစများဖြစ်သည်။ ထူးခြားသည့် မြင်ကွင်းတစ်ခုကတော့ မိုခါမုန်တိုင်းဒဏ်ကို ရင်ဆိုင်အန်တုခဲ့သည့် အုန်းပင်များအား မပြိုမလဲ မြင်တွေ့လိုက်ရခြင်းဖြစ်သည်။

ထိုမြင်ကွင်းနှင့်တစ်ဆက်တည်းမှာပင် နိုင်ငံတော်အကြီးအကဲ၏ စစ်တွေခရီးစဉ်၌ လမ်းညွှန်ချက်တစ်ခုကို အမှတ်ရမိသည်။ ယင်းလမ်းညွှန်ချက်မှာ

*စာမျက်နှာ ၁၁ သို့*





ထောက်ပံ့ပစ္စည်းများကို ရေယာဉ်ပေါ်မှ သယ်ချပေးနေသော တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များ။

**“နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မုန်တိုင်းသင့်ဒေသများ၌ လမ်းပန်းဆက်သွယ်ရေးမှအစပြု၍ တယ်လီဖုန်းဆက်သွယ်မှုလိုင်းများ အမြန်ပြန်လည်ကောင်းမွန်ရမည်။ ရေလမ်း၊ ကုန်းလမ်း၊ လေကြောင်းလိုင်းများ မြန်မြန်ပြန်ပွင့်ရမည်။ မီးများလင်းရမည်၊ စာသင်ကျောင်းများဖွင့်ရမည်။ သာသနိကအဆောက်အဦများနှင့် ဘုရားစေတီများ ပြန်လည်ပြုပြင်ရမည်။ စိုက်ရေးပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများ ပြန်လည်ထူထောင်ပေးရမည်။ ပျက်စီးသွားသော လမ်းတံတားများ အမြန်ဆုံးပြန်လည်ပြုပြင်ကြရမည်။ သန့်ရှင်းသော သောက်သုံးရေများ ဖြန့်ဝေပေးနိုင်ရမည်။ စားရေရိက္ခာများ ကူညီထောက်ပံ့ပေးနိုင်ရမည်။ ထိုသောအခါ တပ်မတော်(လေ) နှင့် တပ်မတော် (ရေ)တို့၏ အခန်းကဏ္ဍက အလိုလိုပါဝင်လာ”**

*စာမျက်နှာ ၁၀ မှ*

“ယခု မုန်တိုင်းတိုက်ခတ်ချိန်တွင် အုန်းပင်များ ပြိုလဲမှုမရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မိမိအနေနှင့် ရခိုင်ပြည်နယ်နှင့် ကမ်းရိုးတန်းဒေသများသို့ ရောက်ရှိသည့်အခါတိုင်းတွင် အုန်းပင်များနှင့်လမုပင်များသည် သဘာဝဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်သည့်အတွက် ကမ်းစပ်တစ်လျှောက်နှင့် ဒေသအတွင်း ဖြစ်နိုင်သမျှ အရေအတွက်များများ စိုက်ပျိုးထားရှိရန် တိုက်တွန်းမှာကြားခဲ့ကြောင်း၊ ယခု သဘာဝဘေးအန္တရာယ်တွင် တွေ့ကြုံခဲ့ရသည်များကို သင်ခန်းစာယူ၍ သဘာဝဘေးဒဏ်ခံနိုင်သည့် လေကာပင်များနှင့် အုန်းပင်များကို တိုးချဲ့စိုက်ပျိုးဆောင်ရွက်သွားရန်လိုကြောင်း” လမ်းညွှန်မှာကြားခဲ့သည်။

### ကြီးကြပ်ကွပ်ကဲမှုခံယူ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့်လည်း မုန်တိုင်းမဝင်ရောက်မီကာလကပင် လိုအပ်သည်များ ကြပ်မတ်ကွပ်ကဲစီမံဆောင်ရွက်ပေးခဲ့သည်။ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မေ ၁၇ ရက်တွင် စစ်တွေမြို့သို့ ရောက်ရှိပြီး ရခိုင်ဒေသအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ မေ ၁၉ ရက်တွင် ပြန်လည်ထွက်ခွာခဲ့သည်။ မိုခါမုန်တိုင်းတိုက်ခတ်မှုဒဏ်ခံခဲ့ရသည့် ရခိုင်ဒေသမြို့ရွာများ ယခင်မူလအခြေအနေထက် သာလွန်ကောင်းမွန်အောင် ပြန်လည်ထူထောင်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ ယင်းသို့ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုထိရောက် မြန်ဆန်သွက်လက်စေရေးအတွက် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်တို့က ကြီးကြပ်ကွပ်ကဲ စီမံဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် မုန်တိုင်းသင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများအဖြစ် ကြေညာ၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန်အလို့ငှာ တပ်မတော်အရာရှိကြီးများအား တာဝန်ပေးစေလွှတ်ခဲ့သည်။ ယင်းအရာရှိကြီးများ၏ မြို့နယ်အသီးသီးတွင် ဆောင်ရွက်ချက်များကိုလည်း ပြည်ထောင်စုဝန်ကြီးများက ကွပ်ကဲမှုယူ၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးတို့ကလည်း တပ်ပိုင်းဆိုင်ရာကွပ်ကဲမှုနှင့် လိုအပ်သည့်ကူညီစောင့်ရှောက်မှုများ ပူးပေါင်းဆောင်ရွက်ပေးခဲ့သည်။

### ကော်မတီများ ဖွဲ့စည်းဆောင်ရွက်

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း၏ဦးဆောင်မှုဖြင့် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းထားရှိပြီးဖြစ်ရာ သဘာဝဘေးအန္တရာယ်မကျရောက်မီ ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ခဲ့သည်။ အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုရုံး (Command Post) အား မေ ၇ ရက် ကတည်းက ဖွင့်လှစ်ခဲ့ပြီး ခရိုင်ခုနစ်ခု၊ မြို့နယ် ၁၇ မြို့နယ်တွင်လည်း ဖွင့်လှစ်ခဲ့သည်။ သဘာဝဘေးအန္တရာယ်ခိုလှုံရာ Shelter များကို ဆောင်ရွက်ထားရှိခဲ့သည်။ နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှင့်အညီ ဒေသခံပြည်သူများအား မြို့နယ်အလိုက် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့သည်။ ပြည်သူများ သဘာဝဘေးကြုံတွေ့ချိန်တွင် အုပ်ချုပ်ထောက်ပံ့မှုများ ပေးနိုင်ရန်အတွက် ပြည်နယ်အစိုးရအဖွဲ့ အရေးပေါ်ရန်ပုံငွေဖြင့် စားရေရိက္ခာနှင့် စက်သုံးဆီအပါအဝင် ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ ကြိုတင်ဝယ်ယူပြင်ဆင်ဆောင်ရွက်ခဲ့ကြသည်။

မိုခါမုန်တိုင်း ဝင်ရောက်တိုက်ခတ်ချိန်မှ ယနေ့အချိန်အထိလည်း ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများက ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသည့် ကော်မတီ (၆) ရပ်ကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ ယင်းကော်မတီများမှာ စားရေရိက္ခာများ လက်ခံထိန်းသိမ်း ဖြန့်ဖြူးရေးလုပ်ငန်းကော်မတီ၊ စက်ယာဉ်ယန္တရားများ လက်ခံထိန်းသိမ်းဖြန့်ဖြူးရေးလုပ်ငန်းကော်မတီ၊ စက်သုံးဆီနှင့် အထွေထွေ လက်ခံထိန်းသိမ်းဖြန့်ဖြူးရေးလုပ်ငန်းကော်မတီ၊ ကျန်းမာရေးပစ္စည်းများ လက်ခံထိန်းသိမ်းဖြန့်ဖြူးရေး လုပ်ငန်းကော်မတီ၊တည်ဆောက်ရေးပစ္စည်းများ ထိန်းသိမ်းဖြန့်ဖြူးရေးလုပ်ငန်းကော်မတီ၊ အလှူငွေများ လက်ခံထိန်းသိမ်းဖြန့်ဖြူးရေးလုပ်ငန်းကော်မတီတို့ဖြစ်သည်။



မုန်တိုင်းသင့်ပြည်သူများအတွက် ဆန်အိတ်အပါအဝင် ထောက်ပံ့ရေးပစ္စည်းများကို ရေယာဉ်ပေါ်တင်နေစဉ်။

### ဒုတိယဝန်ကြီးများ ရောက်ရှိတာဝန်ထမ်းဆောင်

ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ် ကျရောက်ကြုံတွေ့ခဲ့ရပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်ထဲရေးဝန်ကြီးဌာန၊သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ စစ်တွေမြို့သို့ ရောက်ရှိ၊ တာဝန်ထမ်းဆောင်လျက်ရှိသည်။

အထက်ဖော်ပြပါ ဝန်ကြီးဌာနအသီးသီးမှ ပြည်ထောင်စုဝန်ကြီးများသည်လည်း မိုခါမုန်တိုင်း ဝင်ရောက်တိုက်ခတ်ပြီးစအချိန်တွင် စစ်တွေမြို့သို့ ရောက်ရှိ တာဝန်ထမ်းဆောင်ခဲ့ကြပြီးဖြစ်သည်။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မုန်တိုင်းသင့်ဒေသများ၌ လမ်းပန်းဆက်သွယ်ရေးမှအစပြု၍ တယ်လီဖုန်းဆက်သွယ်မှုလိုင်းများ အမြန်ပြန်လည်ကောင်းမွန်ရမည်။ ရေလမ်း၊ ကုန်းလမ်း၊ လေကြောင်းလိုင်းများ မြန်မြန်ပြန်ပွင့်ရမည်။ မီးများလင်းရမည်၊ စာသင်ကျောင်းများဖွင့်ရမည်။ သာသနိကအဆောက်အဦများနှင့် ဘုရားစေတီများပြန်လည်ပြုပြင်ရမည်။ စိုက်ရေးပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများ ပြန်လည်ထူထောင်ပေးရမည်။ ပျက်စီးသွားသော လမ်းတံတားများ အမြန်ဆုံးပြန်လည် ပြုပြင်ကြရမည်။ သန့်ရှင်းသော သောက်သုံးရေများ ဖြန့်ဝေပေးနိုင်ရမည်။ စားရေရိက္ခာများ ကူညီထောက်ပံ့ပေးနိုင်ရမည်။ ထိုသောအခါ တပ်မတော်(လေ)နှင့် တပ်မတော် (ရေ)တို့၏ အခန်းကဏ္ဍက အလိုလိုပါဝင်လာတော့သည်။ တပ်မတော်လေယာဉ်များ တစ်စင်းပြီးတစ်စင်း တက်ချည် ဆင်းချည်ဖြင့် လိုအပ်သည့် ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ သယ်ဆောင်ပေးသလို တပ်မတော်(ရေ)အနေဖြင့်လည်း စစ်ရေယာဉ်(မုတ္တမ)ကအစ ရေယာဉ်အစင်းပေါင်းများစွာဖြင့် ရခိုင်ဒေသပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ ပါဝင်လာခဲ့သည်။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ လေယာဉ်များ၊ ရေယာဉ်များ၊ ပုဂ္ဂလိကရေယာဉ်ကြီးများ၊ ဖော်ကျွန်း၊ ဆန်းရှိုင်းတို့ကဲ့သို့ သင်္ဘောကြီးများကလည်း တာဝန်ကျေကြသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့များအနေဖြင့်လည်း ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ အင်အားများ ရာထောင်ချီ၍ စုဖွဲ့ရောက်ရှိလာကြပြီး လုပ်အားဒါနပြုနေကြသည်မှာ မြင်သူတိုင်းကသာခုခေါ်ဝမ်းမြောက်ခဲ့ကြရသည်။

*(ဆက်လက်ဖော်ပြပါမည်)*



မုန်တိုင်းကြောင့်ပြိုလဲသည့် သစ်ပင်များကို ရှင်းလင်းနေသော မီးသတ်တပ်ဖွဲ့ဝင်များ။

# ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ဓာတ်ပုံ၊ ကွန်ပျူတာ ပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် ဆောင်ပုဒ်ပြိုင်ပွဲများအတွက် ဆုရသူများ စာရင်းထုတ်ပြန်ကြေညာ

*(ယမန်နေ့မှအဆက်)*

**ရန်ကုန် ဇွန် ၄**

**ကာတွန်းမူလတန်းအဆင့်** ပြိုင်ပွဲတွင် မနှင်းဧကရီလင်း အလက(၃) ဒဂုံမြို့သစ် မြောက်ပိုင်းက ပထမ၊ မဆောင်းလေပြေ အမက(ဝွေးပင်) ကျောက်တန်းက ဒုတိယနှင့် မသွန်းနဒီဦး အထက(၂) ကျောက်တန်းက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မပန်ဆုပြည့်သျှန် D.H.S ကိုယ်ပိုင်ကျောင်း ဒဂုံမြို့သစ်မြောက်ပိုင်း၊ မမေဖူးဖူးမောင် အမက(၁)သာကေတနှင့် မအိမ့်ခြူးသံစဉ်မြတ်သူ အထက(၁) ဒဂုံတို့က ဆုများရရှိကြပါသည်။

**ကာတွန်းအလယ်တန်းအဆင့်** ပြိုင်ပွဲတွင် မအိမ္ဘန်ဆွေ အလက (မြို့မ)ကျောက်တန်းက ပထမ၊ မအေးချမ်းမြင့်မိုရ် အလက(မြို့မ) ကျောက်တန်းက ဒုတိယနှင့် မပန်တျာနှင်းဆီလွင် အထက(၁) ဒဂုံက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မအေးချမ်းမျိုးမြတ် အလက(မြို့မ) ကျောက်တန်း၊ မပြည့်ပြည့်မင်းကြူ ထ(ခွဲ)ရန်အောင်မြေ တာချီလိတ်နှင့် မဝင်းလဲ့ရွှေရည်ထွန်း အထက(၁၇) အောင်မြေသာဇံတို့က ဆုများရရှိကြပါသည်။

**ကာတွန်းအထက်တန်းအဆင့်** ပြိုင်ပွဲတွင် မနှင်းနဒီဦး အထက(၂) ကျောက်တန်းက ပထမ၊ မောင်အောင်ကောင်းသျှန် အထက(၁) ကျောက်တန်းက ဒုတိယနှင့် မဖူးသစ်ကို အထက(၂) လသာက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မောင်ဝေဖြိုးကျော် အထက(၁)ကျောက်တန်း၊ မောင်ဉာဏ်လင်းထွန်း ကောင်းစုစံပညာ့ ရိပ်မွန်ကိုယ်ပိုင်ကျောင်း ရွှေပြည်သာနှင့် မထက်နဒီအောင် အထက(၂) ကျောက်တန်းတို့က ဆုများရရှိကြပါသည်။

**ပိုစတာမူလတန်းအဆင့်** ပြိုင်ပွဲတွင် မောင်လရိပ်ဈာန် အလက(၃) ဟသ်ာတက ပထမ၊ မသင်းဟေသာစိုး အမက(၇)ဖျာပုံက ဒုတိယနှင့် မနှင်းထက်စိုပြေ အမက(ရေကျော်)ဇလွန်က တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် မလင်းဂျူးဂျူးဖွေး အထက(၆)မော်လမြိုင်၊ မသွန်းဟေသော် CAE ကိုယ်ပိုင်ကျောင်း(နန်းဦးလွင်)ပုသိမ်ကြီးနှင့် မောင်ဇော်ရဝေထွန်း အထက(၅)ကျိုင်းတုံတို့က ဆုများ ရရှိကြပါသည်။

**ပိုစတာအလယ်တန်းအဆင့်** ပြိုင်ပွဲတွင် မရွှန်းလဲ့မွန်အောင် အထက (၄)မကွေးက ပထမ၊ မဆုပြည့်ပြည့်ကျော် အထက(၁)ဖြူးက ဒုတိယနှင့် မောင်ကျော်စိုးမိုးသန့် အထက(၉) မော်လမြိုင်က တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မဇူဇီသက် အထက(၁)မြိတ်၊ မောင်ဖုန်းမြင့်သူ အထက(၇)တောင်ငူနှင့် မသော်တာလရောင် ထ(ခွဲ) အလက(၁) မကွေးတို့က ဆုများရရှိကြပါသည်။

**ပိုစတာအထက်တန်းအဆင့်** ပြိုင်ပွဲတွင် မောင်ဉာဏ်လင်းအောင် ထ(ခွဲ)နန်းတော်ကုန်း မကွေးက ပထမ၊ မမေသူဇာထွန်း လမ်းပြကြယ် ကိုယ်ပိုင်ကျောင်း မကွေးက ဒုတိယနှင့် မသန္တာချမ်းမြေ့ချို အထက(၁) တောင်ငူက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မပီတိချို ထ(ခွဲ)အလက(၁)မြောင်းမြ၊ မထက်နဒီအောင် အထက(၂)ကျောက်တန်းနှင့်မအိသော်တာကျော်အထက(၉)မော်လမြိုင်တို့က ဆုများရရှိကြပါသည်။

**ကွန်ပျူတာပန်းချီအလယ်တန်းအဆင့်** ပြိုင်ပွဲတွင် မမေဝန်းခင် ထ(ခွဲ)ကန်သာ မကွေးက ပထမ၊ မောင်စိုင်းသီဟထွန် အထက(၁) လှိုင်ကော်က ဒုတိယနှင့် မခွန်းဝဿန်ကို အထက(၄) မကွေးက တတိယဆုများရရှိကြပြီး အထူးဆုများအဖြစ် မအိအိမွန် အထက(၁) စစ်ကိုင်း၊ မမွန်မြတ်မြင့် အထက(၁၆)ချမ်းအေးသာဇံနှင့် မောင်ကျော်ထင်ဘုန်းထွဋ် ကန်စွန်းအင်း ကိုယ်ပိုင်ကျောင်း မြိတ်တို့က ဆုများရရှိကြပါသည်။

**ကွန်ပျူတာပန်းချီအထက်တန်းအဆင့်** ပြိုင်ပွဲတွင် မရှမဝ TTC ကမာရွတ်က ပထမ၊ မောင်ဇေယျာလင်း အထက(၃)လှိုင်ကော်က ဒုတိယနှင့် မောင်ဟန်ထူးဇင် လမ်းပြကြယ် ကိုယ်ပိုင်ကျောင်း မကွေးက တတိယဆုများ ရရှိကြပြီး အထူးဆုများအဖြစ် မောင်ဘုန်းခန့်ကျော် လမ်းပြကြယ်ကိုယ်ပိုင်ကျောင်း မကွေး၊ မောင်ဟိန်းထက်အောင် အထက(ပထက်)ကျွန်းစုနှင့် မမိုးသီရိကျော် အထက(၂)စစ်တွေတို့က ဆုများရရှိကြပါသည်။

**ဆောင်ပုဒ်** ပြိုင်ပွဲတွင် ဦးဝင်းမော်(ကိုဝင်းမော်ထွန်း) မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီးမှ **“မူးယစ်ဆေးရန်တို့တွန်းလှန် ကြိုးစားတိုက်ဖျက် နိုင်ငံအတွက်”**၊ ဒေါ်ဖြူဖြူစိန် နေပြည်တော်မှ **“မူးယစ်ကင်းစင်တို့ပြည်တစ်ခွင် သာယာလှပလူ့ဘဝ”**၊ ဒေါက်တာ သံလွင်ထွန်း နေပြည်တော်မှ **“ငါတို့ရဲ့အနာဂတ်သာယာလှပဖို့ မူးယစ်ကင်းစင်ကမ္ဘာ ဖန်တီးစို့”**၊ ဗိုလ်မှူးထင်ကျော်(မိုးတိမ်- ရွှေညာမြေ) ပြင်ဦးလွင်မြို့ မန္တလေးတိုင်းဒေသကြီးမှ **“မျိုးဆက်သစ်များတိုးတက်ဖို့ မူးယစ်ဆေးမှန်သမျှတိုက်ထုတ်စို့”**၊ ဦးစန်းငွေ(ကိုစန်းငွေ-ဧရာဝတီ) ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီးမှ **“လုံခြုံစိတ်ချပြည်သူ့ဘဝ မူးယစ်မှန်သမျှ တိုက်ဖျက်ကြ”**နှင့် ဒုရဲမှူး သာထွဋ်လွင်(ငြိမ်း) (ရွှေလရောင်-ဟသ်ာတ) ဟသ်ာတမြို့၊ ဧရာဝတီတိုင်းဒေသကြီးမှ **“ မိသားစုနွေးထွေးမှုဖြင့် မိမိတို့၏ရင်သွေးများအား မူးယစ်ဆေးဝါးအန္တရာယ်မှ ကာကွယ်ကြပါစို့”** ဆောင်ပုဒ်တို့က ဆုများရရှိကြပါသည်။

ဗဟိုအဆင့် ပြိုင်ပွဲဆုရရှိသူများနှင့် နေပြည်တော် ကောင်စီနယ်မြေ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် ဆုရရှိသူများကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များတွင် ကျင်းပပြုလုပ်သည့် အခမ်းအနားများတွင် ဆုများချီးမြှင့်သွားမည် ဖြစ်ပါသည်။ **သတင်းစဉ်**

# မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်း ရေအားလျှပ်စစ်ထုတ်လုပ်နေမှု ကွင်းဆင်းကြည့်ရှု

**ရှောင် ဇွန် ၄**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်၊ ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများသည် ဇွန် ၂ ရက်က ရှောင်မြို့ ခံတောကျေးရွာရှိ (X-ray) စစ်ဆေးရေးဂိတ်ကို သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားပြီး မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းကို သွားရောက်ကြည့်ရှုရာ ရှင်းလင်းဆောင်ခန်းမ၌ မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်း တည်ဆောက်ရေး(၇)ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညွန့်ဌေးက ဆည်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က စိုက်ပျိုးရေရရှိအောင် ဆောင်ရွက်ပေးရန်၊ ရေသိုလှောင်ရမည့်ပမာဏနှင့် ကိုက်ညီအောင် ဆောင်ရွက်ပေးရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကူညီဆောင်ရွက်ပေးစရာများ ရှိပါက ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆည်အတွင်း လှည့်လည်ကြည့်ရှုကာ ရေအားလျှပ်စစ်ထုတ်လုပ်နေမှုကို စစ်ဆေးသည်။

ဆက်လက်၍ ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှောင်မြို့၌ MSMEs အသေးစား၊ အလတ်စား၊ အငယ်စား ဒေသထွက်ကုန်ပစ္စည်းထုတ်လုပ်နေသော ဉာဏ်ကြီးရှင် ကော်ဖီလုပ်ငန်းအဆင့်ဆင့်ထုတ်လုပ်နေမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**



# ပခုက္ကူမြို့၌ သီးနှံအခြေခံထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်

**ပခုက္ကူ ဇွန် ၄**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ ရက်ကန်းနှင့်အသက်မွေးပညာ သင်တန်းကျောင်း၌ သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန် ထုတ်လုပ်မှု နည်းပညာသင်တန်းအမှတ်စဉ်(၂/၂၀၂၃) သင်တန်းဖွင့်ပွဲကို ဇွန် ၃ ရက်က ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးမှူး ဒေါ်စုစုခိုင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များနှင့် သင်တန်းမှရရှိမည့် အကျိုးကျေးဇူးများအကြောင်း ရှင်းလင်းပြောကြားပြီး သင်တန်းတွင် သင်ကြားပို့ချပေးမည့် သီးနှံအခြေခံ တန်ဖိုးမြှင့်စားသောက်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုများ၊ ချည်မျှင်နှင့် အထည်အလိပ် ကျွမ်းကျင်မှုသင်တန်း အပါအဝင် သင်တန်းအမျိုးအစားအလိုက် ရက်လုပ်ထားသော ရက်ကန်းထည်ပစ္စည်းများ၊ လက်တွေ့လေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှုသည်။



အဆိုပါ သင်တန်းကို ဇွန် ၃ ရက် မှ ၉ ရက်အထိ ဖျော်ရည်၊ ယိုနှင့် ဝိုင်အမျိုးမျိုးပြုလုပ်နည်း၊ ပဲချောင်းကြော်၊ အာလူးကြော် ပြုလုပ်နည်းအပါအဝင် သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်း ဘာသာရပ် ၁၃ မျိုးတို့ကို စာတွေ့ ၃၀ ရာခိုင်နှုန်း၊ လက်တွေ့ ၇၀ ရာခိုင်နှုန်းစီဖြင့် စနစ်တကျ သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းတွင် သင်တန်းသူ ၂၀ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

# မိတ္ထီလာခရိုင်၌ အင်ဂျင်နီယာဝန်ထမ်းများအတွက် Drawing & Estimate ရေးဆွဲနည်းသင်တန်းဖွင့်

**မိတ္ထီလာ ဇွန် ၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်တွင် အင်ဂျင်နီယာဝန်ထမ်းများအား လုပ်ငန်းကျွမ်းကျင်မှုရှိစေရေး Drawing & Estimate ရေးဆွဲနည်းသင်တန်းကို ဇွန် ၃ ရက်က ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၌ ဖွင့်လှစ်သည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်ဝင်းက ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်ရုံးများ၌ တာဝန်ထမ်းဆောင်နေသော အင်ဂျင်နီယာဝန်ထမ်းများအား လုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းကျွမ်းကျင်မှုရှိစေရန် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပထမသုံးပတ်တွင် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် Drawing & Estimate ရေးဆွဲနည်းသင်တန်းကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းကို မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်း မြို့နယ်ရုံးများမှ သင်တန်းသား သင်တန်းသူ ၁၀ ဦး တက်ရောက်ပြီး သင်တန်းကို ရက်သတ္တနှစ်ပတ် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# သြစတြေးလျဝန်ကြီးချုပ် အယ်လ်ဘာနီးစ် နှစ်နိုင်ငံဆက်ဆံရေးခိုင်မာစေရန် ဗီယက်နမ်နိုင်ငံသို့ သွားရောက်

**ဟနွိုင်း ဇွန် ၄**

သြစတြေးလျဝန်ကြီးချုပ် အန်တိုနီ အယ်လ်ဘာနီးစ်သည် ဗီယက်နမ်ဝန်ကြီးချုပ် ဖန်မင်ချင်းနှင့် ဇွန် ၄ ရက်တွင် တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံအကြား နှစ်နိုင်ငံ ဆက်ဆံရေး တိုးမြှင့်စေရန် ဆွေးနွေးခဲ့ကြောင်း ဗီယက်နမ် သတင်းအေဂျင်စီက ထုတ်ပြန်ထားသည်။

တွေ့ဆုံစဉ် ဗီယက်နမ်နိုင်ငံသို့ နှစ်ရက်ကြာ တရားဝင်လာရောက်လည်ပတ်သူ အယ်လ်ဘာနီးစ်က ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ရန်အတွက် ဗီယက်နမ်နိုင်ငံသို့ သြစတြေးလျဒေါ်လာ ၁၀၅ သန်း(အမေရိကန်ဒေါ်လာ ၆၉ ဒသမ ၅ သန်း) ကို ကူညီထောက်ပံ့မည် ဖြစ်ကြောင်း ကြေညာခဲ့သည်။



သြစတြေးလျဝန်ကြီးချုပ် အန်တိုနီ အယ်လ်ဘာနီးစ်နှင့် ဗီယက်နမ်ဝန်ကြီးချုပ် ဖန်မင်ချင်း။

အယ်လ်ဘာနီးစ်၏ လာရောက်လည်ပတ်မှုသည် သြစတြေးလျနှင့် ဗီယက်နမ်နိုင်ငံတို့၏ နှစ်(၅၀) မြောက် သံတမန်ဆက်ဆံရေးအဖြစ် လာရောက်ခြင်းဖြစ်ကြောင်း သိရသည်။ သြစတြေးလျနိုင်ငံသည် ဗီယက်နမ်နိုင်ငံ၏ သတ္တမအကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ပြီး ဗီယက်နမ်နိုင်ငံမှာ သြစတြေးလျ၏ ကုန်သွယ်ဖက်နိုင်ငံများအကြား ၁၀ ခုမြောက် ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

# တရုတ်နိုင်ငံ အနောက်တောင်ပိုင်းတွင် တောင်ပြိုမှုကြောင့် ၁၄ ဦး သေဆုံးပြီး ငါးဦး ပျောက်ဆုံး

**စီချွမ်း ဇွန် ၄**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်းပြည်နယ် လီရှန်မြို့တွင် တောင်ပြိုမှုကြောင့် ၁၄ဦးသေဆုံးပြီး ငါးဦးမှာ ပျောက်ဆုံးနေဆဲဖြစ်သည်ဟု ဒေသခံပြည်သူ့ရေးရာဌာနမှ သိရသည်။

ယုံရှန်းမြို့နယ် သစ်တောလယ်ယာတွင် နံနက် ၆ နာရီဝန်းကျင်က မြေပြိုမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ လူပေါင်း ၁၈၀ ကျော် ပါဝင်သည့် ကယ်ဆယ်ရေးအသင်းမှာ ပျောက်ဆုံးနေသူများကို ဆက်လက်ရှာဖွေနေကြဆဲဖြစ်သည်။ **ဆင်ဟွာ**



# သီရိလင်္ကာနိုင်ငံ၏ ခရီးသွားလုပ်ငန်းမှရရှိသည့် အခွန်ငွေမှာ မေလတွင် သိသိသာသာတိုးတက်လာ

**ကိုလံဘို ဇွန် ၄**

သီရိလင်္ကာနိုင်ငံ၏ ခရီးသွားလုပ်ငန်းမှရရှိသည့် ခန့်မှန်းအခွန်ငွေမှာ မေလတွင် သိသိသာသာတိုးတက်လာသည်ဟု သိရသည်။ ယခင်နှစ်ကနှင့်နှိုင်းယှဉ်လျှင် ၂၀၀ ရာခိုင်နှုန်းကျော် တိုးလာခြင်းဖြစ်ပြီး အမေရိကန်ဒေါ်လာ ၁၃၁ ဒသမ ၅ သန်းအထိ အခွန်ငွေ တိုးလာခဲ့သည်ဟု တိုင်းပြည် ဗဟိုဘဏ်၏ နောက်ဆုံးထုတ်ပြန်ချက်အရ သိရသည်။

မေလသည် ပုံမှန်အားဖြင့် ခရီးသွားလုပ်ငန်းအတွက် ဝင်ငွေနည်းသည့်လ ဖြစ်သော်လည်း ယခုနှစ် မေလတွင်မူ ခရီးသွားလုပ်ငန်းမှ အခွန်ငွေများ သိသိသာသာ တိုးလာခြင်းဖြစ်သည်ဟု သီရိလင်္ကာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အာဏာပိုင်အဖွဲ့မှ ဥက္ကဋ္ဌဖြစ်သူ ပရီအန်သာ ဖာနန်ဒိုက ဇွန် ၃ ရက်တွင် ပြောသည်။ ၂၀၂၂ ခုနှစ် မေလအတွင်း ခရီးသွားလုပ်ငန်းမှ ရရှိသည့် ခန့်မှန်းအခွန်ငွေမှာ ၄၃ ဒသမ ၅ သန်း ရရှိခဲ့သည်ဟု အချက်အလက်များအရ သိရသည်။

၂၀၂၃ ခုနှစ် ပထမငါးလအတွင်း ခရီးသွားလုပ်ငန်းမှ အခွန်ငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ ၈၂၇ ဒသမ ၈ သန်း ရရှိပြီး ယခင်နှစ်ကနှင့် နှိုင်းယှဉ်လျှင် ၃၀ ဒသမ ၄ရာခိုင်နှုန်း တိုးလာခြင်းဖြစ်သည်။ ယခုနှစ် ပထမငါးလအတွင်း သီရိလင်္ကာနိုင်ငံသို့ နိုင်ငံခြားခရီးသွား ၅၂၄၄၆၈ ဦး ဝင်ရောက်ခဲ့သည်ဟု သိရသည်။ ခရီးသွားလုပ်ငန်းမှာ သီရိလင်္ကာနိုင်ငံ၏ အဓိက နိုင်ငံခြားဝင်ငွေရရှိသည့် လုပ်ငန်းဖြစ်ပြီး ကိုဗစ်-၁၉ ကပ်ရောဂါ၊ စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာ ပဋိပက္ခများကြောင့် ဝင်ငွေ ထိခိုက်ခဲ့ရသည်။

**ဆင်ဟွာ**



# အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း၌ ပြင်းအား ၅ ဒသမ ၄ အဆင့်ရှိ ငလျင်လှုပ်ခတ်

**ဂျကာတာ ဇွန် ၄**

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း ပါပူဝါပြည်နယ်၌ ဇွန် ၄ ရက်တွင် ပြင်းအား ၅ ဒသမ ၄ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခဲ့ကြောင်း နိုင်ငံ၏ မိုးလေဝသပညာ၊ ရာသီဥတုဗေဒနှင့် ဘူမိရူပဗေဒအေဂျင်စီက ပြောကြားသည်။

ဂျကာတာစံတော်ချိန် ၁၂ နာရီ ၅၂ မိနစ်တွင် ငလျင်လှုပ်ခတ်ခြင်းဖြစ်ပြီး ငလျင်ဗဟိုချက်မှာ မမ်ဘီရာမိုရာယာ ဒေသ၏ အနောက်တောင်ပိုင်း ၅၈ ကီလိုမီတာအကွာတွင်ရှိပြီး ငလျင်အနက်မှာ မြေအောက် ၁၀ ကီလိုမီတာရှိကြောင်း အေဂျင်စီက ပြောကြားသည်။ ငလျင်လှုပ်ခတ်မှုကြောင့် ဆူနာမီအန္တရာယ်မရှိကြောင်း သိရသည်။

**ဆင်ဟွာ**



# ရှန်ကျိူ့-၁၅ အာကာသယာဉ်မှူးများ ကမ္ဘာမြေသို့ ပြန်လည်ရောက်ရှိလာ

**ကျိုချွမ် ဇွန် ၄**

တရုတ်လူလိုက်ပါအာကာသယာဉ် ရှန်ကျိူ့-၁၅ မှ အာကာသယာဉ်မှူး သုံးဦးသည် အာကာသစခန်းတွင် ခြောက်လကြာ တာဝန်များ အောင်မြင်စွာ ထမ်းဆောင်ပြီးနောက် ဇွန် ၄ ရက်တွင် အန္တရာယ်ကင်းစွာဖြင့် ကမ္ဘာမြေသို့ ပြန်လည်ရောက်ရှိလာပြီဖြစ်ကြောင်း သိရသည်။

ဖန်ကျောင်လောင်၊ ဒေါင်ကင်မင်နှင့် ရှောင်လု စသည့်အာကာသယာဉ်မှူး သုံးဦး တင်ဆောင်လာသော ရှန်ကျိူ့-၁၅ အာကာသယာဉ်သည် ပေကျင်းစံတော်ချိန် နံနက် ၆ နာရီ ၃၃ မိနစ်တွင် နိုင်ငံမြောက်ပိုင်း အတွင်းမွန်ဂိုလီးယားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသရှိ ဒေါင်ဖန်းယာဉ် ဆင်းသက်သောနေရာသို့ ဆင်းသက်လာခဲ့ခြင်းဖြစ်ကြောင်း တရုတ်လူလိုက်ပါအာကာသအေဂျင်စီ၏ ထုတ်ပြန်ချက်အရ သိရသည်။

အာကာသ ယာဉ်မှူးများ၏ ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်ကြောင်းနှင့် ရှန်ကျိူ့-၁၅ လူလိုက်ပါ မစ်ရှင်အောင်မြင်ကြောင်း အဆိုပါ အာကာသအေဂျင်စီက ထုတ်ပြန်ထားသည်။ တရုတ်နိုင်ငံသည် ရှန်ကျိူ့-၁၅ လူလိုက်ပါ အာကာသယာဉ်ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၂၉ ရက်တွင် လွှတ်တင်ခဲ့သည်။ **ဆင်ဟွာ**



ကမ္ဘာမြေသို့ ပြန်လည်ရောက်ရှိလာသည့် အာကာသယာဉ်မှူး သုံးဦးထဲမှ ဒေါင်ကင်မင်ကို ဇွန် ၄ ရက်က တွေ့ရစဉ်။

# အီရန်နိုင်ငံမှ အာဖဂန်ဒုက္ခသည် ၂၁၀၆ ဦး နေရပ်ပြန်လာ

**ကဘူးလ် ဇွန် ၄**

အာဖဂန်ဒုက္ခသည် စုစုပေါင်း ၂၁၀၆ ဦးမှာ အိမ်နီးချင်း အီရန်နိုင်ငံမှ ၎င်းတို့၏နေရပ်သို့ ဇွန် ၃ ရက်က ပြန်လာခဲ့ကြောင်း အာဖဂန်နစ္စတန်နိုင်ငံ၏ ဒုက္ခသည်များနှင့် နေရပ်ပြန်ပို့ရေးဝန်ကြီးဌာနက ဇွန် ၄ ရက် ထုတ်ပြန်ချက်တွင် ပြောကြားသည်။

အီရန်နိုင်ငံ၌ ဒုက္ခသည်အဖြစ် နှစ်ပေါင်းများစွာ နေထိုင်ပြီးနောက် အာဖဂန်ဒုက္ခသည် စုစုပေါင်း ၂၁၀၆ ဦးမှာ ၎င်းတို့၏နေရပ်သို့ ဇွန် ၄ ရက်တွင် ပြန်လာခဲ့ကြောင်း၊ ဒုက္ခသည်များကို ၎င်းတို့နိုင်ငံသို့ ပြန်လည်ပို့ဆောင်ရေးလုပ်ငန်းစဉ်များကို ဆက်လက်လုပ်ဆောင်နေကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။ ပြီးခဲ့သည့် မေ ၃၁ ရက်ကလည်း အီရန်နိုင်ငံမှ အာဖဂန်ဒုက္ခသည် ၂၈၀၀ နီးပါး ပြန်လာခဲ့ကြောင်း ဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။ ဇန်နဝါရီလမှစကာ အီရန်နိုင်ငံမှ နေရပ်သို့ပြန်လာသည့် အာဖဂန်ဒုက္ခသည် ၆၀၀၀၀ နီးပါး ရှိကြောင်း ထုတ်ပြန်ထားသည်။ အာဖဂန်အိမ်စောင့်အစိုးရက နိုင်ငံခြားတွင် နေထိုင်သည့် အာဖဂန်ဒုက္ခသည်များကို နေရပ်သို့ပြန်လာရန် တိုက်တွန်းထားကြောင်း သိရသည်။ **ဆင်ဟွာ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## မိုးညှင်းမြို့၌ စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသင်တန်းကျောင်း စတင်ဖွင့်လှစ် ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာပညာသင်ကြားလျက်ရှိ

မိုးညှင်း ဇွန် ၄

ကချင်ပြည်နယ် မိုးညှင်းမြို့၌ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် တွဲဖက်၍ စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသင်တန်းကျောင်းကို ဇွန် ၁ရက် နံနက်ပိုင်းက စတင်ဖွင့်လှစ်ရာ ကျောင်းသားကျောင်းသူများ ပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

အဆိုပါ သင်တန်းကျောင်းတွင် မိုးညှင်းခရိုင်အတွင်းရှိ Grade-9 အောင်မြင်ပြီးသော ကျောင်းသားကျောင်းသူများ တက်ရောက်လျက်ရှိရာ စက်မှုနည်းပညာဘာသာရပ်တွင် ကျောင်းသား ကျောင်းသူ ၇၉ ဦး၊ စိုက်ပျိုးရေးပညာဘာသာရပ်တွင် ကျောင်းသားကျောင်းသူ ၁၅ ဦးနှင့် မွေးမြူရေးပညာဘာသာရပ်တွင် ကျောင်းသားကျောင်းသူ၁၉ဦး စုစုပေါင်းကျောင်းသားကျောင်းသူ ၁၁၃ ဦးကို စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး နည်းပြ ၁၃ ဦးနှင့် ဘာသာရပ်သင် ဆရာ ဆရာမ ၁၀ ဦးတို့က အခန်း ခြောက်ခန်းခွဲ၍ စာတွေ့လက်တွေ့ဖြင့် သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရပ်များကို အခြေခံပညာအထက်တန်းကျောင်းနှင့် တွဲဖက်သင်ကြားမည့် ကျောင်းပေါင်း ၅၁ ကျောင်း ဖွင့်လှစ်သွားမည်ဖြစ်ရာ ကချင်ပြည်နယ်တွင် သုံးကျောင်းဖွင့်လှစ်လျက်ရှိပြီး မိုးညှင်းခရိုင်အတွင်း၌ မိုးညှင်းမြို့ အထက (၂) ကျောင်းတွင် ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။

ရွှေမိုးညှင်း(ပြန်/ဆက်)

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည် ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် အဖွဲ့ဝင်များ ဘူးသီးတောင်တပ်နယ် ရင်း/ဖွဲ့များရှိ မိသားစုဝင်များအား တွေ့ဆုံ၍ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်၊ မုန်တိုင်းသင့်ပြည်သူများအား ဒံပေါက်ထမင်းဘူးများ ပေးဝေလှူဒါန်း

နေပြည်တော် ဇွန် ၄

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမိုးဇော်ထွန်းတို့သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့တွင် ဘူးသီးတောင်တပ်နယ်ရှိ မုန်တိုင်းသင့်နယ်မြေခံတပ်ရင်း/ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တပ်နယ်ခန်းမ၌ ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြား၍ စားသောက်ဖွယ်ရာများ၊ လူသုံးကုန်ပစ္စည်းများ၊ ဒံပေါက်ထမင်းဘူးများနှင့် ထောက်ပံ့ငွေများ ပေးအပ်ပြီး နယ်မြေခံတပ်ရင်းများတွင် ဆောင်ရွက်ထားရှိသော မွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် အဖွဲ့ဝင်များသည် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် တည်ဆောက်ရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံတွေ့ဆုံနှုတ်ဆက်အားပေးစကားပြောကြားပြီး SKY NET မိသားစု၊ (MLCA) အသင်းချုပ်၊ MLCP အများပိုင် ကုမ္ပဏီလီမိတက်၊ မြန်မာ-အိန္ဒိယ-တရုတ် ချစ်ကြည်ရေးနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း (MICA) နှင့် ဘာသာစုံမိတ်ဆွေများ၏ ရက် ၃၀ စတုဒိသာအလှူတော် အစီအစဉ်ဖြင့် ချက်ပြုတ်လှူဒါန်းသော ဒံပေါက်ထမင်း၊ ဟင်းလျာဘူးများ ပေးအပ်ကြသည်။ **(ယာပုံ)**

ထို့ပြင် တာဝန်ရှိသူများက စစ်တွေမြို့နယ် ဘောဒူဖနှင့် နာရီကန်ကျေးရွာ ဆင်ကူးလမ်း အောင်မင်္ဂလာ၊ အုန်းတစ်ပင်ရပ်ကွက်များမှ မုန်တိုင်းသင့်ပြည်သူများ၊ ဗုဒ္ဓပြတိုက်နှင့် ခိုင်သဇင်ပန်းခြံတို့တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် စေတနာ့ဝန်ထမ်းများကို ဒံပေါက်ထမင်း၊ ဟင်းလျာဘူးများ လိုက်လံပေးဝေလှူဒါန်းကြကြောင်း သိရသည်။



သတင်းစဉ်

## မြန်မာ့ပင်လယ်ပြင်တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်

နေပြည်တော် ဇွန် ၄

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်သည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင်တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ပေမှ ၁၁ ပေခန့်နှင့် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# အကြားအာရုံချို့တဲ့သော ကလေးငယ်များအတွက် အတွင်းနားအကြားအာရုံနှိုးဆွစက် တပ်ဆင်ခြင်းလုပ်ငန်းအကြောင်း သိကောင်းစရာ

ပါမောက္ခ ဒေါက်တာမေခင်သိန်း

**နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်အထူးကုဆေးရုံကြီး (ရန်ကုန်မြို့)သည် ခုတင် ၁၅၀ ဆံ့ အထူးကုသင်ကြားရေးဆေးရုံကြီးတစ်ရုံဖြစ်ပြီး မြန်မာတစ်နိုင်ငံလုံးမှ ညွှန်းပို့လာသော နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်း၊ လည်ပင်းနှင့် ပတ်သက်သော ရောဂါများကို ကုသမှုပေးလျက်ရှိရုံသာမက မွေးရာပါနားမကြားသော ကလေးငယ်များအား နားအကြားအာရုံနှိုးဆွစက် (Cochlear Implant – CI) ခွဲစိတ်တပ်ဆင်ပေးသော အဓိကဆေးရုံကြီးတစ်ရုံလည်းဖြစ်သည်။**

## မွေးရာပါ နားအကြားအာရုံချို့တဲ့ခြင်း

အာရုံငါးပါးတွင် တစ်ပါးဖြစ်သော နားအကြားအာရုံခံခြင်း (သောတအာရုံ) သည် လူ့ဘဝအတွက် အလွန်အရေးကြီးလှပါသည်။ နား အကြားအာရုံချို့တဲ့ပါက လူအများနည်းတူ အခွင့်အရေးမရနိုင်ပါ။ အဆိုးဆုံးမှာ မွေးရာပါ နားမကြားပါက ကလေးသည် စကားပြောဆိုနိုင်မည် မဟုတ်ပါ။ ထိုသို့ နားမကြားသော သူများအား နားအကြားအာရုံရရှိစေရန် အတွင်းနား အကြားအာရုံနှိုးဆွစက်(CI) ကို တပ်ဆင်ပေးနိုင်သည်။

## အတွင်းနားအကြားအာရုံနှိုးဆွစက်

အတွင်းနားအကြားအာရုံ နှိုးဆွစက်ဆိုသည်မှာ အဆင့်မြင့်လျှပ်စစ်ပစ္စည်း တစ်မျိုးဖြစ်ပြီး အပြင်ပိုင်းနှင့် အတွင်းပိုင်း နှစ်ပိုင်းပါဝင်သည်။ အပြင်ပိုင်းအသံစုဆောင်းသည့် ကိရိယာ (Sound Processor) သည် နားအနောက်ပိုင်းတွင် ချိတ်၍ တပ်ဆင်ရသော အပိုင်းဖြစ်ပြီး အသံလှိုင်းကို ဖမ်းယူ၍ လျှပ်စစ်လှိုင်း အဖြစ်ပြောင်းကာ နားအတွင်းပိုင်းသို့ ပို့ဆောင်ပေးသည်။ အတွင်းပိုင်းကိုမူ နားအနောက်အရိုးအား ခွဲစိတ်၍ အတွင်း နားထဲသို့ ထည့်သွင်းထားရပါသည်။ အပြင်ပိုင်းမှ ပေးပို့သော လျှပ်စစ်လှိုင်း များကို အတွင်းပိုင်းရှိစက်မှ သယ်ဆောင်ကာ အတွင်းနားထဲရှိ နားအကြားအာရုံကို လှုံ့ဆော်ပေးခြင်းဖြင့် အသံကိုကြားရခြင်းဖြစ်သည်။

## အတွင်းနားအကြားအာရုံနှိုးဆွစက် တပ်ဆင်ခြင်း၏ အကျိုးကျေးဇူး

မွေးရာပါ နားအကြားအာရုံချို့ယွင်းသော ကလေးများနှင့် မွေးဖွားပြီးမှ အကြောင်းတစ်ခုခုကြောင့် နားမကြား၍ စကားမပြောနိုင်သော ခြောက်နှစ်အောက် ကလေးများအား အတွင်းနား အကြားအာရုံနှိုးဆွစက်ကို ခွဲစိတ်၍ တပ်ဆင်ပေးခြင်းဖြင့် အကြားအာရုံရရှိပြီး စကားပြောတတ်လာအောင် သင်ကြားပေးနိုင်သည်။ ဤနည်းဖြင့် ၎င်း ကလေးငယ်များအား အခြားကလေးများနည်းတူ ပညာသင်ကြားနိုင်ပြီး လူ့လောကအလယ်တွင် ရပ်တည်နိုင်အောင် ပြုလုပ်ပေးနိုင်သည်။ စကားပြောတတ်ပြီး နောက်ပိုင်းမှ နားအကြားအာရုံထိခိုက်ပျက်စီးသွားသော သူများတွင်လည်း ဤစက်တပ်ဆင်ပေးခြင်းဖြင့် မိမိတို့၏ ပုံမှန်လူမှုဘဝသို့ ပြန်လည်ရောက်ရှိအောင် ခေါ်ဆောင်နိုင်သည်။

> ❖ ကလေး၏ အကြားအာရုံ လျော့နည်းနေလျှင် ကလေးအသက် တစ်နှစ်မှစ၍ နားကြားကိရိယာ (Hearing Aid ) တပ်ဆင်ရန် လိုအပ်သည်။ နားကြားကိရိယာ တပ်ဆင်ပြီးပါကလည်း နားအကြားအာရုံ တိုးတက်မှု ရှိ၊ မရှိ အကြိမ်ကြိမ်ပြန်လည် စစ်ဆေးရန် လိုအပ်ပြီး လုံလောက်သော တိုးတက်မှုမရှိပါက အတွင်းနားအကြားအာရုံနှိုးဆွစက် တပ်ဆင်ရန် လိုအပ်ပါသည်။ ဤစက်တပ်ဆင်ခြင်းကို ကလေး၏ အသက်ငါးနှစ်မကျော်မီ ပြုလုပ်မှသာ အောင်မြင်မှုရရှိနိုင်မည်ဖြစ်

## ကလေး၏ နားအကြားအာရုံ ပါရှိ/မရှိ စောစီးစွာသိရှိရန် လိုအပ်

မိဘများအနေဖြင့် မိမိကလေး၏ နားအကြားအာရုံ ပါရှိ၊ မရှိ စောစီးစွာ သိရှိရန် လိုအပ်လှပါသည်။ ပုံမှန်ကလေး စကားပြောရမည့် အရွယ်တွင် ပြောခြင်း မရှိလျှင် သို့မဟုတ် ကလေးအကြားအာရုံ ချို့ယွင်းသည်ဟု သံသယရှိလျှင် နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်များနှင့်ပြသ၍ လိုအပ်သော စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ရန် အရေးတကြီး လိုအပ်ပါသည်။ ကလေး၏ အကြားအာရုံ လျော့နည်းနေလျှင် ကလေးအသက် တစ်နှစ်မှစ၍ နားကြားကိရိယာ ( Hearing Aid ) တပ်ဆင်ရန် လိုအပ်သည်။ နားကြားကိရိယာတပ်ဆင်ပြီးပါကလည်း နားအကြားအာရုံ တိုးတက်မှု ရှိ၊ မရှိ အကြိမ်ကြိမ် ပြန်လည်စစ်ဆေးရန် လိုအပ်ပြီး လုံလောက်သော တိုးတက်မှု မရှိပါက အတွင်းနားအကြား အာရုံ နှိုးဆွစက် တပ်ဆင်ရန် လိုအပ်ပါသည်။

ဤစက်တပ်ဆင်ခြင်းကို ကလေး၏ အသက် ငါးနှစ်မကျော်မီ ပြုလုပ်မှသာ အောင်မြင်မှုရရှိနိုင်မည် ဖြစ်သည်။ ကလေးများ၏ ဦးနှောက်အာရုံကြော ဖွံ့ဖြိုးမှုသည် အသက် သုံးနှစ်ကျော်ပါက နှေးကွေးသွားတတ်ပြီး အသက် ငါးနှစ်နောက်ပိုင်းတွင် ဖွံ့ဖြိုးမှုမရှိသလောက် ဖြစ်သွားသည်။ အသက် ငါးနှစ်နောက်ပိုင်းမှ စက်တပ်ဆင်မည်ဆိုပါက ကလေး၏ အကြားအာရုံဖွံ့ဖြိုးမှု မရှိနိုင်တော့ပါ။ ထို့ကြောင့် ကလေး၏ အကြားအာရုံကို စောစီးစွာ အချိန်မီသိရှိပြီး လျင်မြန်ထိရောက်သော ကုသမှုပေးရန် အလွန်အရေးကြီးလှသည်။

## မြန်မာနိုင်ငံ၏ ပထမဆုံးသော အတွင်းနားအကြားအာရုံနှိုးဆွစက် (Cochlear Implant)

မြန်မာနိုင်ငံ၏ ပထမဆုံးသော အတွင်းနားအကြားအာရုံ နှိုးဆွစက်ကို ဂျာမနီနိုင်ငံ ဘာလင်မြို့မှ ပါမောက္ခ Heidi Olze နှင့် မြန်မာနိုင်ငံ နား၊ နှာခေါင်း၊ လည်ချောင်း ခွဲစိတ်ကုဆရာဝန်များ ပူးပေါင်း၍ ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် တာမွေ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီး၌ စုစုပေါင်းလူနာ ငါးဦးကို ခွဲစိတ်တပ်ဆင်နိုင်ခဲ့သည်။ ၂၀၁၂ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် မလေးရှားနိုင်ငံ University of Malaysia မှ ပါမောက္ခ Prepageran narayanan နှင့် မြန်မာဆရာဝန်များ ပူးပေါင်း၍လူနာကိုးဦးအား လည်းကောင်း၊ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၃၁ ရက်တွင် Australia နိုင်ငံ Salzburg မှ ပါမောက္ခ Gerd Rasp ဦးဆောင်သော အဖွဲ့နှင့် မြန်မာဆရာဝန်များပူးပေါင်း၍ ခြောက်ဦးကိုလည်းကောင်း ထပ်မံခွဲစိတ်တပ်ဆင်ပေးခဲ့သည်။

## နိုင်ငံခြားသားဆရာဝန်များ၏အကူအညီ မပါရှိဘဲ မြန်မာဆရာဝန်များက ခွဲစိတ်တပ်ဆင်ပေးနိုင်ခဲ့


၂၀၁၄ ခုနှစ်မှစ၍ နိုင်ငံခြားသားဆရာဝန်များ၏ အကူအညီမပါရှိဘဲ မြန်မာနိုင်ငံ နား၊ နှာခေါင်း၊ လည်ချောင်း ဆရာဝန်များအဖွဲ့က အတွင်းနားအကြား အာရုံနှိုးဆွစက်များကို အောင်မြင်စွာ ခွဲစိတ်တပ်ဆင်ပေးနိုင်ခဲ့ရာ ၂၀၁၄ ခုနှစ်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီလအထိ ကလေးငယ် ၃၅ ဦးကို ခွဲစိတ်တပ်ဆင်ပေးခဲ့ပြီး ဖြစ်သည်။

## အတွင်းနားအကြားအာရုံနှိုးဆွစက် ဆိုင်ရာ ဆေးခန်းများ ဖွင့်လှစ်ထားရှိ

အတွင်းနားအကြားအာရုံ နှိုးဆွစက်ဆိုင်ရာဆေးခန်း (Cochlear Implant Clinic) များကို နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်း ခွဲစိတ်ကုဌာနများတွင် ဖွင့်လှစ်ထားရှိပြီး နေရာဌာနအသီးသီးမှလွှဲပြောင်းပို့ဆောင်လာသည့် နားအကြားအာရုံ ချို့ယွင်းနေသောလူနာများကို ပြန်လည် စစ်ဆေးခြင်း၊ မွေးဖွားသည့် ရာဇဝင်နှင့် နားနှင့်ပတ်သက်၍ အခြားထိခိုက်နိုင်သော အကြောင်းများ ရှိ၊ မရှိ မေးမြန်းခြင်း၊ နားအကြားအာရုံစမ်းသပ်ခြင်းများ ပြုလုပ်ပြီး အတွင်းနားအကြားအာရုံ နှိုးဆွစက်ကို တပ်ဆင်ရန် လိုအပ်ခြင်း ရှိ၊ မရှိ စစ်ဆေးဆုံးဖြတ်ပါသည်။ ထိုသို့ ဆုံးဖြတ်ရာတွင် ကလေး၏ အသက်၊ နောက်ခံမိသားစု၏ အခြေအနေ၊ စက်တပ်ဆင်ပြီး နောက်ပိုင်းတွင် အရေးကြီးသော စကားပြောသင်ယူရာ အပိုင်းတွင် လိုက်လံပံ့ပိုးလုပ်ဆောင်ပေးနိုင်မှု ရှိ၊ မရှိတို့ကို မူတည်၍ ရွေးချယ်ပါသည်။ စက်မတပ်ခင်ကာလတွင် နားကြားကိရိယာများ (Hearing Aid) ကြိုတင်တပ်ဆင်ခြင်းနှင့် နားကြားကိရိယာတပ်ဆင်ပြီး အကြားအာရုံ တိုးတက်မှုကို စက်ဖြင့် ပြန်လည်စမ်းသပ်ခြင်းများ ပြုလုပ်ပါသည်။

## အတွင်းနားအကြားအာရုံနှိုးဆွစက် တပ်ဆင်ရန်လိုအပ်သည့် အချက်များ

အတွင်းနားအကြားအာရုံနှိုးဆွစက် တပ်ဆင်မည့်ကလေးများအား ဆေးရုံအုပ်ကြီး၊ ပါမောက္ခဌာနမှူး၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်ကြီးများ၊ ခတ်မှန်ဆရာဝန်ကြီးနှင့် မေ့ဆေးဆရာဝန်ကြီးတို့ ပါဝင်သော ဘုတ်အဖွဲ့က လူနာရှင်မိဘများနှင့် တွေ့ဆုံမေးမြန်းပြီး အမှန်တကယ် စက်တပ်ဆင်ရန် လိုအပ်မှု ရှိ၊ မရှိ၊ သင့်လျော်မှု ရှိ၊ မရှိ စိစစ်ရွေးချယ်ဆုံးဖြတ်သည်။ အတွင်းနားအကြား



အတွင်းနားအကြားအာရုံနှိုးဆွစက် (Cochlear Implant) အလုပ်လုပ်ပုံ။



ကလေးငယ်တစ်ဦးတွင် အတွင်းနားအကြားအာရုံနှိုးဆွစက် တပ်ဆင်ထားစဉ်။

စာမျက်နှာ ၁၇ သို့

# လှိုင်ကော်မြို့နယ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ၌ ပျိုးပင် ၁၂၀၀ စုပေါင်းစိုက်ပျိုး



**လှိုင်ကော် ဇွန် ၄**

ကယားပြည်နယ် လှိုင်ကော်မြို့နယ်၌ ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို လှိုင်ကော်တက္ကသိုလ်ဝင်းအတွင်း ဇွန် ၃ ရက်က ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင် တက်ရောက်၍ အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာသည့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများအား ပျိုးပင်များပေးအပ်ပြီး သစ်ပင်စိုက်ပျိုးပွဲ တက်ရောက်လာကြသူများက သတ်မှတ်နေရာများတွင် ပျိုးပင်များကို စိုက်ပျိုးကြသည်။

အဆိုပါသစ်ပင်စိုက်ပျိုးပွဲသို့ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူ ၃၂၂ ဦး တက်ရောက်ကြပြီး သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်မှုရှိစေရန်၊ သစ်တောသယံဇာတရေရှည်တည်တံ့စေရန်၊ ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းရန်၊ သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများ တက်ကြွစွာ ပူးပေါင်းပါဝင်လာစေရန်ရည်ရွယ်၍ ဒေသနှင့်ကိုက်ညီသည့် ကံ့ကော်၊ ခရေ၊ စိန်ပန်းနီ၊ စိန်ပန်းပြာ၊ မဟော်ဂနီ၊ ကျွန်း၊ ခါတော်မီ၊ဆီးသပြေ၊ ပျဉ်းကတိုး၊ သပြေဘူတ၊ ဝါးပိုးဝါးစသည့် ပျိုးပင်ပေါင်း ၁၂၀၀ ကို စုပေါင်းစိုက်ပျိုးကြကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**

# ကန့်ဘလူမြို့နယ်၌ လယ်မြေဧက ၁၀၀ ကို စက်မှုလယ်ယာမြေအဖြစ် စနစ်တကျဖော်ထုတ်မည်

**ကန့်ဘလူ ဇွန် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ခါးတောက်ရင်းအုပ်စု ကံရိုးကျေးရွာ၌ လယ်ယာမြေဧက ၁၀၀ ကို လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲစိုက်ပျိုးနိုင်ရေးအတွက် စနစ်တကျ လယ်ယာမြေအဖြစ် မြို့နယ်စက်မှု လယ်ယာဦးစီးဌာနက ဖော်ထုတ် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

စနစ်ကျ စက်မှုလယ်ယာများ ဖော်ထုတ်နိုင်ရန်အတွက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေများဖြင့် စက်မှုလယ်ယာများ ဖော်ထုတ်မည်ဖြစ်ကြောင်းနှင့် ဒေသခံတောင်သူများ၏ ပုံသဏ္ဌာန်မမှန်သော လယ်ယာမြေကွက်များကို ပုံသဏ္ဌာန်မှန်သွားအောင် ၁၆ ပေအကျယ် ကုန်ထုတ်လမ်း နှစ်လမ်း၊ လယ်တစ်ကေကွက် နှစ်ကွက်ခြားရေသွင်း/ ရေထုတ်မြောင်းတစ်မြောင်း၊ ရေတံခါး ၁၂ ခု၊ လယ်တစ်ကွက်ချင်းစီအတွက် ထွန်စက် တက်/ ဆင်းလမ်း၊ ရေယူအဆောက်အအုံ နှစ်ခုတို့ကို ထွန်စက်ကြီးငါးစီး၊ မြေညှိကိရိယာ၊ ခုနစ်သွားထယ် ငါးလက်၊ ဘက်ဟိုးတစ်စီး၊ မြေကော်ကားတစ်စီး၊ မြေသယ်ယာဉ် သုံးစီးတို့ဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး တောင်သူများ စိုက်၊ ရိတ်၊ သိမ်းစနစ်ပိုမိုကောင်းမွန်လာကာ ကုန်ထုတ်စွမ်းအားများလည်း တိုးမြင့်လာမည်ဖြစ်ကြောင်း မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးတင်မောင်ထွန်းက ပြောသည်။

စက်မှုလယ်ယာများ ဖော်ထုတ်ရာတွင် ထွန်ယက်စိုက်ပျိုးချိန်မှစ၍ ရိတ်သိမ်းခြွေလှေ့သည်အထိ စက်ကိရိယာများဖြင့် ဆောင်ရွက်ကြသည့်အခါတွင် စနစ်တကျဖြစ်စေရေးအတွက် လိုအပ်သောမြေအကျယ်အဝန်း တိုင်းတာခြင်း၊ ကန်သင်းဖျက်ခြင်း၊ ထယ်ထိုးထယ်ချခြင်း၊ မြေညှိခြင်း၊ တစ်သီးမှသည် နှစ်သီး သုံးသီး စိုက်ပျိုးနိုင်ရေးအတွက် ရေသွင်းရေထုတ်စနစ်များ၊ ထွက်ရှိလာသောသီးနှံများကို သယ်ယူရောင်းချနိုင်ရေး ကုန်ထုတ်လမ်းများစသည်ဖြင့် အဆင့်ဆင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တောင်သူများအနေဖြင့် စက်မှုလယ်ယာစနစ်တွင် စက်ယန္တရားများ အသုံးပြု၍ စိုက်ပျိုးနိုင်ပါက လုပ်သားရှားပါးမှုအခက်အခဲကို ကျော်လွှားနိုင်ပြီး အချိန်တိုအတွင်း သီးနှံများကို နှစ်သီးသုံးသီးစိုက်ပျိုးနိုင်မည် ဖြစ်သည်။ စနစ်ကျလယ်ယာမြေများသည် ရေထိုင်၊ မြေထိုင်ကောင်းမွန်၍ သမားရိုးကျလယ်ယာမြေများထက် သီးနှံအထွက်နှုန်း ပိုမိုကောင်းမွန်ခြင်း၊ ဈေးကွက်သို့ ပို့ဆောင်ရာတွင် လွယ်ကူခြင်းစသည့် အားသာချက်များရှိကာ ယခုကဲ့သို့ စနစ်ကျလယ်ယာမြေများ ဖော်ထုတ်နိုင်ခြင်းဖြင့် ဒေသခံတောင်သူများအတွက်ရော စိုက်ပျိုးရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက်ပါ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



*စာမျက်နှာ ၁၆ မှ*

အာရုံနှိုးဆွစက် တပ်ဆင်မည့် ကလေးများကို အောက်ဖော်ပြပါအချက်များပေါ်မူတည်၍ ရွေးချယ်ပါသည်-

- ကလေးအသက် တစ်နှစ်ပြည့်ပြီး အသက် ခြောက်နှစ်မတိုင်မီ ဖြစ်ရပါမည်။
- နားကြားကိရိယာ (Hearing Aid) သုံးလမှ ခြောက်လအတွင်း တပ်ဆင်ထားပြီး လုံလောက်သော အကြားအာရုံတိုးတက်မှု မရှိခြင်း။
- ဦးနှောက်နှင့် ပတ်သက်သော ရောဂါများ၊ မွေးရာပါ အခြားရောဂါများ (eg. Downs' Syn-dome, Autism) နှင့် စိတ်ကျန်းမာရေးချို့တဲ့သူများ မဖြစ်ရပါ။
- စက်ခွဲစိတ်တပ်ဆင်ရန် အလယ်နားနှင့် အတွင်းနားတည်ဆောက်မှု မှန်ကန်ရမည်။
- အကြားအာရုံပေးသော အာရုံကြော (Vestibulo Cochlear Nerve) ပါရှိရမည်။
- ခွဲစိတ်ကုသမှုခံယူနိုင်ရန် ကျန်းမာရေး ကောင်းမွန်ရပါမည်။
- မိဘအုပ်ထိန်းသူများမှ စက်တပ်ဆင်ပြီးပါက နောက်ပိုင်းတွင် အရေးကြီးသော စကားပြောသင်ယူမှုအပိုင်းနှင့် နောက်ပိုင်းပညာ ဆက်လက်သင်ကြားပေးနိုင်သည်အထိ တိကျစွာ လိုက်လံပံ့ပိုးတာဝန်ယူ လုပ်ဆောင်နိုင်သူဖြစ်ရပါမည်။







**၂၀၂၂ ခုနှစ်အတွင်း အတွင်းနား အကြားအာရုံနှိုးဆွစက် တပ်ဆင်ကုသမှုပေးခဲ့သော ကလေးငယ်များပုံ။** (ကလေးများမှာ အကြားအာရုံ ပြန်လည်စမ်းသပ်စစ်ဆေးရာ အကြားအာရုံ တိုးတက်ကောင်းမွန်လာပြီး စကားပြောဆိုနိုင်စွမ်း ရှိလာသည်ကို တွေ့ရှိရပါသည်။)







**၂၀၂၃ ခုနှစ်အတွင်း အတွင်းနားအကြားအာရုံနှိုးဆွစက် တပ်ဆင်ကုသမှုပေးခဲ့သော ကလေးငယ်များပုံ။** (၂၀၂၃ ဇန်နဝါရီလတွင် အတွင်းနားအကြားအာရုံနှိုးဆွစက် တပ်ဆင်ထားသော ကလေးများဖြစ်ပြီး ၎င်းတို့ကို ခွဲစိတ်ပြီး တစ်လအကြာတွင် စတင်၍ စကားပြောသင်ယူစေလျက်ရှိသည်။)

### အတွင်းနားအကြားအာရုံနှိုးဆွစက် တပ်ဆင်ရာတွင် ဆောင်ရွက်ပုံ


အတွင်းနားအကြားအာရုံနှိုးဆွစက် တပ်ရန်လိုအပ်သော ကလေးများအား ဦးခေါင်းနှင့် နား၏ အခြေအနေကို သိရှိရန် CT Scan ကွန်ပျူတာဓာတ်မှန်ရိုက်ခြင်း၊ အကြားအာရုံကြော (Vestib-ulo-Cochlear Nerve) ပါရှိ၊ မရှိ သိရန် MRI ရိုက်ခြင်းနှင့် ရှစ်မျိုးစပ် ကာကွယ်ဆေးထိုးခြင်းများ ကြိုတင်ပြုလုပ်ပေးသည်။

အတွင်းနားအကြားအာရုံနှိုးဆွစက် ခွဲစိတ်တပ်ဆင်မှုသည် ကလေးအတွက် အကြားအာရုံရရှိပြီး ပုံမှန်ကလေးများနည်းတူ စကားပြောဆိုနိုင်မှုရရှိရန် တစ်စိတ်တစ်ဒေသမျှသာဖြစ်၍ ခွဲစိတ်ပြီးနောက်ပိုင်းတွင် ပြန်လည်ထူထောင်ခြင်း (Rehabilitation) ပြုလုပ်ရမည့် စကားပြောသင်ယူမှု အပိုင်းများသည်လည်း အရေးပါလှသည်။ လူနာရှင်မိသားစုကိုလည်း စက်တပ်ဆင်ခြင်းနှင့် စက်တပ်ဆင်ပြီးပါက လိုက်နာဆောင်ရွက်ရမည့်အရာများကို ဆွေးနွေးပြောဆိုခြင်း (Counselling) များကို ပြုလုပ်ပေးမည်ဖြစ်သည်။

အတွင်းနားအကြားအာရုံနှိုးဆွစက် ခွဲစိတ်တပ်ဆင်ပြီးပါကလည်း အတွင်းနားအကြားအာရုံ နှိုးဆွစက်ဆိုင်ရာ ဆေးခန်းသို့ ပြန်လည်ခေါ်ယူပြီး စက်ဖွင့်ခြင်း၊ အကြားအာရုံပြန်လည်စမ်းသပ်ခြင်း၊ စကားပြောကုထုံး (Speech th-eraphy) များပေးခြင်းနှင့် နောက်ပိုင်းတွင် သက်ဆိုင်ရာကျောင်းများ (ဥပမာ-နားမကြားသော ကလေးများကျောင်း-Mary Chapmin School for the Deaf) သို့ လွှဲပြောင်းအပ်နှံခြင်းများအထိ ဆက်လက် လုပ်ဆောင်ပေးလျက်ရှိသည်။

### အတွင်းနားအကြားအာရုံနှိုးဆွစက်များကို နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဝယ်ယူပံ့ပိုးပေးလျက်ရှိ

နှစ်စဉ် နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ပံ့ပိုးဝယ်ယူပေးသော အတွင်းနားအကြားအာရုံနှိုးဆွစက်များကို ငွေကြေးမတတ်နိုင်သော မွေးရာပါနားမကြားသည့် ကလေးလူနာများအား နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်အထူးကုဆေးရုံကြီး (ရန်ကုန်မြို့) တွင် ခွဲစိတ်တပ်ဆင်ပေးလျက်ရှိကြောင်း တင်ပြအသိပေးအပ်ပါသည်။ ။





## "ဖြူစင်သောစိတ်ထားနှင့် သူများကောင်းအောင် ကြိုးစားပါ" အပါအဝင် စာစုများစာအုပ်ထွက်ရှိ

နေပြည်တော် ဇွန် ၄

**Keep Mind Pure, Be Good to Others ဖြူစင်သောစိတ်ထားနှင့် သူများကောင်းအောင် ကြိုးစားပါ အပါအဝင် မြန်မာ့အလင်း၊ ကြေးမုံ နေ့စဉ်သတင်းစာပါ ဆောင်းပါးများ စုစည်းမှုစာအုပ်ထွက်ရှိလာပြီဖြစ်သည်။**

မြတ်ဗုဒ္ဓ၏ တရားဓမ္မများအပေါ် အခြေခံ၍ ပါမောက္ခချုပ်ဆရာတော်ကြီး ဒေါက်တာ နန္ဒမာလာဘိဝံသ ပြန်လည်ဟောကြားခဲ့သည့် တရားတော်များနှင့် အဆုံးအမများအား အခြေခံကာ စာရေးသူ မောင်မောင်လင်း (သံအမတ်ကြီး) ရေးသားပြုစုထားသည့် ယင်းစာအုပ်ပါ ဆောင်းပါးများသည်ဗုဒ္ဓဘာသာ၏အခြေခံအကျဆုံးဖြစ်သည့် စိတ်ကို ဖြူစင်အောင် ထားတတ်စေရန်၊ သီလစောင့်ထိန်း လုံခြုံစေရန်အတွက် မဂ္ဂင်ရှစ်ပါး လမ်းကြောင်းပေါ်မှ သစ္စာလေးပါးအမြင်နှင့် လောကီ၊ လောကုတ္တရာ အကျိုးကို ကိုယ်တိုင် ဖော်ဆောင်သကဲ့သို့ ကျန်သူများ လိုက်နာနိုင်စေရန်လည်း တိုက်တွန်းထားသည့် စာပေလက်ရာများပင်ဖြစ်သည်။

ဤဆောင်းပါးစာစုများတွင် တစ်ဖက်သားရဲ့ နှလုံးသားကို သိမ်းပိုက်စိုးမိုးနိုင်ရေးဆိုရာဝယ်၊ စိတ်အညစ်အကြေးကို ဖြူစေဖို့ဆိုရာဝယ်၊ နေ့စဉ်ဘဝထဲမှာပင် တရားရှာဖွေ ငြိမ်းအေးစေ...၊ ကောင်းမွန်စွာ ပြုမူနေထိုင်ခြင်းနှင့် အပြစ်ကင်းသော အလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုခြင်း ဆိုရာဝယ်၊ ဝေဖန်ပိုင်းခြား စဉ်းစားတွေးခေါ်မှု (Critical Thinking) ဆိုရာဝယ် အစရှိသည့် ဆောင်းပါးကောင်း ၁၃ ပုဒ်ပါဝင်သည်။





ယင်းစာအုပ်ကို တန်ဖိုးငွေကျပ် ၅၅၀၀ ဖြင့် နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၊ ရန်ကုန်ဘူတာကြီး၊ အမှတ် (၁) စကြံ(ပန်းဆိုးတန်းခုံးကျော်တံတားအောက်)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေးစာတိုက်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉-၈၇၃၆၅၃၆၂၅၊ ၀၉-၈၈၃၄၈၃၇၁၈ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ပြီဖြစ်သည်။

**မြန်မာ့အလင်း**

## မက္ကာဒေးမီးယား အဆန်ထုတ်လုပ်ခြင်းနှင့် စံချိန်၊ စံညွှန်းစာအုပ်ထွက်ရှိ

**နေပြည်တော် ဇွန် ၄**

မြန်မာပြည်ရာသီဥတု အခြေအနေနှင့် မြေအနေအထားအရ စိုက်ပျိုးထုတ်လုပ်ခြင်းအတွက် အထောက်အကူ ဖြစ်စေမည့် အမျိုးသားစာပေဆုရှင် စာရေးဆရာ ရတနာစိုး၏ မက္ကာဒေးမီးယား အဆန်ထုတ်လုပ်ခြင်းနှင့် စံချိန်၊ စံညွှန်းစာအုပ်ထွက်ရှိလာပြီဖြစ်သည်။



စာရေးသူသည် စိုက်ပျိုးရေးဝန်ကြီးဌာန၌ ညွှန်ကြားရေးမှူးတာဝန်ကို နှစ်ပေါင်းများစွာ ထမ်းဆောင်ခဲ့သည့် စိုက်ပျိုးရေးကျွမ်းကျင်ပညာရှင် တစ်ဦးဖြစ်ပြီး စပါးအကြောင်း၊ ဝါးအကြောင်း၊ မှိုအကြောင်း၊ ကြိမ်အကြောင်းနှင့် ယမနေ အမြဲစိမ်းသစ်တော ပြုစုစိုက်ပျိုးနည်း စသောစိုက်ပျိုးရေးသမားများအတွက် လက်တွေ့အသုံးချစာအုပ်များ ထုတ်ဝေခဲ့သူလည်း ဖြစ်သည်။ ယခုစာအုပ်တွင် စာရေးသူက နိုင်ငံတကာဈေးကွက်ဝင်ပြီး လက်ငင်းအကျိုးအမြတ်ရရှိနိုင်သော စိုက်ပျိုးရေးထွက်ကုန် တစ်မျိုးဖြစ်သည့် မက္ကာဒေးမီးယားအဆန်ကိုအရည်အသွေးကောင်း၊ တန်ဖိုးမြင့်ကုန်ထုတ်လုပ်နည်းနှင့် စံချိန်စံညွှန်း စနစ်များအကြောင်း အသေးစိတ် ဖော်ပြထားသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

ယင်းစာအုပ်ကို ရတနာတင့်စာပေတိုက် ခြံအမှတ် ၂၅ ဝေဇယန္တာလမ်း သင်္ဃန်းကျွန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၈၅၅၀၇၂၅၊ ၀၉-၄၀၄၀၇၇၈၈၊ ၀၉-၄၀၄၀၇၇၉၉၊ ၀၉-၂၀၀၂၄၄၇ တို့သို့ တိုက်ရိုက်ဆက်သွယ်ဝယ်ယူနိုင်ပြီဖြစ်သည်။

**မြန်မာ့အလင်း**

## စာပေဗိမာန်စာမူဆုရ စာအုပ်များဖြန့်ချိရောင်းချ

**နေပြည်တော် ဇွန် ၄**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က စာပေဗိမာန်စာမူဆု ဝတ္ထုတိုပေါင်းချုပ် ပထမဆုရရှိသည့် စာရေးဆရာ ရဲမင်းစိုး၏ **"တိမ်တွေလွင့်မျောနေသည်နှင့် အခြားဝတ္ထုတိုများ"** စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ဝတ္ထုတို ၁၂ ပုဒ် ပါဝင်သည်။ မိဘနှင့် သားသမီး၊ စုန်ရေနှင့် ဆန်ရေ၊ အပြန်အလှန် မေတ္တာထားကြရာတွင် ကိုယ်တွေ့ကြုံမှ မိဘကျေးဇူးအထူးထူးကို တသသ ခံစားနေကြရသည့် အဖြစ်များ၊ မိသားစု၏ အိမ်ထောင်ဦးစီး အကြီးအကဲများ ဖြစ်ကြသော်လည်း မူးယစ်ရမ်းကားပြီး မိသားစုကို အနိုင်ကျင့်နှိပ်စက်ညှဉ်းပန်းမှုများကြောင့် သေကျေကွေကွင်း စိတ်ဆင်းရဲကြရသည့် အိမ်ထောင်ရေးအရှုပ်အထွေးများ၊ ပင်လယ်ပြင်မှ ရေ၊ လေ၊ တိမ်နှင့် ကြယ်များကို ကြည့်မှတ်ပုံဖော်တတ်သောအသိမှာ သဘာဝတရားနှင့် အတွေ့အကြုံအဖုံဖုံကသင်ကြားပေးလိုက်သည့် တံငါအလုပ်နှင့် အသက်ဆက်နေကြရသော ပင်လယ်ပြင်ထဲမှ တံငါသည်များ၏ ရုန်းကန်လှုပ်ရှားမှုများ "မိန်းမမီးနေ၊ ယောက်ျားဖောင်စီး" ဟူသော စကားနှင့်အညီ အသက်ကို မငဲ့ကွက်နိုင်ဘဲ ရေဝဲကတော့များကြားမှာ စွန့်စားရှာဖွေ စားသောက်နေကြရသော ဖောင်လုပ်သားများ၏ ဆင်းရဲဒုက္ခများကို ပီပြင်အောင် ရေးသားထားသော စာအုပ်ဖြစ်သည်။






အလားတူ စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် ဝတ္ထုရှည် တတိယဆုရ စာရေးဆရာ ကိုရင်ကျော်၏ "အရိုင်းပန်းတစ်ပွင့် အလှဂုဏ်တင့်လေတော့" စာအုပ်ကို စာပေဗိမာန်က ပြည်သူ့လက်စွဲစာစဉ်အဖြစ် ထုတ်ဝေဖြန့်ချိလိုက်သည်။

ယင်းစာအုပ်တွင် ၁၉၆၀ ပြည့်လွန်ကာလကို နောက်ခံပြု၍ ဦးအောင်ကျော်မောင်၏ ကလေးဘဝမှ ဝတ္ထုကို အစပြုထားသည်။ ဆင်းရဲနွမ်းပါးသော မိသားစုမှ ပေါက်ဖွားလာကာ ကလေးဘဝမှာပင် ဖတဆိုးဖြစ်ခဲ့ရပြီး ဈေးပတ်လိုက်၍ ဈေးရောင်းရသော အမေ့ကို ကူညီရသည်။ မိခင်၏ဆန္ဒအတိုင်း ပညာတတ် ကျောင်းဆရာတစ်ဦး ဖြစ်လိုလှသော်လည်း ကျောင်းချိန်မမှန်ခြင်း၊ ကျူရှင်မယူရခြင်းကြောင့် စာမေးပွဲလည်း အကြိမ်ကြိမ် ကျရှုံးရသည်။ သို့သော် အားမလျှော့ဘဲ ဇွဲလုံ့လအပြည့်ဖြင့် ထပ်မံကြိုးစားသည်။ နောက်ဆုံး၌ ဘွဲ့ရကာ သူ၏ မနားမနေ လေ့လာအားထုတ်မှုကြောင့် အစိုးရဝန်ထမ်းဘဝတွင် ရာထူးအဆင့်ဆင့်တိုးပြီး အောင်မြင်မှုရခဲ့ကြောင်း ရေးဖွဲ့ထားသော ဝတ္ထုရှည်ဖြစ်သည်။ ရိုးသားကြိုးစားခြင်း၏ ရလဒ်ကို ဖော်ညွှန်းကာ စာဖတ်သူများကို ဘဝအားမာန်ဖြစ်စေသည်။

အဆိုပါ စာအုပ်နှစ်အုပ်ကို ရောင်းဈေး ငွေကျပ် ၃၀၀၀ နှုန်းဖြင့် အမှတ် (၅၂၉ - ၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း - ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၃၄၄၈၊ အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၂-၄၀၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၃၄၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




## တောင်ငူခေတ်

**နေပြည်တော် ဇွန် ၄**

တောင်ငူကို သဝန်ကြီး၊ သဝန်ငယ်ကစ၍ တည်ထောင်ခဲ့ရာ မင်းစည်သူအထိ မင်းပေါင်း နှစ်ဆယ့်ရှစ်ဆက်စိုးစံခဲ့သည်ဟု တောင်ငူ ရာဇဝင်တွင် ပါရှိသည်။ မင်းစည်သူလက်ထက်အထိ တောင်ငူမှာ အဝ၏လက်အောက်ခံအဖြစ်သာ နေခဲ့ရသည်။ တောင်ငူကို အုပ်ချုပ်သူမှာလည်း မြို့စားအဆင့်သာရှိသည်။ အဝတွင် ရှမ်းရန်ကြောင့် အခြေအနေယိမ်းယိုင်လာသည့်အခါတွင် တောင်ငူမှာ တစ်စတစ်စ အားကောင်းလာသည်။ အဝဘုရင် ရွှေနန်းကြော့ရှင် နရပတိလက်ထက်တွင် တောင်ငူမြို့စား မင်းကြီးညိုကို နှမတော်နှင့် ထိမ်းမြား၍ ဘွဲ့တံဆိပ်နာမည်များ ချီးမြှင့်ခဲ့သည်။ မဟာသီရိဇေယျသူရဘွဲ့ခံ မင်းကြီးညိုလက်ထက်တွင် လက်အောက်ခံဒေသများ တိုးပွားလာခဲ့ရာ တောင်ငူကို အုပ်ချုပ်သူတို့သည် တန်ခိုးဩဇာကြီးထွားလာခဲ့သည်။ မင်းတရားရွှေထီးနှင့် ဟံသာဝတီဆင်ဖြူများရှင် လက်ထက်တွင် တောင်ငူမှ ဟံသာဝတီသို့ ရွှေ့ပြောင်းလျက် အခြေပြုကာ နိုင်ငံစည်ပင်လာပြန်သည်။ တောင်ငူခေတ်တွင် မင်းကြီးညို၊ တပင်ရွှေထီး၊ ဒုတိယမြန်မာနိုင်ငံတော်ကို တည်ထောင်သူဟု သမိုင်းတွင်သည့် ဘုရင့်နောင်နှင့် နန္ဒဘုရင်တို့ပါဝင်ပြီး သက်တမ်းကာလ နှစ်တစ်ရာ ကျော်ကြာမြင့်ခဲ့သည်။ ငါးဆူဒါယကာဘွဲ့ခံ နန္ဒဘုရင်လက်ထက်တွင် ဒုတိယမြန်မာနိုင်ငံတော်ကြီး ပြိုကွဲခဲ့သည်။ ကေတုမတီ တောင်ငူသမိုင်းနှင့်ပတ်သက်ပြီး ပြုစုထားသော ဤ "တောင်ငူခေတ်" စာအုပ်တွင်နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့ကို ကျောက်စာ၊ ပေစာများမှ မူရင်းအထောက်အထားအချက်အလက်များကိုရယူ၍ ပြုစုရေးသားထားသောကြောင့် တောင်ငူခေတ်သမိုင်းကြောင်းကို အခိုင်အမာလေ့လာဖတ်ရှုနိုင်မည်ဖြစ်ပါသည်။ စာအုပ်တန်ဖိုးမှာ ကျပ် ၄၅၀၀ ဖြစ်သည်။

## မြန်မာ့ရက်စဉ်သမိုင်း (၁၉၄၅ - ၄၈) ဒုတိယတွဲ၊ အပိုင်း (၁)

**နေပြည်တော် ဇွန် ၄**

ဗြိတိသျှတို့သည် မြန်မာနိုင်ငံကို ၁၉၄၅ ခုနှစ် မေ ၃ တွင်




ပြန်လည် သိမ်းပိုက်ပြီးနောက် စစ်အုပ်ချုပ်ရေးဖြင့် အုပ်ချုပ်ခဲ့ပြီး ၁၉၄၅ ခုနှစ် မေ ၁၇ တွင် ဗြိတိသျှအစိုးရသည် မြန်မာနိုင်ငံအုပ်ချုပ်ရေးနှင့် ပတ်သက်သည့် ဝါဒသဘောထားဖြစ်သော စက္ကူဖြူစာတမ်းကို ထုတ်ပြန်ခဲ့သည်။ မြန်မာပြည်သူတို့သည် ဗြိတိသျှတို့၏ စက္ကူဖြူစာတမ်းကို မကြိုက်နှစ်သက်ကြချေ။ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် (ဖတပလ) သည် ၁၉၄၅ ခုနှစ် ဩဂုတ် ၁၉ တွင် နေသူရိန်ပြဇာတ်ရုံ၌ ပြည်သူ့အစည်းအဝေးကျင်းပပြီး မြန်မာပြည်သူတို့၏ ဆန္ဒနှင့် မြန်မာ့လွတ်လပ်ရေး လုပ်ငန်းစဉ်များကို ချမှတ်ခဲ့သည်။ ၎င်းလုပ်ငန်းလမ်းစဉ်များမှာ မြန်မာနိုင်ငံအတွက် လမ်းပြမြေပုံ (Road Map) ဟု ဆိုနိုင်သည့် အမျိုးသားအစိုးရတည်ထောင်ရန်၊ အရွယ်ရောက်သူ အမျိုးသား အမျိုးသမီးတိုင်းက ရွေးကောက် တင်မြှောက်သော တိုင်းပြုပြည်ပြု လွှတ်တော်ကြီးက အနာဂတ် မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ရေးဆွဲရန်နှင့် လွတ်လပ်သော မြန်မာပြည် တည်ထောင်ရန်ပါဝင်သည်။ ၁၉၄၅-၄၈ မြန်မာ့နိုင်ငံရေးကာလသည် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုနောက်ဆုံးအဆင့် ဖြစ်ပြီး မြန်မာနိုင်ငံအတွက် အရေးအကြီးဆုံးသော ကာလဖြစ်သည်။ ယင်းကာလအတွင်း မြန်မာပြည်သူတို့၏ ထောက်ခံအားပေးမှုကိုရယူ၍ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် ဖဆပလက ငြိမ်းချမ်းသောနည်းဖြင့် လွတ်လပ်ရေးရယူနိုင်အောင် နှလုံးရည်တိုက်ပွဲဆင်နွှဲခဲ့ကြပုံကို ဤရက်စဉ်သမိုင်းစာအုပ်များတွင် လေ့လာဖတ်ရှုနိုင်မည်ဖြစ်သည်။ စာအုပ်တန်ဖိုးမှာ ကျပ် ၂၅၀၀ ဖြစ်သည်။

မြန်မာအသံနှင့်ရုပ်မြင်သံကြား

၅-၆-၂၀၂၃ တနင်္လာနေ့

MRTV

[illegible]

This Week's Special Interest

New Future Program

Economic Review

MRTV National News

mitv

07:01 Evergreen Classic: Te Ja Su Ne Ma (Tekkatho Lei Lei)
07:09 Let's go to Hlawga Nature Park
07:30 Pride of Myanmar - Bagan arts and handicrafts
07:45 A Way of Life: Aikido
08:01 News
08:28 Asia Updates: The New Southern Silk Road (China - Myanmar Chapter) Part-5
08:54 World Environment Day
09:01 Exploring Migratory Birds at Moe Yun Gyi Sanctuary
09:42 Discovering Tribes: Akha- Their Life and Customs (Part-1)
10:01 News
10:27 Topical Topics
10:31 Myanmar Puppeteers (Tha Nge Taw Dance)
11:01 Myanmar Masterclass: Still Life (glass)
11:07 Myanmar Delicate Artistic Creations - Gem Stone Painting

MRTV NRC

[illegible]

MRTV

[illegible] (LIVE)

MRTV National News

MRTV

[illegible]

PR SYSTEM [illegible]

Economic review

MRTV

[illegible]

MRTV SPORTS

Sports News

Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review

[illegible]

Education Channel [illegible]

# ၂၀၂၃ ခုနှစ် အာဆီယံ မိတ်ဖက်မီဒီယာပူးပေါင်းဆောင်ရွက်ရေးဖိုရမ် တက်ရောက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ထွက်ခွာ



ရန်ကုန်  ဇွန် ၄

တရုတ်နိုင်ငံ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့တွင် ဇွန် ၆ ရက်မှ ၈ ရက်အထိ ကျင်းပမည့် "၂၀၂၃ ခုနှစ် အာဆီယံ မိတ်ဖက် မီဒီယာပူးပေါင်းဆောင်ရွက်ရေးဖိုရမ်" (2023 ASEAN Partners Media Cooperation Forum) သို့ တက်ရောက်ရန် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင် ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာသွားသည်။ **(အပေါ်ယာပုံ)**

အဆိုပါ ဖိုရမ်ကို တရုတ်-အာဆီယံ မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးတည်ထောင်ခြင်း နှစ် (၂၀)ပြည့် အထိမ်းအမှတ်၊ ရပ်ဝန်းနှင့် ပိုးလမ်းမ စီမံကိန်း (Belt and Road Initiative – BRI) (၁၀) နှစ်ပြည့် အထိမ်းအမှတ် တို့အား ရည်ရွယ်ပြီး တရုတ်ဗဟိုအသံနှင့် ရုပ်မြင်သံကြားဌာန (China Media Group – CMG) နှင့် ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအစိုးရတို့ ပူးပေါင်း၍ စီစဉ်ကျင်းပခြင်းဖြစ်သည်။

မြန်မာကိုယ်စားလှယ် အဖွဲ့တွင် ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့်အတူ ဦးစီးအရာရှိ ဦးဇော်သက်ထွန်း၊ ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်မှ CEO ဒေါ်နန်းမောက်လောဝ်ဆိုင်း နှင့် GM ဒေါ်တင်ဌေးဦးတို့ လိုက်ပါသွားကြသည် ။

**သတင်းစဉ်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၄ - ၆ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၈၄၀ ကျပ် | ၁၈၉၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၉၂၀ ကျပ် | ၁၉၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၂၅ ကျပ် | ၁၉၇၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၃၅ ကျပ် | ၂၀၈၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာလေမြို့ သစ်တောဦးစီးဌာနက ၂၀၂၃ ခုနှစ် မိုးရာသီကာလ သစ်ပင်စိုက်ပျိုးရန် ကျွန်း၊ ပျဉ်းကတိုး၊ မဲဇလီ စသည့်အရိပ်ရပျိုးပင်ပေါင်း ၁၀၀၀၀ ပျိုးထောင်ထားမှုကို တွေ့ရစဉ်။ ယဉ်ယဉ်ဝင်း(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၁၀၀ | ၈၁၀၀ | ၅၀ | ၄၀၅၀၀၀ |
| MTSH | ၂၉၀၀ | ၂၉၀၀ | ၂၇၂၂ | ၇၈၉၃၈၀၀ |
| MCB | ၇၃၀၀ | ၇၃၀၀ | ၁၅၈ | ၁၁၅၃၄၀၀ |
| FPB | ၁၄၅၀ | ၁၅၀၀ | ၆၂၀၉ | ၉၀၀၃၁၀၀ |
| TMH | ၂၄၅၀ | ၂၄၅၀ | ၃၂ | ၇၈၄၀၀ |
| EFR | ၀ | ၀ | ၀ | ၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့

စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

ပျော်ရွှင်လေ့လာအင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ Verbs (ကြိယာ) အကြောင်းဖော်ပြရာမှာ အရင်အပတ်ကဖော်ပြခဲ့တဲ့ The Infinitive (ရန်၊ ဖို့ရန်) အကြောင်းနဲ့ The Infinitive without to အကြောင်းအနှစ်ချုပ်ဖော်ပြချက်နဲ့အတူ Gerund (ကြိယာနာမ်) အကြောင်းကို ထပ်မံဖော်ပြလိုက်ပါတယ်။ ဒါ့အပြင် စကားပြောပိုင်းမှာလည်း Shortest way to talk about "Dental Appointment" သွားဆရာဝန်နှင့်ချိန်းဆိုတွေ့ဆုံရာမှာ ဘယ်ပုံဘယ်နည်း ပြောဆိုသုံးနှုန်းရမလဲဆိုတာကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ ဝေဝေဆာဆာဖော်ပြပေးလိုက်ပါတယ်။ Vocabulary အပိုင်းမှာတော့ နေ့စဉ်ဘဝမှာအသုံးများတဲ့ အဓိပ္ပာယ်တူစကားလုံးတွေကို မြန်မာလိုအဓိပ္ပာယ်ရှင်းလင်းချက်များနဲ့ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

## GRAMMAR

### Basic to Intermediate

ဒီတစ်ပတ်မှာတော့ အရင်အပတ်ကဖော်ပြခဲ့တဲ့ The Infinitive (ရန်၊ ဖို့ရန်) အကြောင်းနဲ့ The Infinitive without to အကြောင်း ပိုမိုမှတ်မိစေဖို့ အနှစ်ချုပ်မှတ်ရန်ကို ဖော်ပြလိုက်ပါတယ်။ ထို့အတူ Gerund (ကြိယာနာမ်) အကြောင်းကိုလည်း ထပ်မံဖော်ပြလိုက်ပါတယ်။

**အနှစ်ချုပ် မှတ်ရန်**

- **(see, hear, watch, notice, observe, know, feel, etc. စသည့် မြင်၊ ကြား၊ သိကဲ့သို့ အာရုံခံစားမှုနှင့်ဆိုင်သည့် ကြိယာများနောက်တွင် to မပါသော Infinitive (Bare Infinitive) ကို သုံးရမည်။**
- **(do, did, does, shall, should, will, would, may, might, can, could must နှင့် make, let စသည့် စကားလုံးများနောက်တွင် to မပါသော (Bare Infinitive) ကိုသုံးရမည်။**
- **had better, had rather, would rather, would sooner, sooner than, rather than, but, except စသည့် စကားလုံးများ နောက်တွင် to မပါသော (Bare Infinitive) ကို သုံးရမည်။**

**The Gerund (ကြိယာနာမ်)**

**Gerunds are of the form Verb+ing and have the same function as nouns. Also it has the same form as the present participle like going, running, working etc. The gerund is a verbal noun. It behaves both as a verb and as a noun.**

(Gerund သည် Verb + ing ဖြင့် ဖွဲ့စည်းသည် Present participle (going, running, working etc) နှင့် ပုံစံတူဖြစ်သည်။ Gerund ကို ဝါကျတစ်ကြောင်းတွင် Noun ကဲ့သို့ မှတ်ယူသုံးစွဲနိုင်သည်။ Gerund သည် ကြိယာကို Ving ပေါင်းစပ်ထားသဖြင့် တချို့က သူ့ကို ကြိယာနာမ် (Verbal Noun) ဟု ခေါ်သည်။)

**The Gerund can be used in the following ways.**

(Gerund ကို အောက်ပါနည်းလမ်းများအတိုင်း အသုံးပြုနိုင်သည်။)

(1) **As the subject of a verb:**
ကြိယာ၏ကတ္တားအဖြစ်အသုံးပြုခြင်း

(2) **As the object of a verb:**
ကြိယာ၏ ကံအဖြစ် အသုံးပြုခြင်း

(3) **As the object of a preposition:**
ရှေ့ဆောင်ပုဒ်၏ ကံအဖြစ်အသုံးပြုခြင်း

(4) **As a complement of a verb:**
ကြိယာ၏အဖြည့်ပုဒ်အဖြစ်အသုံးပြုခြင်း

**ယခင်အပတ်လေ့ကျင့်ခန်းမှအဖြေများ**

**Exercise (1) မှအဖြေများ**

| | |
|---|---|
| 1. to post a letter | 2. to read the newspaper |
| 3. to fetch a pail of water | 4. to save the child |
| 5. to listen to the news | 6. to borrow some books |
| 7. to feed their fish | 8. to pick some fruit |
| 9. to collect some shells | 10. to let in some fresh air |
| 11. to catch the rats | 12. to catch the train |

**Exercise (2) မှအဖြေများ**

| | |
|---|---|
| 1. to see (possible answer) | 2. to carry out (possible answer) |
| 3. to carry (possible answer) | 4. to do (possible answer) |
| 5. to put (possible answer) | 6. to eat (possible answer) |
| 7. to wait (possible answer) | 8. to read (possible answer) |
| 9. to give (possible answer) | 10. to keep (possible answer) |
| 11. to carry (possible answer) | 12. to chat (possible answer) |

**The Infinitive Without To**

**Exercise (1) မှအဖြေများ**

| | |
|---|---|
| 1. see (possible answer) | 2. phone (possible answer) |
| 3. rain (possible answer) | 4. fly (possible answer) |
| 5. come (possible answer) | 6. do (possible answer) |
| 7. clean (possible answer) | 8. play (possible answer) |
| 9. buy (possible answer) | 10. meet (possible answer) |
| 11. guess (possible answer) | 12. climb (possible answer) |

**The Infinitive With To or The Infinitive Without To**

**Exercise (1) မှအဖြေများ**


1. I came to tell you the news.
2. He may take what he likes.
3. We could not hear what he was saying.
4. They told us to meet them here.
5. "You must do as you're told."
6. She will show you round the garden.
7. This chair is comfortable to sit on.
8. John opened the door to let me in.
9. The teacher made them run round the field twice.
10. I saw her enter the house.
11. He wants to talk to the headmaster.
12. They were pleased to see him again.

## VOCABULARY (SYNONYMS)

1. **rotten = putrid** (ပုပ်သိုးဆွေးမြည့်နေသော)
2. **ruddy = red** (နီသော)
3. **rude = impolite** (ရိုင်းစိုင်းသော၊ မယဉ်ကျေးသော)
4. **rule = govern** (စိုးမိုးသည်၊ အုပ်ချုပ်သည်။)
5. **salute = greet** (အရိုအသေပေးသည်။ နှုတ်ဆက်သည်။)

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about "Dental Appointment"

ဒီတစ်ပတ်မှာတော့ "Dental Appointment" သွားဆရာဝန်နှင့် ချိန်းဆိုတွေ့ဆုံခြင်းအကြောင်း ဘယ်ပုံဘယ်နည်း ပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို "Shortest way to talk about "Dental Appointment" ဆိုပြီး ဖော်ပြလိုက်ပါတယ်။

**Conversation**

**Dental Appointment**

**Daniel Clark:** Hello. My name is Daniel Clark. I'm here to see my dentist, Dr. Harris.

**Receptionist:** Hello, Dr Harris will be with you in a few moments. Please have a seat in the waiting room to wait for him.

Daniel Clark: Okay, thank you.

**Dr Harris:** Hi, Daniel. Are you ready for your dental appointment?

**Daniel Clark:** Yes, sure. Hello, Dr Harris.

**Dr Harris:** Come on in. How are you doing, Daniel?

**Daniel Clark:** Not so good, I'm afraid. I have been having pain in my back tooth on the right side of my mouth. I'm having trouble chewing on that side. It gets worse during the night.

**Dr Harris:** How long have you had this pain?

**Daniel Clark:** It started hurting me two weeks ago.

**Dr Harris:** Hmmmm…Let me check. Sit down on this chair and lean your head back. Open your mouth as wide as you can, please.

**Daniel Clark:** Do I need to have my tooth extracted?

**Dr Harris:** No, you have a cavity in your tooth, so you'll need a dental filling.

**Daniel Clark:** Great, I'm relieved.

**Dr Harris:** I'll give you a local anaesthetic so that you'll feel no pain. You can rinse your mouth now. Okay, we're done. Did it hurt?

**Daniel Clark:** No, never felt a thing, thank you very much, doctor.

**Dr Harris:** You're going to be numb for the next couple of hours.

**Daniel Clark:** How long do I have to avoid eating?

**Dr Harris:** You should avoid eating for at least two hours. Don't forget to brush your teeth at least twice a day and floss at least once daily.

1. **I'm here to …**

တစ်ခုခုလုပ်ဖို့ ဒီနေရာကို ရောက်နေတယ်၊ ဒီမှာရှိနေတယ်ဆိုပြီး ပြောချင်ရင်တော့ ဒီပုံစံအတိုင်းပြောနိုင်ပါတယ်။ ဒီမှာကတော့ သွားဆရာဝန်ကို တွေ့ဖို့ ဒီနေရာမှာရောက်နေတာလို့ ပြောချင်တဲ့အတွက် "I'm here to see my dentist." ဆိုပြီး ပြောသွားပါတယ်။ အလားတူပဲ တခြားနမူနာဝါကျများကို လေ့လာကြည့်ရအောင်။

- I'm here to help you.
- I'm here to meet you.
- I'm here to take an English course.

2. **Please have a seat.**

ကျေးဇူးပြုပြီးထိုင်ပါ။ ဒီနေရာမှာ please ထည့်ပြီး ပြောထားတာကို ကြည့်ရင် တလေးတစားနဲ့ ယဉ်ယဉ်ကျေးကျေး ပြောထားတာကို တွေ့နိုင်ပါတယ်။ ဒါကြောင့် ကိုယ်ကလည်း သူများကို ယဉ်ယဉ်ကျေးကျေးနဲ့ ထိုင်ပါဆိုပြီးပြောရင် "Please have a seat." ဆိုပြီး ပြောနိုင်ပါတယ်။

3. **Are you ready for sth…**

တစ်ခုခုအတွက် အဆင်သင့်ပဲလားဆိုပြီး ပြောချင်ရင် "Are you ready for …." ဆိုပြီးသုံးနိုင်ပါတယ်။ ဒီမှာကတော့ "Are you ready for your dental appointment." သွားဆရာဝန်နဲ့ တွေ့ဆုံဖို့ အဆင်သင့်ဖြစ်ပြီလားဆိုပြီး သုံးနှုန်းပေးထားပါတယ်။ အလားတူဥပမာတွေကို ကြည့်ရအောင်

- Are you ready for your exam?
- Are you ready for your job interview?
- Are you ready for your business project?

4. **I have been having pain …**

ဒီနေရာမှာ Present Perfect Continuous အကြောင်း အနည်းငယ် ဝေမျှချင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဖြစ်ရပ်တစ်ခုဟာ အချိန်ကြာကြာ ဆက်လက်ဖြစ်နေသေးတယ်ဆိုရင် Present Perfect Continuous ကို သုံးနိုင်ပါတယ်။

ဥပမာ –

- I have been having pain in my back tooth on the right side of my mouth.
- I have been studying English for a year.
- I have been waiting for you since 12 o'clock.

5. **How long have you had this pain?**

ဘယ်လောက်ကြာကြာဖြစ်ခဲ့သလဲဆိုပြီး ကြာချိန်ကို ပြောချင်ရင်တော့ How long have you had ဆိုပြီး Present Perfect သို့မဟုတ် Present Perfect Continuous ကို သုံးနိုင်ပါတယ်။ ဒီမှာကတော့ ကြာချိန်ကို Present Perfect နဲ့သုံးပြီး ဖော်ပြထားပါတယ်။

**သီးခြားမှတ်ရန်**

Avoid + V+ing (တစ်ခုခုမလုပ်ဘဲ ရှောင်ကြဉ်ရမယ်)

Don't forget (Request or Command) (မမေ့ပါနဲ့)

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။





❖ *ကျောဖုံးမှ*

ရှင်းလင်းပြောကြားပြီး (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို တရားဝင်ဖွင့်လှစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ကမ္ဘောဒီးယားနိုင်ငံမှ နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်ဆုရရှိခဲ့ကြသည့် အားကစားသမားများက မီးရှူးတိုင်အား လက်ဆင့်ကမ်းသယ်ဆောင်၍ **(အပေါ်ပုံ)** မီးထွန်းညှိခဲ့ပြီး (၁၂) ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲကို ဖွင့်လှစ်သည်။

အဆိုပါ (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် အိမ်ရှင်ကမ္ဘောဒီးယားနိုင်ငံက အားကစားနည်း ၁၄ နည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး မြန်မာအားကစားအဖွဲ့မှ အားကစားနည်း ရှစ်နည်း ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

## အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာအသင်း ရွှေနှစ်ခု၊ ငွေလေးခုနှင့် ကြေးတစ်ခု စတင်ဆွတ်ခူး

**ရန်ကုန် ဇွန် ၄**

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် ၂၀၂၃ ခုနှစ် ဇွန် ၃ ရက်မှ ၉ ရက်အထိ ကျင်းပလျက်ရှိသည့် (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နေသည့် မြန်မာအားကစားအဖွဲ့အတွက် ဆုတံဆိပ်များကို ယနေ့ယှဉ်ပြိုင်သည့် ပြေးခုန်ပစ်နှင့် ရေကူးအားကစားပြိုင်ပွဲများမှ ရွှေနှစ်ခု၊ ငွေလေးခုနှင့် ကြေးတစ်ခု ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။



အမျိုးသမီး သံလုံးပစ် F64 ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိသည့် မစိန်ဖောအား ဆုယူအပြီး တွေ့ရစဉ်။

အဆိုပါပြိုင်ပွဲ၌ သံလုံးပစ် (F55)ပြိုင်ပွဲတွင် ထက်ထက်အေးက ရွှေတံဆိပ်၊ သံလုံးပစ်(F63-64)တွင် မစိန်ဖော့က ရွှေတံဆိပ်၊ အလျားခုန်(T42-44)တွင် ဝေဝေသင်းက ငွေတံဆိပ်၊ အလျားခုန် (T64)တွင် လော်လာဝင်းက ငွေတံဆိပ်ရရှိခဲ့သည်။

ထို့အတူ ရေကူးပြိုင်ပွဲ မီတာ ၄၀၀ အလွတ်ကူး (S6)တွင် အောင်မြင့်မြတ်က ငွေတံဆိပ်၊ မီတာ ၁၀၀ နောက်ပြန်ကူး(SB7) တွင် မင်းထူးက ငွေတံဆိပ်၊ မီတာ ၅၀ နောက်ပြန်ကူး(S5)တွင် ကြေးတံဆိပ်များ ရရှိခဲ့သည်။

GOALBALL ပြိုင်ပွဲတွင် မြန်မာအသင်းသည် အုပ်စု(အေ)၌ ပါဝင်ပြီး အိမ်ရှင်ကမ္ဘောဒီးယားအသင်းကို ကစားသမားမျိုးမင်းဦး၊ လင်းလင်းထက်၊ ဇော်ရဲနိုင်၊ အောင်စိုးပြည့်၊ ဟန်ပိုင်စိုး၊ ချစ်မင်းဝေတို့ ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကာ အနိုင်ရရှိခဲ့ကြောင်း သိရသည်။

**အာကာလင်း**

## ကရာတေး သက်ငယ်တန်းပြိုင်ပွဲ ကစားသမား ၂၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်

**ရန်ကုန် ဇွန် ၄**

International Karate Organizatin Myanmarမှ ကြီးမှူးကျင်းပသော (Iko Myanmar Kids & Youths Karate Tournament 2023)ကလေး၊ သက်ငယ်တန်းအမျိုးသား၊ အမျိုးသမီး အိုင်ကေအိုကရာတေးပြိုင်ပွဲ ၂၀၂၃ ကို ဇွန် ၄ ရက် နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ MCC ခန်းမတွင် ကျင်းပခဲ့ရာ ကစားသမား ၂၄၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

ပြိုင်ပွဲတွင် ကလေး၊ သက်ငယ်တန်းပြိုင်ပွဲများ၊ အမျိုးသား-၅၀ ကီလို၊ + ၅၀ကီလိုတန်း၊ - ၆၀ကီလိုတန်း၊ - ၇၀ကီလို တန်းပြိုင်ပွဲများ ကျင်းပခဲ့သည်။ ပြိုင်ပွဲများအပြီး ချန်ပီယံဆု၊ အကောင်းဆုံးကစားသမားဆုများ ပေးအပ်ချီးမြှင့်ကြသည်။ "သက်ငယ်တန်း ကရာတေးပြိုင်ပွဲကို တိုင်းနဲ့ပြည်နယ်ကနေ လာရောက်ယှဉ်ပြိုင်ကြတဲ့ ကစားသမားတွေ တော်တော်လေး စုံလင်ပါတယ်။ မန္တလေး၊ ကချင်၊ နေပြည်တော်၊ ရခိုင် အပြင် ဒေသအစုံကနေ လာပြိုင်ကြတာဖြစ်ပါတယ်။ နောက်ပိုင်း နိုင်ငံတကာပွဲကို ပြိုင်မယ်ဆိုရင် ဒီပွဲမှာနိုင်မှ ဝင်ရောက်ယှဉ်ပြိုင်နိုင်မှာ ဖြစ်ပါတယ်။ အဓိကကတော့ ကလေးတွေက ကရာတေးကစားတဲ့ အခါကျရင် မိဘတွေက ဘာသဘောကျလဲဆိုတော့ စည်းကမ်းကြောင့် ကလေးတွေ တော်တော်များများ စည်းကမ်းရှိသွားတယ်။ ပြိုင်ပွဲလုပ်ခြင်းအားဖြင့် ပြိုင်ပွဲလုပ်ဆောင်တာကို မြင်တွေ့ရပြီး မပြိုင်တဲ့သူတွေအနေနဲ့လည်း အားပေးတာတွေ့ရတယ်"ဟု Iko Myanmar ဥက္ကဋ္ဌ ဦးမင်းလွင်က ပြောသည်။ အဆိုပါ ကရာတေးပြိုင်ပွဲအား နှစ်စဉ်နှစ်တိုင်း ကျင်းပသွားမည်ဖြစ်ပြီး ယခုနှစ်အတွက် သက်ကြီးတန်းပြိုင်ပွဲအား အောက်တိုဘာ ၃၀ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ - အာကာစိုး**



## MNL ပြိုင်ပွဲတွင် ရန်ကုန်အသင်း ဂိုးပြတ်နိုင်ပွဲရယူ

**ရန်ကုန် ဇွန် ၄**

၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၈) ပထမနေ့ကို ဇွန် ၄ ရက်က YUSC ကွင်း၌ ကျင်းပရာ ရန်ကုန်အသင်းက ရှောဝတီအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။



ရန်ကုန်အသင်းနှင့် ရှောဝတီအသင်း ယှဉ်ပြိုင်နေစဉ်။

ရန်ကုန်အသင်းသည် ရခိုင်အသင်းကို အရေးနိမ့်ပြီးကတည်းက ပုံစံကောင်းပြန်ရနေပြီး သုံးပွဲဆက်တိုက် ဂိုးပြတ်နိုင်ပွဲရရှိခဲ့သည်။ ရှောဝတီအသင်းမှာမူ ရလဒ်ကောင်းရယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ဂိုးပြတ်အရေးနိမ့်ခဲ့သဖြင့် ဇယားအောက်ဆုံးမှ ရုန်းထွက်နိုင်ခြင်းမရှိသေးပေ။

ထို့ကြောင့် ရန်ကုန်အသင်းသည် မိနစ် ၃၀ ကျော်မှ ဂိုးစတင်ရရှိခဲ့ပြီး ၃၂ မိနစ်တွင် ဆယ်လာက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရှောဝတီ ခံစစ်ပြိုဆင်းသွားပြီး ၃၇ မိနစ်တွင် ဇော်ဝင်းသိန်း၊ ၄၆ မိနစ်တွင် ဆယ်လာတို့က နှစ်ဂိုးထပ်မံသွင်းယူခဲ့သည်။ ရှောဝတီအသင်း ချေပဂိုးပြန်ရနိုင်သည့်အခွင့်အရေး အချို့ပြန်ရခဲ့ပြီး မိနစ် ၆၀ တွင် အသင်းခေါင်းဆောင် အောင်နိုင်ဝင်းက ချေပဂိုးတစ်ဂိုးပြန်သွင်းခဲ့သည်။ ရန်ကုန်အသင်းအတွက် အနိုင်သေချာစေမည့် စတုတ္ထဂိုးကို ၉၀+၂ မိနစ်တွင် ဒေးဗစ်ထန်က သွင်းယူခဲ့သည်။

ပွဲစဉ် (၈) ဒုတိယနေ့အဖြစ် ဇွန် ၅ ရက် **(ယနေ့)** တွင် YUSC ကွင်း၌ ကချင်ယူနိုက်တက်အသင်းနှင့် GFA အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

**ဓာတ်ပုံ-MNL**

## လီဂူးဝမ်းပွဲစဉ်များပြီးဆုံး အမှတ်ပေးဖလားကို ပီအက်စ်ဂျီ ဆွတ်ခူး

၂၀၂၂-၂၀၂၃ လီဂူးဝမ်း ရာသီသိမ်းပွဲစဉ်များကို ဇွန် ၄ ရက် နံနက် ၁ နာရီခွဲက တစ်ချိန်တည်းယှဉ်ပြိုင်ကစားခဲ့ရာ ပီအက်စ်ဂျီအသင်း ရှုံးပွဲကြုံတွေ့ခဲ့ပြီး ဒုတိယနေရာမှ လန်းစ်အသင်းက နိုင်ပွဲရရှိခဲ့သည်။ လီဂူးဝမ်းပွဲစဉ်များကို ၂၀၂၂ ခုနှစ် ဩဂုတ် ၅ ရက်တွင် စတင်ယှဉ်ပြိုင်ကစားခဲ့ပြီး ဇွန် ၄ ရက် နံနက်ပိုင်းတွင် အဆုံးသတ်ခဲ့သည်။ ပွဲစဉ်အားလုံး ယှဉ်ပြိုင်ကစားပြီးချိန်တွင် လီဂူး ဝမ်းအမှတ်ပေးဖလားကို ပီအက်စ်ဂျီအသင်းက ဆွတ်ခူးနိုင်ခဲ့သည်။ လာမည့်နှစ် ချန်ပီယံလိဂ်ပြိုင်ပွဲကို ချန်ပီယံပီအက်စ်ဂျီအသင်းနှင့်အတူ လန်းစ်၊ မာဆေးလ်အသင်းတို့ ဝင်ရောက်ခွင့်ရရှိခဲ့သည်။ ယူရိုပါလိဂ်ပြိုင်ပွဲသို့ တူးလော့စ်နှင့် ရင်းနက်စ်တို့ ဝင်ရောက်ခွင့်ရရှိခဲ့သည်။

ထို့အပြင် ကွန်ဖရင့်လိဂ်ပြိုင်ပွဲသို့ လိုင်လီအသင်း ဝင်ရောက်ခွင့်ရရှိခဲ့ပြီး အေဂျက်စီယို၊ ထရွိုင်းယက်စ်၊ အိန်းဂျားနှင့် အူဇူရီအသင်းတို့မှာ လီဂူးတူးသို့ တန်းဆင်းခဲ့ရသည်။ လီဂူးဝမ်းဂိုးသွင်းအများဆုံး ကစားသမားမှာ ပီအက်စ်ဂျီအသင်းမှ တိုက်စစ်မှူး အမ်ဘာပေဖြစ်ပြီး ၂၉ ဂိုးသွင်းယူနိုင်ခဲ့သည်။ ဂိုးဖန်တီးမှု အများဆုံးကစားသမားမှာလည်း ပီအက်စ်ဂျီအသင်းမှဖြစ်ပြီး မက်ဆီက ၁၆ ကြိမ်အထိ ဖန်တီးပေးထားသည်။ ဂိုးမပေးရအောင် ပွဲအရေအတွက် အများဆုံး စွမ်းဆောင်ထားနိုင်သည့် ကစားသမားမှာ လန်းစ်အသင်းမှ ဆမ်ဘာဖြစ်ပြီး ၁၅ ပွဲအထိ လက်စွမ်းပြ ကာကွယ်ထားနိုင်သည်။ ပြိုင်ပွဲတစ်လျှောက် အဝါကတ်အများဆုံးပြသခံရသည့် အသင်းမှာ လိုင်လီအသင်းဖြစ်ပြီး ၈၃ ကတ်အထိ ပြသခံထားရသည်။ အနီကတ်အများဆုံးပြသခံရသည့် အသင်းမှာ မွန့်ပယ်လီယာဖြစ်ပြီး ကိုးကြိမ်အထိ ပြသခံထားရသည်။ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးကစားသမားဆုကို ပီအက်စ်ဂျီအသင်းတိုက်စစ်မှူး အမ်ဘာပေက ဆွတ်ခူးနိုင်ခဲ့သည်။

**အောင်ဇော်**

## ဗိုလ်မှူးချုပ် ဝင်းမောင် ပုဏ္ဏားကျွန်းမြို့နယ်အတွင်း လေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့

**ပုဏ္ဏားကျွန်း ဇွန် ၄**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် လေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများနှင့် စားနပ်ရိက္ခာများ ထောက်ပံ့ပေးအပ်ခြင်းကို ဇွန် ၃ ရက်က မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်စံဝင်းနှင့် အဖွဲ့ဝင်များက မုန်တိုင်းသင့် ကျေးရွာအုပ်စုများသို့ စနစ်တကျ ဖြန့်ဝေ ထောက်ပံ့ပေးအပ်သည်။

ထိုသို့ပေးအပ်ရာတွင် ပုဏ္ဏားကျွန်းမြို့နယ် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် ရောက်ရှိနေသော ဗိုလ်မှူးချုပ် ဝင်းမောင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ အစီအမံဖြင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ လှူဒါန်းသည့် စားနပ်ရိက္ခာ ဆန်နှင့် စားဆီ၊ ခေါက်ဆွဲခြောက်၊ ငါးစည်သွတ်ဘူး၊ အိမ်မိုးသွပ်ပြား၊ မိုးသံ၊ စောင်၊ တာပေါ်လင်စနှင့် အဝတ်အထည်များ စသည့် ကယ်ဆယ်ရေးပစ္စည်း ၁၄ မျိုးတို့ကို



မုန်တိုင်းသင့်ကျေးရွာ အုပ်စုများသို့ စနစ်တကျ ဖြန့်ဝေထောက်ပံ့ပေးသည်။

ထို့နောက် ဗိုလ်မှူးချုပ်ဝင်းမောင်နှင့် အဖွဲ့သည် ပုဏ္ဏားကျွန်းမြို့ စံပြရပ်ကွက် အတွင်းရှိ မုန်တိုင်းတိုက်ခတ်မှုကြောင့် နေအိမ် အလုံး ၄၅၀ ပျက်စီးခဲ့သည့် အိမ်ထောင်စုများအား ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့သည့်ပစ္စည်း ၁၇ မျိုးပါ ကယ်ဆယ်ရေးပစ္စည်းများ ဖြန့်ဝေပေးနေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

**နီထွန်းအောင်(ပြန်/ဆက်)**

## ရွှေဘိုမြို့နယ် ထွေ/အုပ်ဝန်ထမ်းများ၏ သားသမီးများအား ပညာသင်စရိတ်နှင့် စာရေးကိရိယာများ ထောက်ပံ့

**ရွှေဘို ဇွန် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ဝန်ထမ်းများ၏ သားသမီးများအား ပညာသင်စရိတ်နှင့် ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၄ ရက်က အဆိုပါရုံး၌ ကျင်းပသည်။

ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်းက အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ဝန်ထမ်းများ၏ သားသမီးများအား ပညာသင်စရိတ်နှင့် ကျောင်းသုံး စာရေးကိရိယာများကို ကျောင်းသား ကျောင်းသူများထံ ထောက်ပံ့ပေးအပ်သည်။

အဆိုပါ ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်နှင့် ကျောင်းသုံး စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲတွင် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့်များတွင် ပညာသင်ကြားနေသည့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၀ အတွက် ထောက်ပံ့ငွေကျပ် ၈၆၄၅၀၀ ကို ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## ပန်းတောင်းမြို့နယ်၌ မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ပန်းတောင်း ဇွန် ၄**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် သစ်တောဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် ၂၀၂၃ ခုနှစ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂ ရက်က တောင်ဘိုကြီးကျေးရွာအနီး ပုသိမ်-မုံရွာကားလမ်း မိုင်တိုင်အမှတ်(၁၃၂) နှင့်(၁၃၃)အကြား၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဗိုလ်မှူး ကျော်ညီက စိုက်ပျိုးမည့် ပျိုးပင်များကို အမျိုးသား သယံဇာတ ဖွံ့ဖြိုးတိုးတက်ရေး ကုမ္ပဏီလီမိတက် ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်လွင်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်/ကျေးအုပ်ချုပ်ရေးအဖွဲ့ဝင်များထံ ဖြန့်ဝေပေးသည်။

ထို့နောက် ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေး



အဖွဲ့ဝင်(၁)နှင့် တာဝန်ရှိသူများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ သစ်တောဦးစီးဌာန ဝန်ထမ်းများ၊ ရပ်/ကျေးအုပ်ချုပ်ရေး အဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖများက ကျွန်းပင် ၃၀၊ ပျဉ်းကတိုးပင် ၃၀၊ မန်ကျည်းရှားပင် ၁၉၀၀၊ ရင်းမာပင် ၁၀ ပင်၊ မဟော်ဂနီ ၁၅ ပင်၊ မယ်ဇယ်ပင်ငါးပင်၊ ပိတောက်ပင်ငါးပင်၊ ခရေပင်ငါးပင် စုစုပေါင်းပျိုးပင် ၂၀၀၀ ကို စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပန်းတောင်း)**

## တာချီလိတ်မြို့၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ပိုစတာစိုက်ထူ

**တာချီလိတ် ဇွန် ၄**

ဇွန်လ ၅ ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ယခုနှစ်ဆောင်ပုဒ်ဖြစ်သည့် "ပလတ်စတစ်ညစ်ညမ်းမှုတိုက်ဖျက်ဖို့ ပူးပေါင်းဖြေရှင်းဆောင်ရွက်စို့" "Solution to Plastic Pollution "ခေါင်းစဉ်ဖြင့် အထိမ်းအမှတ်ပိုစတာများ စိုက်ထူခြင်းကို ဇွန် ၄ ရက် နံနက်ပိုင်းက ဆောင်ရွက်သည်။

**အေးအေးလတ်(ပြန်/ဆက်)**

## ၂၀၂၃ ခုနှစ် ဇွန်လ ပထမ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

အနောက်တောင်မုတ်သုံလေသည် ဇွန် ၁ ရက်မှ ၅ ရက်အတွင်း မြန်မာနိုင်ငံအလယ်ပိုင်းဒေသများသို့ လည်းကောင်း၊ ဇွန် ၆ ရက် ၁၀ ရက်အတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ လည်းကောင်း အသီးသီး ဝင်ရောက်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ယင်းကာလအတွင်း အနောက်တောင်မုတ်သုံလေသည် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက် ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ခုနစ်ရက်မှ ၁၀ ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် သုံးရက်မှ ခြောက်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် ၁ ပေခွဲမှ ၃ ပေခန့်၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၁ ပေမှ ၁ ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၁ ပေမှ ၃ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၂ ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ ၂ ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ၁ ပေမှ ၂ ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၁ ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ၁ ပေခွဲမှ ၂ ပေခွဲခန့်၊ သံလွင်မြစ်ရေသည် ဖားဆောင်းမြို့နှင့် ဘားအံမြို့တို့တွင် ၁ ပေမှ ၂ ပေခန၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၁ ပေခန့်၊ ဝေါမြစ်ရေသည်

၂၀၂၃ ခုနှစ် အနောက်တောင်မုတ်သုံလေမြန်မာနိုင်ငံသို့ ဝင်ရောက်မှုအခြေအနေပြပုံ



ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တွင် ၁ ပေမှ ၂ ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၁ ပေခန့်၊ ကုလားတန်မြစ်ရေသည် ပလက်ဝမြို့နှင့် ကျောက်တော်မြို့တို့တွင် ၁ ပေမှ ၂ ပေခန့်၊ လေးမြို့မြစ်ရေသည် မြောက်ဦးမြို့တွင် ၁ ပေခန့်၊ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ၂ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

**မိုး/ဇလ**

# မဟာသုန္ဒရာရာမပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်အား မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဖူးမြော် နိကာယ်စာမေးပွဲ စာဖြေသံဃာတော်များအား နေ့ဆွမ်းများဆက်ကပ်လှူဒါန်း



**မန္တလေး ဇွန် ၄**

၂၀၂၃ ခုနှစ်အကြိမ် (၃၀) မြောက် နိကာယ်စာမေးပွဲများကို ဇွန် ၁ ရက်မှစတင်၍ သက်ဆိုင်ရာ စာဖြေဌာနများတွင် ကျင်းပလျက်ရှိပြီး ပြည်ကြီးတံခွန်မြို့နယ် မဟာသုန္ဒရာ ရာမပရိယတ္တိစာသင်တိုက်စာဖြေဌာန၌ နိကာယ်စာမေးပွဲ ဖြေဆိုနေကြသည့် စာဖြေသံဃာတော်များအား ယနေ့တွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဇနီးတို့က နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းရာ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ မဟာသုန္ဒရာ ရာမပရိယတ္တိစာသင်တိုက်၏ ပဓာနနာယက အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ သာသနဓဇ ဓမ္မာစရိယ (ဇေယျာလူမှုထူးချွန် ပထမဆင့်) ဘဒ္ဒန္တ အာဝုဓ ဆရာတော်အား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က ဖူးမြော်ကာ ဝန်ကြီးချုပ်က အလှူငွေများ လှူဒါန်းပြီးနောက် မဟာသုန္ဒရာ ရာမပရိယတ္တိ စာသင်တိုက်၏ ပဓာနနာယကဆရာတော်အမှူးပြု၍ ဆရာတော်များနှင့် စာဖြေသံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၃ ခုနှစ် အကြိမ် (၃၀) မြောက် အစိုးရနိကာယ်စာမေးပွဲကြီးကြပ်ရေး ဆရာတော်ကြီးများနှင့် စာဖြေသံဃာတော်များအား လှူဖွယ်ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ



**မုံရွာ ဇွန် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၃ ခုနှစ် အကြိမ်(၃၀) မြောက် အစိုးရနိကာယ်စာမေးပွဲ ကြီးကြပ်ရေး ဆရာတော်ကြီးများနှင့် စာဖြေသံဃာတော်များအား လှူဖွယ်ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၄ ရက် မွန်းလွဲပိုင်းတွင် မုံရွာမြို့ အမှတ် (၃) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အလှူရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားအား ဖွင့်လှစ်ကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် မုံရွာမြို့ ဇောင်ကြမ်းပင်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရသိရီ ဆရာတော်ကြီးထံတော်မှ ဩဝါဒကထာ... ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် အစိုးရနိကာယ်စာမေးပွဲကြီးကြပ်ရေး ဆရာတော်ကြီးများနှင့် စာဖြေသံဃာတော်၊ သီလရှင် ဆရာလေးများအတွက် လှူဖွယ်ဝတ္ထုငွေများအား တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက တိုင်းဒေသကြီး သာသနာရေးမှူးထံ ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ မုံရွာမြို့ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် သဒ္ဒန္တဇောတိပါလာလင်္ကာရ ဆရာတော်ကြီးထံမှ ဩဝါဒပရိသတ်များက အနုမောဒနာတရား နာယူကြည်ညိုကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းပြီး အခမ်းအနားကို ရုပ်သိမ်းကြသည်။

အဆိုပါ ၂၀၂၃ ခုနှစ် အကြိမ် (၃၀) မြောက် အစိုးရနိကာယ်စာမေးပွဲဖြေဆိုရာတွင် ကြီးကြပ်ဆရာတော် ၂၆ ပါးအား တစ်ပါးလျှင် အလှူငွေကျပ် ၅၀၀၀၀ နှင့် စာဖြေသံဃာတော်၊ သီလရှင်ဆရာလေး စုစုပေါင်း ၁၀၈ ပါးအား တစ်ပါးလျှင် အလှူငွေကျပ် ၃၀၀၀၀ နှင့် နေ့ဆွမ်း ငါးရက်စာအတွက် အလှူငွေကျပ် ၁၈၂၁၀၀၀၊ တိုင်းဒေသကြီး အစိုးရအဖွဲ့က စုစုပေါင်းလှူဒါန်းငွေကျပ် ၆၃၆၁၀၀၀ အား ဆက်ကပ် လှူဒါန်းကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇွန် ၄**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်၊ ဝန်ထမ်းအရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်များရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရှိရန်ကင်းတောရကျောင်းတိုက်နှင့် ဥတ္တရသီရိမြို့နယ်ရှိ သုရိယာရာမကျောင်းတိုက်၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ ဇောတိကာရုံကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ရွှေဟင်္သာတောရကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ခတုမာလာပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ မစိုးရိမ်ကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ ရွှေဘုန်းရိပ်ကျောင်းတိုက်နှင့် မြောက်ဥက္ကလာပ မြို့နယ်ရှိ ဓမ္မလင်္ကာရကျောင်းတိုက်များသို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ ဝေယံဘုံမြင့်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ မဟာပညိန္ဒာရာမကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ အရှေ့ခင်မကန်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ ဇေတနာရာမကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ လွယ်ခမ်းပါမိုးနဲကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ ရွှေပြည်အေးကျောင်းတိုက်များသို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ **သတင်းစဉ်**



## ပေါင်မြို့နယ် သမဝါယမအသင်းစုလီမိတက်မှ အိမ်ဆောက်ပစ္စည်း၊ စတိုးပစ္စည်းနှင့် လူသုံးကုန်များ ထုတ်လုပ်ရောင်းချ



**ပေါင် ဇွန် ၄**

မွန်ပြည်နယ် ပေါင်မြို့နယ် သမဝါယမအသင်းစု လီမိတက်သည် သမဝါယမအသင်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင့်တင်းခိုင်မာစေရန်ရည်ရွယ်၍ အသင်းစုအနေဖြင့် အိမ်ဆောက်ပစ္စည်း အမျိုးမျိုး၊ စတိုးပစ္စည်းအမျိုးမျိုး ရောင်းချလျက်ရှိပြီး သံပန်း၊ သံတံခါးများ တပ်ဆင်ပေးခြင်း၊ အိမ်အလှဆင်ခြင်း စသည့် အိမ်အရောက်ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများကို မြို့နယ်အတွင်း သင့်တင့်သောဈေးနှုန်းများဖြင့် လိုက်လံ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် သွင်းအားစုခတ်မြေဩဇာများကိုလည်း တောင်သူများသို့ ဖြန့်ဖြူးရောင်းချပေးနိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပန်နန်းဒင်မြို့၌ ကျောင်းဆောင်သစ်ဖွင့်လှစ်

**ပန်နန်းဒင် ဇွန် ၄**

ကချင်ပြည်နယ် နောင်မွန်မြို့နယ် ပန်နန်းဒင်မြို့၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်ပြီးစီးခဲ့သည့် ကျောင်းဆောင်သစ်ဖွင့်ပွဲကို ဇွန် ၁ ရက်က ပန်နန်းဒင်မြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပန်နန်းဒင်မြို့ ခရစ်တော်၏အသင်းတော် သင်းအုပ်ဆရာကြီး ဇကွန်းဂျောင်ဆားရ်က ကျောင်းဆောင်သစ်အား ဆုတောင်းအပ်နှံပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနမ်ရဲမင်နှင့် တာဝန်ရှိသူများ၊ အ.ထ.က (ပန်နန်းဒင်) ကျောင်းအုပ်ဆရာကြီး ဦးထွန်းရွှေတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အဆိုပါကျောင်းဆောင်သစ်ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ်သန်းပေါင်း ၁၄၀ ဒသမ ၄ သန်းဖြင့် ဆောက်လုပ်ပြီး အလျား ပေ ၁၂၀၊ အနံ ပေ ၃၀၊အမြင့် ၁၂ ပေ Steel Structure တစ်ထပ် အမျိုးအစား ဖြစ်သည်။ **မြို့နယ် (ပြန်/ဆက်)**

**လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ**

➢ လူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ပန်ကာများကို ဆက်တိုက်ဖွင့်ထားခြင်းက မီတာခ ပိုကျစေပါ၍ အသုံးလိုမှ ဖွင့်ပါ။

# ပုဏ္ဏားကျွန်းမြို့ စမြုံတော်ဓာတ်နှင့် ဂူဝဘုရား၌ မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ပြိုကျပျက်စီးခဲ့သော ဓမ္မာရုံအဆောက်အအုံအား ဖယ်ရှားရှင်းလင်း

**ပုဏ္ဏားကျွန်း ဇွန် ၄**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့ ရန်ကုန်-စစ်တွေကားလမ်းရှိ စမြုံတော်ဓာတ်နှင့် ဂူဝဘုရားဘုရား၌ ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် ပြိုကျပျက်စီးဆုံးရှုံးခဲ့သော စမြုံတော်ဓာတ်စေတီတောင်ကလပ်ရှိ ဓမ္မာရုံအဆောက်အအုံအား ယနေ့နံနက် ၇ နာရီက ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက ဖယ်ရှားရှင်းလင်းဆောင်ရွက်ကြသည်။

ယင်းသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပါဝင်သော ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များသည် စမြုံတော်ဓာတ်စေတီတောင်ကလပ်ပေါ်ရှိ ပြိုကျပျက်စီးဆုံးရှုံးခဲ့သည့် ဘုရားဓမ္မာရုံအား ဖယ်ရှားရှင်းလင်းခြင်း၊ ကျိုးကျနေသည့် သစ်ပင်သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခြင်း၊ ဂူဝဘုရားရင်ပြင်တော် သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ပေးကြသည်။ (ယာပုံ)

အဆိုပါ လုပ်ငန်းဆောင်ရွက်သည့် နေရာသို့ ပုဏ္ဏားကျွန်းမြို့နယ် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်ရန်ရောက်ရှိနေသည့် ဗိုလ်မှူးချုပ်ဝင်းမောင်နှင့်အဖွဲ့ လာရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သိရသည်။

**နီထွန်းအောင်(ပြန်/ဆက်)**



# မူဆယ်မြို့၌ ဒုတိယအကြိမ် မိုးရာသီအကြိုစုပေါင်းသစ်ပင်စိုက်ပွဲ ကျင်းပ

**မူဆယ် ဇွန် ၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ လွယ်တိန်ခမ်းတောင်ပေါ်ရှိ ရုပ်တော်မူဘုရား၏အရှေ့ တောင်ဘက်မြေကွက်လပ်တွင် မူဆယ်ခရိုင်သစ်တောဦးစီးဌာနက ကြီးမှူးဆောင်ရွက်မှုဖြင့် ဒုတိယအကြိမ်မြောက် မိုးရာသီသစ်ပင်စိုက်ပွဲကို ဌာနဆိုင်ရာများ စုပေါင်း၍ ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

အဆိုပါ သစ်ပင်စိုက်ပွဲတွင် မူဆယ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မိုးနှင့် နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးဇော်မင်းထက်၊ မူဆယ်ခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်သက်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းတို့က ဦးဆောင်၍ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်းပြီး ချယ်ရီပင်၊ ထင်းရှူးပင် အစရှိသည့် အရိပ်ရပင် ပျိုးပင်ပေါင်း ၅၀၀ ကို ဒုတိယအကြိမ် မိုးရာသီအကြိုသစ်ပင်စိုက်ပွဲတော်တွင် စိုက်ပျိုးခဲ့ပြီး မေ ၂၁ ရက်တွင်လည်း ပျိုးပင်ပေါင်း ၃၀၀ ကို ပထမအကြိမ်မိုးရာသီအကြိုသစ်ပင်စိုက်ပွဲတော်၌ စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။



**ချယ်ရီမြေ(မူဆယ်)**



# လယ်ဝေးမြို့နယ် ရှားချောင်းကျေးရွာအုပ်စုတွင် ပန်းခင်း(၂) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေး

**လယ်ဝေး ဇွန် ၄**

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန လယ်ဝေးမြို့နယ်ရုံးမှ ဝန်ထမ်းများသည် လယ်ဝေးမြို့နယ်အတွင်းရှိ ကျေးရွာများသို့ ကွင်းဆင်း၍ ပန်းခင်း(၂) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် ရှားချောင်းကျေးရွာအုပ်စု ပတ္တာကျေးရွာ၌ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးလျက်ရှိရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လယ်ဝေးခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်သက် လာရောက်ကြည့်ရှု၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

လယ်ဝေးမြို့နယ် ရှားချောင်းအုပ်စု ပတ္တာကျေးရွာမှ ပြည်သူ ၂၇ ဦးနှင့် စံဝါအောင်း (အ.လ.က- ခွဲ)မှ ကျောင်းသား ကျောင်းသူ ၅၀ စုစုပေါင်း ၇၇ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး ဆောင်ရွက်ပေးသည်။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လယ်ဝေးမြို့နယ်ရုံးအနေဖြင့် မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများ၊ ကျောင်းများတွင် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဝေကြည် (ပြန်ဆက်)**

# ကျွန်းစုမြို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်း ကွင်းဆင်းဆောင်ရွက်

**ကျွန်းစု ဇွန် ၄**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးက တိုင်းရင်းသားပြည်သူများ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းရရှိရေးအတွက် ပန်းခင်းစီမံချက် အဆင့်(၂)အရ ဇွန် ၁ ရက်က ကျွန်းစုမြို့ အမှတ်(၁)ရပ်ကွက်နေ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့်အိမ်ထောင်စု လူဦးရေစာရင်းများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ် လဝက ဝန်ထမ်းများနှင့် တာဝန်ရှိသူများ ပူးပေါင်း၍ နိုင်ငံသားစိစစ်ရေးကတ်ပြား ၃၈ ကတ်နှင့် အိမ်ထောင်စု လူဦးရေစာရင်း ၁၈ ခု ဆောင်ရွက်ပေးခဲ့ရာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက လာရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းလိုအပ်ချက်များအား ညွှန်ကြားခဲ့ကာ ဆောင်ရွက်ပြီးစီးသော နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စု လူဦးရေစာရင်းများကို သက်ဆိုင်သူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထက်မြင့်(ကျွန်းစု)**

# မြန်အောင်မြို့နယ် ကောင်းပြည့်စုံငွေစုငွေချေးသမဝါယမအသင်းက စုဆောင်းငွေပေါ်အတိုးနှင့် ပညာသင်စရိတ်ထောက်ပံ့ငွေများ ပေးအပ်

**မြန်အောင် ဇွန် ၄**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ကောင်းပြည့်စုံငွေစုငွေချေးသမဝါယမအသင်း က ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် စုဆောင်းငွေပေါ်အတိုးနှင့် ပညာသင်ဆုထောက်ပံ့ ပေးအပ်ခြင်းကို မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ကျင်းပသည်။ အသင်းမှ အသင်းသား ၂၃ ဦးကို စုဆောင်းငွေပေါ်အတိုးများ ပေးအပ်ပြီးနောက် အသင်းသား အသင်းသူများ၏ သားသမီးများအတွက် ပညာသင်စရိတ်ထောက်ပံ့ငွေနှင့် ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့ပေးကြောင်း သိရသည်။

**သတင်းစဉ်**

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်း ဧက ၃၃၃၀ စိုက်ပျိုးရန်လျာထား

**ပွင့်ဖြူ ဇွန် ၄**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများအနေဖြင့် မဲဇလီရေလွှဲဆည်ရေနှင့် မြေအောက်ရေဖြင့် ဖူးစားပြောင်းကို တစ်မြို့နယ်လုံး ဧက ၃၃၃၀ လျာထားစိုက်ပျိုးမည်ဖြစ်ပြီး ဇွန် ၂ ရက်အထိ ၃၅၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်မှ ဒေသခံတောင်သူများသည် ဆိုင်ကလုန်းမုန်တိုင်း (မိုခါ)အရှိန်ကြောင့် ရွာသွန်းခဲ့သည့်မိုးဖြင့် မေလတတိယပတ်မှ စတင်ပြီး ဖူးစားပြောင်းသီးနှံများကို စတင်စိုက်ပျိုးကြသည်။

"အခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ သီးနှံစုံစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒေသခံတောင်သူတွေကို တောင်သူအသိပညာပေး လုပ်ငန်းတွေ ကွင်းဆင်းဆောင်ရွက်နေပါတယ်။ ပွင့်ဖြူမြို့နယ်မှာ ဖူးစားပြောင်းသီးနှံ စိုက်ပျိုးရေးလုပ်ငန်းဟာ အောင်မြင်ဖြစ်ထွန်းမှုရှိတာကြောင့် ဒေသခံတောင်သူတွေက မိုးသီးနှံအဖြစ် နှစ်စဉ်အားထား စိုက်ပျိုးကြပါတယ်။ ဖူးစားပြောင်းသီးနှံက ပြောင်းဖူးရောင်းရတဲ့အပြင် အပင်ကိုလည်း ကျွဲ၊ နွား တိရစ္ဆာန် အစာအဖြစ် ရောင်းချရလို့ နှစ်သီးစားဝင်ငွေရရှိပါတယ်။ ပွင့်ဖြူမြို့နယ်မှာ ရိုးရိုးသကြားပြောင်းနဲ့ ဒေသအခေါ် ပန်ရွှေသကြားပြောင်းမျိုးတွေကို အများဆုံးစိုက်ပျိုးကြပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်သည် စိုက်ပျိုးရေအဆင်ပြေသည့်အပြင် စိုက်ပျိုးမြေနှင့် ရာသီဥတု မျှတကောင်းမွန်မှုကြောင့် ဒေသခံတောင်သူများက စိုက်ပျိုးရေးလုပ်ငန်းကို အားထားလုပ်ကိုင်ကြကြောင်းသိရပြီး ထိုသို့ သီးနှံများစိုက်ပျိုးရာတွင် တောင်သူတစ်ဦးချင်းအလိုက် တစ်ဧက သီးနှံအထွက်နှုန်း တိုးတက်ကောင်းမွန်စေရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သီးနှံအမျိုးအစားအလိုက် သိရှိလိုက်နာရမည့် စိုက်ပျိုးရေးဆိုင်ရာ နည်းစနစ်များကို အသိပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၄**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မိုး/ဇလ

# တရားမဝင် လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ တိရစ္ဆာန်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၂၆ ရက်တွင် တနင်္သာရီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က ကော့သောင်းမြို့ တော်ဝင်တံတား၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင်ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသည့် Yellow Corn ၃၀၀၀၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၅,၃၀၀,၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၃၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က ဝေါမြို့နယ် အကျော် PUMA ဆီဆိုင်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးအား စိစစ်၍ ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲသို့ ပို့ဆောင်ပြီး အသေးစိတ်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် Mosquito Net ၄၅၀၀ ကီလိုဂရမ်နှင့် သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသော Washing Powder ၂၅၀၀ ကီလိုဂရမ် အပါအဝင် လူသုံးကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇,၀၈၂,၇၁၂)ကိုလည်းကောင်း၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Tractor Head မော်တော်ယာဉ် တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅,၀၀၀,၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂,၀၈၂,၇၁၂ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ ဇွန် ၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကန့်ဘလူမြို့နယ် မြို့မရဲစခန်းမှ ဒုရဲအုပ် ဦးဆောင်သော ပူးပေါင်းအဖွဲ့က ကင်းလှည့်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကန့်ဘလူမြို့ အမှတ်(၃) ရပ်ကွက် ခုတင်(၁၀၀) ပြည်သူ့ဆေးရုံ အနီး၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် နွားထီး ၁၇ ကောင်နှင့် ကျွဲထီး ငါးကောင် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂,၀၀၀,၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇွန် ၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ လိုင်စင်မဲ့ယာဉ်ဖမ်းဆီးရမိရေးအဖွဲ့က သာကေတမြို့နယ် ရှုခင်းသာလမ်းမကြီးအပေါ် ရေတပ်လိုင်းခန်းအနီး၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Toyota Crown မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄,၀၀၀,၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ယင်းအပြင် ဇွန် ၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသည့် Osaka National Rice Cooker ၁၃၅ လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄,၀၅၀,၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Tractor Head မော်တော်ယာဉ် တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅,၀၀၀,၀၀၀)ကို လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ် (သွင်းကုန်)၌ ဝန်စည်များအတွင်းမှ သွင်းကုန်လိုင်စင်နှင့် FDA ထောက်ခံချက် လိုအပ်သော ပစ္စည်းများဖြစ်သည့် Cheese Emulco ၁၅၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၀,၀၀၀) ကိုလည်းကောင်း၊ သွင်းကုန်လိုင်စင် တင်ပြနိုင်ခြင်း မရှိသည့် Agular Tone Hammer ၁၀.၅ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁,၈၉၀,၀၀၀)ကို လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁,၅၇၀,၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး **(အပေါ်ပုံ)** အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၂၆ ရက်၊ ၃၁ ရက်နှင့် ဇွန် ၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၁၀) မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၄,၈၅၂,၇၁၂ ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းကကြီးမှူး၍ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်လှစ်ပို့ချ

**ရန်ကုန် ဇွန် ၄**

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းက ကြီးမှူး၍ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်တန်း အမှတ်စဉ် (၆) ဖွင့်လှစ်ပို့ချခြင်းကို ဇွန် ၃ ရက်က ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း ရုံးတွင် ပြုလုပ်သည် ။



သင်တန်းဖွင့်ပွဲတွင် ကျောက်တံတားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မျိုးအောင်နှင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ရုံးချုပ် ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးတင့်ဇော်တို့က အမှာစကား ပြောကြားကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးမျိုးမြင့် **(အပေါ်ပုံ)** က အသိပညာပေး သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားရာတွင် ယခုဖွင့်လှစ်သည့် သင်တန်းတက်ရောက်ခြင်းကြောင့် ဌာနဆိုင်ရာများ၏ ညွှန်ကြားချက်များကို သိရှိပြီး လိုက်နာရမည် ဖြစ်ကြောင်း၊ ငွေကြေးခဝါချမှုကို နိုင်ငံတကာမှ အရေးယူ ဆောင်ရွက်လာရာ ရွှေလုပ်ငန်းရှင်များနှင့် ရွှေဆိုင်ပိုင်ရှင်များသည် ရောင်းမှားဝယ်မှားမဖြစ်အောင် သတိထားရမည်ဖြစ်ကြောင်း၊ သင်တန်းပို့ချမှုကြောင့် ရွှေဈေးကစားသူများ နိုင်ငံတကာဖြတ်ကျော် ရောင်းဝယ်မှုများ နည်းပါးလာကြောင်း၊ ကျွမ်းကျင်ပညာရှင်များက ပို့ချမည့် ရွှေပညာဒါန(အခမဲ့)အသိပညာပေး ရွှေသင်တန်းကို ဆက်လက်တက်ရောက်ရန် ပြောကြားသည်။

သင်တန်းဖွင့်ပွဲ အပြီးတွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသူရိန်အောင်က သတင်းပို့အဖွဲ့အစည်းများအတွက် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးတင့်ဇော်နှင့် ဒုတိယရဲမှူး ဦးမြင့်စိုးတို့က ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး AML/ CFTအကြောင်းတို့ကိုလည်းကောင်း ရှင်းလင်းပို့ချကြသည်။

သင်တန်းဆင်းပွဲကို ညနေပိုင်းတွင်ပြုလုပ်ရာ သင်တန်းဆင်းလက်မှတ်များကို အသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် တာဝန်ရှိသူတို့က သင်တန်းသား သင်တန်းသူ ၁၁၀ ကျော်တို့ကို ပေးအပ်ကြသည်။

**မျိုးမင်းသူရ**

## မြန်မာအပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံးအသင်း၌ လွဲချော်မှုနည်းပါးစေရန် စီမံခန့်ခွဲမှုပညာ Six Sigma နှင့် စပ်လျဉ်း၍ အသိပညာဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဇွန် ၄**

မြန်မာအပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံးအသင်း (အမ်အိုင်အေစီ) အသင်းကြီး၏ Research and Survey Committee အသိပညာ မျှဝေပေးရေးအစီအစဉ်အရ ကျင်းပသော "လွဲချော်မှုနည်းပါးစေရန် စီမံခန့်ခွဲမှုပညာ Six Sigma"နှင့်စပ်လျဉ်း၍ အသိပညာဆွေးနွေးပွဲကို ဇွန် ၃ ရက် နံနက် ၁၀ နာရီက အမှတ် ၄၉ (တတိယထပ်) ကျွန်းတောလမ်းနှင့် ဖျာပုံလမ်းထောင့် စမ်းချောင်းမြို့နယ် MIAC (ရုံးချုပ်)၌ ပြုလုပ်ရာ MIAC Research and Survey Committee ဥက္ကဋ္ဌ ဦးကျူးခေါင်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ MIAC (ရန်ကုန်တိုင်းဒေသကြီး) ပညာရှင် အမှုဆောင် ဦးခင်မောင်ထွန်း(BE.ME) နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ၊ အသင်းဝင်များနှင့် စိတ်ပါဝင်စားသူများတက်ရောက်သည်။

အစီအစဉ်အရ ဥက္ကဋ္ဌ ဦးကျူးခေါင်က ဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်များပြောကြားပြီး ပညာရှင်ဦးခင်မောင်ထွန်းက "လွဲချော်မှုနည်းပါးစေရန် စီမံခန့်ခွဲမှုပညာ Six Sigma" နှင့် ပတ်သက်၍ ဆွေးနွေးပို့ချကြောင်း သိရသည်။

**မောင်မောင်(လှျပ်စစ်)**



## ပြင်ဦးလွင်မြို့နယ်အတွင်း လယ်ယာမြေများအား မြေကွက်ရိုက်ခြင်း၊ အိမ်ရာတည်ဆောက်ခြင်းများအား အရေးယူဆောင်ရွက်သွားမည်

**ပြင်ဦးလွင် ဇွန် ၄**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်သည် တောင်ပေါ်အပန်းဖြေ ခရီးသွားမြို့ဖြစ်သည့်အားလျော်စွာ နိုင်ငံတော်က Green City၊ Clean City၊ Smart City အဖြစ် စီမံဆောင်ရွက်လျက်ရှိရာ မြို့သန့်ရှင်း သာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေးနှင့် Town Plan ရေးဆွဲခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ပြင်ဦးလွင်မြို့နယ်အတွင်း လယ်ယာမြေများအား စိုက်ပျိုးလုပ်ကိုင်နိုင်ရန်အတွက် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ထုတ်ပေးခြင်းကို ဥပဒေနှင့်အညီ ခွင့်ပြုပေးခဲ့သည်။ လယ်ယာမြေများအား စည်းကမ်းတကျ အသုံးပြုမှုမရှိခြင်း၊ လယ်ယာမြေဥပဒေနှင့် ညီညွတ်မှုမရှိဘဲ မြေကွက်ရိုက်ရောင်းချခြင်း၊ အိမ်ရာတည်ဆောက်ခြင်းများအား ပြုလုပ်ကြောင်း စိစစ်တွေ့ရှိရပါက လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့အဆင့်ဆင့်က စည်းကမ်းပျက်လယ်ယာမြေအဖြစ် သတ်မှတ်သွားမည်ဖြစ်ပြီး ကျူးလွန်အသုံးပြုသူများသည် မူလလယ်ယာမြေအမျိုးအစားအတိုင်း ပြန်လည်ရောက်ရှိသည်အထိ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းနှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက လယ်ယာမြေဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြင်ဦးလွင်ခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က အသိပေးကြေညာထားသည်။

**သီဟကိုကို**
**(မန္တလေး)**

# CRPH ၊ NUG အကြမ်းဖက်အဖွဲ့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက ဖယ်ခုံမြို့နယ် ညောင်ကုန်း(၅)ရပ်ကွက်ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းအား အကြောင်းမဲ့မီးရှို့ဖျက်ဆီး

နေပြည်တော် ဇွန် ၄

**နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏အနာဂတ်ဖြစ်သည့် မျိုးဆက်သစ်ရင်သွေးငယ်များ၏ ပညာရေးကဏ္ဍ မြင့်မားတိုးတက်စေရန်နှင့် ပညာသင်ကြားနိုင်မှု အခွင့်အလမ်းကို ပြည့်ဝစွာရရှိနိုင်စေရန်အတွက် အားသွန် ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စာသင်ကျောင်းများကို ဇွန် ၁ ရက်မှစတင်၍ ဖွင့်လှစ်သင်ကြားပေး စေလျက်ရှိသည်။**

သို့ရာတွင် CRPH ၊ NUG အကြမ်းဖက်အဖွဲ့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့ကို အကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် အကြမ်းဖက်မှုလုပ်ငန်းများကို နည်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ဇွန် ၃ ရက် ည ၁၁ နာရီခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ် ညောင်ကုန်း အမှတ်(၅)ရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းအား အကြောင်းမဲ့လာရောက်မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ ထိုသို့ အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် အဆိုပါကျောင်းဝင်းအတွင်းရှိ အလျား ပေ ၂၁၀၊ အနံ ပေ ၃၀၊ အမြင့် ၂၂ ပေခန့်ရှိ အခန်း ရှစ်ခန်းပါ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း တစ်ထပ်ကျောင်းဆောင် တစ်ဆောင် မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း(**ယာပုံ**)နှင့် အဆိုပါကျောင်းသည် ဇွန် ၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ကာ ဆရာ ဆရာမ ၄၀၊ ကျောင်းသား ကျောင်းသူ ၁၀၅၈ ဦးဖြင့် ဖွင့်လှစ်ပညာသင်ကြားလျက်ရှိသည်။



ယခုကဲ့သို့ အနာဂတ်လူငယ်၊ လူရွယ်များ ပညာသင်ကြားမှုများ မပြုလုပ်နိုင်စေရန် ရည်ရွယ်၍ မီးရှို့ဖျက်ဆီးခဲ့သူများအား အမြန်ဆုံး ဖမ်းဆီးဖော်ထုတ်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော် မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများ ပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ပျဉ်ပုံကြီးကျေးရွာနေ အာကာမင်းဦး (ခ) KG သည် ၎င်းအသုံးပြုသည့် “Akar Minn Oo” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် မြေနီကုန်း(မြောက်) ရပ်ကွက်နေ အောင်နိုင်စန်း သည် ၎င်းအသုံးပြုသည့် “Aung Naing San” Facebook အကောင့်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁၀၆) ရပ်ကွက်နေ မြင့်မောင် (ခ) ကိုနီ သည် ၎င်းအသုံးပြုသည့် “Ko Ni” Facebook အကောင့်၊ မင်္ဂလာဒုံမြို့နယ် ရွာမရပ်ကွက်နေ မျိုးမင်းညီ(ခ)သူရသည် ၎င်းအသုံးပြုသည့် “Thura” Facebook အကောင့်နှင့် သာကေတမြို့နယ် ၄/တောင်ရပ်ကွက်နေ ချစ်ဦးဝေသည် ၎င်းအသုံးပြုသည့် “Chit Oo Wai” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

## ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ငွေကျပ်သိန်း ၄၆၀၀ ကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး (Happy Water) ၄ ဒသမ ၂ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ငွေကျပ် သိန်း ၄၆၀၀ ကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး (Happy Water) ၄ ဒသမ ၂ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁ ရက် ညနေ ၃ နာရီတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဆေခမ်းရပ်ကွက်၌ ဝမ်ကျောက်လုံ ကျေးရွာဘက်မှ ဆေခမ်းရပ်ကွက်ဘက်သို့ စိုင်းရှုန်ကျောက် မောင်းနှင်လာသည့် Toyota Crown မော်တော်ယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ပြောင်းဆေးဝါး (Happy Water) ၄ ဒသမ ၂ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ညနေ ၃ နာရီခွဲတွင် စိတ်ပြောင်းဆေးဝါး (Happy Water)များ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူ အိုက်ရီကို Toyota Crown မော်တော်ယာဉ် နှင့်အတူ ဆက်လက် ဖမ်းဆီးရမိခဲ့ပြီး ည ၉ နာရီတွင် အိုက်ရီ နေထိုင်သည့် တာချီလိတ်မြို့နယ် မိုင်းဖုန်း(က) ကျေးရွာအုပ်စု ဟိုခိုကျေးရွာရှိ နေအိမ်မှ ဆေးခြောက် ဂရမ် ၇၀၀ ထပ်မံသိမ်းဆည်းရမိခဲ့၍ စုစုပေါင်း ဒေသကာလ တန်ဖိုးငွေကျပ်သိန်း ၄၆၀၀ ကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး (Happy Water) ၄ ဒသမ ၂ ကီလို၊ ဆေးခြောက် ဂရမ် ၇၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား(ဝဲပုံ) ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



**သတင်းစဉ်**

---

## မိုးညှင်း၊ ပြင်ဦးလွင်နှင့် လားရှိုးမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂ ရက် မွန်းလွဲ ၃ နာရီတွင် မိုးညှင်းမြို့နယ် နန့်စီးအောင်ကျေးရွာရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် NOAH အမျိုးအစား ခရီးသည်တင်မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၄ ဒသမ ၄ ကီလို ကိုလည်းကောင်း။

ဇွန် ၃ ရက် နံနက် ၉ နာရီတွင် ပြင်ဦးလွင်မြို့နယ် ရွှေသင်းကျေးရွာအုပ်စု အင်းပုတ်ကျေးရွာနေ မသူ(ခ)နီနီအေး ၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေး ၅၈၉၈ ပြားနှင့် မြန်မာငွေကျပ် ၇ သိန်းတို့ကို လည်းကောင်း၊ ထိုနေ့ မွန်းလွဲ ၃ နာရီ မိနစ် ၄၀ တွင် လားရှိုးမြို့နယ် မယ်ဟန်ကျေးရွာအနီးတွင် တင်ဝင်း မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၂၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရံတော်(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒကန်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး နိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက် ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာနံရံတော် ၁ ဆူ(မြို့ရိုးကာသုံး) မြန်မာပြည်နှင့် နိုင်ငံအလိုက် ၂ ဆူပါ) | ၂၇၉.၀၀ | ၇၂ ဆူ | ၇၂ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀× ၂၈၅)ပေ | ၆၀၀၀၀ | ၁ ဆုံး | ၁၉၁၉၇ သိန်း | ၄၀၈၀၇ သိန်း |
| ၃။ | ဘုရားရှိခိုး(၅၄×၃၀×၇၂)ပေ | ၂၉၇၁.၀၀ | ၆ | ၆ | - |
| ၄။ | ဆေးပေးခန်း(၄၈× ၂၄× ၉)ပေ | ၄၈၀၀.၀၀ | ၁ | - | ၁ |
| ၅။ | ဓမ္မာရုံ(၇ ၂၀×၇ ၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၅ | ၁ | ၁ | - |
| ၇။ | ခြေလျှင်လျှောက်စက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၅၄.၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း | ၇,၂၈၄.၃၀ | ၁ | - | ၁ |
| | အဆောက်အဦ RC Structure လုပ်ငန်း မိုးပြီးစွမ်းဆင်မြှင့်လုပ်ငန်း ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | | | | |
| ၈။ | ရေပန်းအလေး(အချင်း ၁၅ ပေ အမြင့် ၉ ပေ) | ၈၀၅.၀၀ | ၁၈ ခု | ၄ ခု | ၁၄ ခု |
| ၉။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၅၉၄.၀၀ | ၉ တိုင် | ၆ တိုင် | ၃ တိုင် |
| ၁၀။ | မဟာရံတံတိုင်းအတွင်းထိုင်ခုံ(၁၀ ပေ ၁ ခုံ) | ၇.၂၀ | ၂၀၀ ခုံ | ၁၆ ခုံ | ၁၈၄ ခုံ |
| ၁၁။ | မြန်မာ့လက်ရာထိုင်ခုံ ၂၇ ပေခန်း | ၉၁.၀၀ | ၄၅၅ ခုံ | ၉၅ ခုံ | ၃၆၀ ခုံ |
| ၁၂။ | မဟာရံတံတိုင်း ဆောင်တိုင်(ကျောက်မြန်မာမှုပါ) | ၇.၂၀ | ၅၀ တိုင် | - | ၅၀ တိုင် |
| ၁၃။ | လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင် | ၁၆.၈၅ | ၂၀၈ တိုင် | - | ၂၀၈ တိုင် |
| ၁၄။ | Garden Light (၄ မီတာ) ၁ တိုင်လျှင် | ၁၉.၀၀ | ၃၆၆ တိုင် | - | ၃၆၆ တိုင် |
| ၁၅။ | မဟာရံတံတိုင်း မိန်းဆောင်ကျောက်ကနုတ်ပန်း (ကျောက်မြန်မာမှုပါ) | ၅.၀၀ | ၆၅၂ ခု | ၁၅၁ ခု | ၅၀၁ ခု |
| ၁၆။ | ကျောင်းဆောက်မြေ ၁ ကျင်းနှုန်း | ၈.၅၀ | ၇၅၇၆.၄၅ ကျင်း | - | ၇၅၇၆.၄၅ ကျင်း |
| ၁၇။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု) | ၄.၅၀ | ၂၁၈.၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉.၁၄ ကျင်း |
| ၁၈။ | ကျွန်းတန်း ၈ လက်မထုခင်းခြင်း | ၆.၅၀ | ၈၄၇၇ ကျင်း | - | ၈၄၇၇ ကျင်း |
| ၁၉။ | မုစလိန္ဒကန် | ၂,၅၇၁၁.၀၂ | ၁ | ၅၃၈၅ သိန်း | ၁၅၃၄၆.၀၂ သိန်း |
| | (က) မုစလိန္ဒကန်ရေကန်လုပ်ငန်း | ၆၇၁၁.၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒကန်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၁၆၈၆.၁၈ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒကန်အတွင်းအမြင့်ပေါ်လေးမျက်နှာလှေကားများဖြင့်လုပ်ဆောင်ခြင်း | | | | |
| | ၁။ အရှေ့ဘက်အမိုး(၇၁၉၉ စပေ) | ၁၇၁၁.၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အမိုး(၇၁၉၉ စပေ) | ၁၇၁၁.၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်မုခ်ဦး(၆၄၈၂ စပေ) | ၁၅၉၄.၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်မုခ်ဦး(၅၅၅၂ စပေ) | ၁၂၈၆.၄၀ | ၁ | - | ၁ |
| | (ဃ) ကျောင်းကျောက်ပြားခင်းခြင်း(၃၁၇.၆၅ ကျင်း) | ၈.၅၀ | ၃၁၇.၆၅ | - | ၃၁၇.၆၅ |
| | (င) ရေနုတ်မြောင်းပတ်လည် ကန်ဘောင်ကျောက်ပြားခင်းခြင်း | ၅၉.၂၀ | ၉၇ | - | ၉၇ |
| | (စ) အလှဆင်/အမြင် မီးနှင့်အလှဆင်ရေပန်းတပ်ဆင်ခြင်း | | | | |
| | ၁။ အလှဆင်/အမြင် မီးဆက်သွယ်ခြင်း | ၅၀၀.၀၀ | ၁ | - | ၁ |
| | ၂။ အလှဆင်ရေပန်းတပ်ဆင်ခြင်း | ၇၂၀.၀၀ | ၁ | - | ၁ |
| ၂၀။ | ရေချိုးကြွယ်ရေခံခန်း(၁၂ ပေ × ၁၈ ပေ) | ၂၅၉.၀၀ | ၁၂၇ စုံ | - | ၁၂၇ စုံ |
| ၂၁။ | ပိဋကတ်သုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် မြန်မာပြန် ၂ မျက်နှာပါ)(Creamy Paper) လှူဒါန်းနိုင်ရေး၁၇ ကျမ်း(၄၀ အုပ်)တစ်စုံလျှင် | ၁၂.၀၀ | ၁၀၀၀ စုံ | ၅၈၆ စုံ | ၄၁၄ စုံ |
| ၂၂။ | ပိဋကတ်သုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် မြန်မာပြန် ၂ မျက်နှာပါ)(Bible Paper) လှူဒါန်းနိုင်ရေး၁၇ ကျမ်း(၄၀ အုပ်)တစ်စုံလျှင် | ၂၀.၀၀ | ၅၀၀ စုံ | ၂၄၄ စုံ | ၂၅၆ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ် ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၄၊ ၀၃၆-၃၁၀၀၅

(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၈၆

## စက်မှုဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (မြန်မာကျပ်ငွေဖြင့်)

၁။ စက်မှုဝန်ကြီးဌာနတွင် Air Conditioners, Laptop, Desktop and Computer Accessories, Copier, Printer, Projector and Screen, Scanner and Camera, CCTV System,Binding Machine, Fax, Laminator, Stapler, Handset စသည့်ပစ္စည်းများ ဝယ်ယူရေးအတွက် အောက်ဖော်ပြပါ Lot များအလိုက် အိတ်ဖွင့်တင်ဒါ တင်သွင်းပါရန် ဖိတ်ခေါ်အပ်ပါသည်-

**စဉ် Lot Lot အလိုက် ဝယ်ယူမည့်ပစ္စည်းများ**

(က) Lot 1 Air Conditioners
(ခ) Lot 2 Laptop (i7)
(ဂ) Lot 3 Desktop and Computer Accessories
(ဃ) Lot 4 Copier
(င) Lot 5 Printer
(စ) Lot 6 Projector and Screen
(ဆ) Lot 7 Scanner and Camera
(ဇ) Lot 8 CCTV System
(ဈ) Lot 9 Binding Machine, Fax, Laminator, Stapler, Handset

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရမည်ဖြစ်ပါသည်-

**တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၉-၅-၂၀၂၃ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၃-၆-၂၀၂၃ရက် (၁၅:၀၀)နာရီ
တင်ဒါပေးသွင်းရမည့်နေရာ - ဥက္ကဋ္ဌ၊
စုပေါင်းတင်ဒါလက်ခံရေးနှင့်
စိစစ်ရေးကော်မတီ
စက်မှုပူးပေါင်းဆောင်ရွက်ရေး
ဦးစီးဌာန
စက်မှုဝန်ကြီးဌာန
ရုံးအမှတ်(၃၀)၊ နေပြည်တော်

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းရယူနိုင်ပါသည်-

**ထုတ်လုပ်မှုညှိနှိုင်းရေးဌာန**
**စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ စက်မှုဝန်ကြီးဌာန၊**
**ရုံးအမှတ်(၃၀)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၃၄၀၅၁၇၀၊ ၃၄၀၅၀၄၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ကျွန်ုပ်မိတ်ဆွေကြီးဖြစ်သူသည် ချမ်းသာရွှေမြေကုမ္ပဏီ (ယင်း၏ဒါရိုက်တာ ဒေါ်အေးအေးမြင့်) ၁၄/ညတန(နိုင်)၀၈၈၀၄၇ထံမှ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရေဝဏ်လမ်း၊ ၆၁-ရပ်ကွက်၊ ရေချမ်းသာအဆင့်မြင့်ကွန်ဒို၊ (၁၈)ထပ်အဆောက်အအုံရှိ တိုက်နံပါတ်-၁၁(A)၊ အလွှာ(၉)၊ အခန်းနံပါတ်-၂၄၄၊ အခန်းအကျယ် စတုရန်းပေ (၆၀၀)ရှိ အခန်းကို ဝယ်ယူရန်အတွက် စရန်ငွေအချို့ပေးချေပြီးဖြစ်ပါ၍ အဆိုပါအခန်းနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူ မည်သူမဆို အထောက်အထားပြည့်စုံစွာဖြင့် ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဤကြော်ငြာထည့်သွင်းသည့်ရက်မှ ၁၀ ရက်ပြည့်သည့်နောက်ပိုင်းတွင် အရောင်းအဝယ်ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နွယ်နီအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၃၅/၈-၂-၂၀၀၅)**
**တိုက်အမှတ်-၂၀၉၊ အခန်းအမှတ်-3-A၊ အင်းဝလမ်း၊**
**(၆)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း ၀၉-၇၉၁၂၀၂၂၇၈၊ ၀၉-၇၇၃၁၁၆၈၅၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဈ)၊ မြေကွက်အမှတ်(၂၁)၊ အကျယ်အဝန်း ပေ(အလျား၄၀xအနံ၆၀)၊ နှစ်(၆၀)မြေငှားဂရန်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် တရားဝင်အမည်ပေါက် မှတ်တမ်းတင်ထားရှိသူများဖြစ်ကြသည့် ဒေါ်လှနှင့် ဦးအောင်မင်းတို့က တွဲလျက်အမည်ပေါက်ပြီး ၎င်းတို့ထံမှ ဒေါ်လှ၏အစုဖြစ်သော မခွဲမစိတ်ရသေးသော ထိုမြေထဲမှ (အလျား ၂၇ပေ x အနံပေ၆၀)မြေနှင့် မြေပေါ်ရှိ အဆောက်အအုံတို့အား ဂရန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်လှနှင့် ၎င်းခင်ပွန်း ဦးထွန်းကြည်တို့မှာကွယ်လွန်သွား၍ ထိုမိဘ(၂)ပါးမှ တရားဝင်အမွေဆက်ခံခွင့်ရှိသူများဖြစ်ကြသည့် (၁) ဒေါ်ခင်ဝင်း၊ (၂) ဒေါ်အေးအေးမော်၊ (၃) ဦးတင့်လွင်၊ (၄) ဦးသန်းလွင်၊ (၅) ဒေါ်မူမူအေး၊ (၆) ဦးခင်ဇော်၊ (၇) ဒေါ်ခင်ခင်သိန်းတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စန်းစန်းနိုင် ၁၂/ကမတ(နိုင်) ၀၅၇၅၀၅က အပြီးအပိုင်ဝယ်ယူရန်အတွက် နှစ်ဦးနှစ်ဖက် သဘောတူစရန်ငွေပေးချေ ကတိစာချုပ်ချုပ်ဆိုကာ အရောင်းအဝယ်ပြုလုပ်သော မြေနှင့်အိမ်၏ တန်ဖိုးငွေများအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထား ပြီးဖြစ်ပါသည်။ ဖော်ပြပါမြေနှင့် အိမ်အရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါကကျွန်ုပ်ထံသို့တိကျခိုင်လုံသောတရားဝင်စာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ယခုကြေညာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအိမ်နှင့် မြေအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေ ဒေါ်စန်းစန်းနိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုအောင် ( LL.B )**
**(စဉ်-၁၃၄၉၈/၂၀၁၇)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၃၃၂)၊ ဒုတိယထပ်၊ သီလ(၁၀)လမ်း၊**
**(၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၇၇၈၉၄၀၂၀၆**

## ကျန်းမာရေးဝန်ကြီးဌာန
## မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုသာမန်ရန်ပုံငွေကို အသုံးပြု၍ မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီးဌာနအောက်ရှိ ခုတင်(၁၀၀)ဆေးရုံများ၊ မြို့နယ်နှင့်တိုက်နယ်ဆေးရုံများအတွက် လိုအပ်သည့် ဆေးနှင့် ဆေးပစ္စည်းများ၊ ခွဲစိတ်ခွဲခန်းနှင့် ဓာတ်မှန်ခန်းသုံး ဆေးနှင့်ဆေးပစ္စည်းများ၊ Consumbale များဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါပုံစံစတင် ရောင်းချမည့်ရက်** - ၅-၆-၂၀၂၃ ရက်
**တင်ဒါပိတ်သိမ်းမည့် ရက်နှင့်အချိန်** - ၅-၇-၂၀၂၃ ရက်၊ ၁၆:၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများအသေးစိတ်ကိုသိရှိလိုပါက မန္တလေးတိုင်းဒေသကြီး ကုသရေးဦးစီးဌာနသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**မန္တလေးတိုင်းဒေသကြီးကုသရေးဦးစီးဌာန**

## အောင်မြေသာစံခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၃၄
## မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ-၄၃၀(ဆ)
## မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ -၄၃၀(ဆ)အရ ကင်းလွတ်ခွင့်ပြုပါရန်လျှောက်ထားသည့်အမှု

စန်းယမုံကုမ္ပဏီလီမိတက် **လျှောက်ထားသူ**
SAN YAMON COMPANY LIMITED
(၎င်းကုမ္ပဏီ၏ကိုယ်စား ဒါရိုက်တာဦးခင်မောင်ကြည်)

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၅၉လမ်း၊ ၂၃လမ်းနှင့် ၂၄လမ်းကြား၊ အမှတ် (၂၄-ဇ)တွင်ဖွင့်လှစ်ထားသည့် စန်းယမုံကုမ္ပဏီလီမိတက်(SAN YAMON COMPANY LIMITED) (၎င်းကုမ္ပဏီ၏ကိုယ်စားဒါရိုက်တာဦးခင်မောင်ကြည်) ကမြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ အွန်လိုင်းမှတ်ပုံတင်စနစ်ဖြင့် ပြန်လည်မှတ်ပုံတင်ရန် ပျက်ကွက်ခဲ့၍ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ -၄၃၀(ဆ)အရ မှတ်ပုံတင်ရမည့်ကာလမှာ သဘောရိုးဖြင့် ပျက်ကွက်သည့်အတွက် ကင်းလွတ်ခွင့်ပြုပါရန် လျှောက်ထားချက်ရှိသဖြင့် အဆိုပါအမှုတွင် ၎င်းတို့အပြင် (လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင်) ၂၀၂၃ ခုနှစ် ဇွန် ၁၆ရက် (၁၃၈၅ ခုနှစ် နယုန်လပြည့်ကျော် ၁၄ရက်) နံနက် ၁၀နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျ အခွင့်အမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် မှုခင်းမှတ်တမ်းများကြည့်ရှုရန် ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ဤရုံးတော်ကဆိုခဲ့သော စန်းယမုံကုမ္ပဏီလီမိတက်(SAN YAMON COMPANY LIMITED) ၏ လျှောက်လွှာအပေါ် စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်း၏အမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်မည်ဖြစ်ကြောင်း ကြေညာစာထုတ်ဆင့်လိုက်သည်။

၂၀၂၃ခုနှစ် မေ ၂၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကေသီဝင်း)**
**ခရိုင်တရားသူကြီး**
**အောင်မြေသာစံခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ မှော်ဘီမြို့နယ်၊ ဆပ်သွားတောကျေးရွာအုပ်စု၊ မြိုင်သာယာစံပြရပ်ကွက်၊ စီ(၄)လမ်း၊ အိမ်အမှတ် (၇၃-က)၊ မြေကွက်အမှတ်(စီ-၉၀)(ခေါင်းရင်းခြမ်း) အလျား(၇)ပေXအနံပေ(၆၀)နှင့် မြေကွက်အမှတ်(စီ-၉၁) အလျားပေ(၄၀)Xအနံ ပေ(၆၀) ရှိ မြေနှင့် ယင်းမြေပေါ်ရှိ RC တစ်ထပ်တိုက်၊ ရေ၊ မီး၊ အဲကွန်း(၂)၊ သီးပင်စားပင်အပါအဝင် မြေပေါ် မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး ဥပဒေနှင့်အညီ ရောင်းချခွင့်ရှိသူ ဦးစိုးမင်းနိုင် ၁၄/မမက(နိုင်)၁၃၇၂၁၃နှင့် ဒေါ်ကျော့ကျော့ခိုင် ၁၂/မဘန(နိုင်)၁၁၃၂၇၇ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးဝင်းရွှေ ၁၂/ကမရ(နိုင်)၀၁၃၂၈၂၊ ဒေါ်ခင်သန်းမြင့် ၁၂/ကမတ(နိုင်)၀၁၀၆၆၄ တို့မှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်မာသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ပြီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဦးဝင်းရွှေ ၁၂/ကမရ(နိုင်)၀၁၃၂၈၂၊**
**ဒေါ်ခင်သန်းမြင့် ၁၂/ကမတ(နိုင်)၀၁၀၆၆၄ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်လှသီတာစန်း(LL.B)** | **နော်ထရီဇာအောင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၀၃၀၅/၁၅)** | **(စဉ်-၁၄၀၀၄/၁၇)** |

**အမှတ်(၁၅၈)၊ ဘီ-၃လမ်း၊ မြိုင်သာယာစံပြရပ်ကွက်၊ မှော်ဘီမြို့**
**ဖုန်း-၀၉-၅၄၁၄၂၅၉၊ ၀၉-၇၉၉၇၇၁၄၀၁**

## အထူးကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ နဝဒေးရပ်ကွက်၊ ၁၃/နဝဒေးရပ်၊ မြေကွက်အမှတ် (ပစ(B)-၁၁၄၈)၊ အလျား ပေ(၈၀)xအနံပေ(၆၀)၊ ဧရိယာ ၀ ဒသမ ၁၁၀ဧကရှိ မြေနှင့် ပတ်သက်၍ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်စာချုပ်အမှတ် (၆၅၃)၊ ၁၂-၅-၂၀၁၆ ရက်စွဲဖြင့် ကျွန်တော် အရာခံဗိုလ်မြင့်သန်းမှ ဒေါ်ထုဘူ သို့ လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာကို ၅-၆-၂၀၂၃ ရက်မှစ၍ အပြီးအပိုင်ရုပ်သိမ်းပါကြောင်း အသိပေးကြေညာလိုက်ပါသည်။

**အရာခံဗိုလ်မြင့်သန်း ၁၂/လကန(နိုင်)၀၁၈၃၄၀**
**ဖုန်း-၀၉-၇၉၃၈၆၀၀၄၅**

## အောင်မြေသာစံခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် -၃၃
## မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ-၄၃၀(ဆ)
## မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ -၄၃၀(ဆ)အရ ကင်းလွတ်ခွင့်ပြုပါရန်လျှောက်ထားသည့်အမှု

မြင့်မိုရ်ရွှေတောင်ကုမ္ပဏီလီမိတက် **လျှောက်ထားသူ**
MYINT MO SHWE TAUNG COMPANY LIMITED
(၎င်းကုမ္ပဏီ၏ကိုယ်စားဒါရိုက်တာဒေါ်စန်းစန်းဌေး)

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၅၉လမ်း၊ ၂၃လမ်းနှင့် ၂၄လမ်းကြား၊ အမှတ် (၂၄-ဇ)တွင် ဖွင့်လှစ်ထားသည့် မြင့်မိုရ်ရွှေတောင် ကုမ္ပဏီလီမိတက် (MYINT MO SHWE TAUNG COMPANY LIMITED) (၎င်းကုမ္ပဏီ၏ကိုယ်စား ဒါရိုက်တာ ဒေါ်စန်းစန်းဌေး)က မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ အွန်လိုင်းမှတ်ပုံတင်စနစ်ဖြင့် ပြန်လည်မှတ်ပုံတင်ရန် ပျက်ကွက်ခဲ့၍ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ-၄၃၀(ဆ)အရ မှတ်ပုံတင်ရမည့်ကာလမှာ သဘောရိုးဖြင့် ပျက်ကွက်သည့်အတွက် ကင်းလွတ်ခွင့်ပြုပါရန် လျှောက်ထားချက်ရှိသဖြင့် အဆိုပါအမှုတွင် ၎င်းတို့အပြင် (လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင်) ၂၀၂၃ ခုနှစ် ဇွန် ၁၆ရက် (၁၃၈၅ ခုနှစ် နယုန်လပြည့်ကျော် ၁၄ရက်) နံနက် ၁၀နာရီတွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျအခွင့်အမိန့် ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် မှုခင်းမှတ်တမ်းများ ကြည့်ရှုရန် ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ဤရုံးတော်ကဆိုခဲ့သော မြင့်မိုရ်ရွှေတောင်ကုမ္ပဏီလီမိတက် (MYINT MO SHWE TAUNG COMPANY LIMITED) ၏ လျှောက်လွှာအပေါ် စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်း၏အမှု အကြောင်းအရာတွင် စီရင်ချက်ချမှတ်မည်ဖြစ်ကြောင်းကြေညာစာထုတ်ဆင့်လိုက်သည်။

၂၀၂၃ခုနှစ် မေ ၂၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကေသီဝင်း)**
**ခရိုင်တရားသူကြီး**
**အောင်မြေသာစံခရိုင်တရားရုံး**

## အမည်ပြောင်း

ဦးသန်းဝင်း၏သား ပန်းတနော်မြို့နယ်၊ အထက၊ ပေပင် ဆယ့်နှစ်ရှာ Grade-12မှ မောင်အောင်ကျော်ဘုန်း အား မောင်ရဲလင်းအောင်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

## ကန့်ကွက်နိုင်ပါကြောင်းကြေညာချက်

တောင်ငူမြို့၊ ၁၅ ရပ်ကွက်၊ တပင်ရွှေထီးလမ်းနှင့် ၁၁ လမ်းထောင့်ရှိ အကွက်အမှတ် ၆က၊ အကွက်အမည်-လမ်းမကျယ်၊ ဦးပိုင်အမှတ် ၂၈/င၊ ဧရိယာ ၀ ဒသမ ၀၃၂ ဧကရှိ အရှေ့-တပင်ရွှေထီးလမ်း၊ အနောက်-ဦးပိုင်အမှတ် ၂၉/က၊ တောင် ၁၁လမ်း၊ မြောက်-ဦးပိုင်အမှတ် ၂၈/ဃ၊ အလားလေးရပ်အတွင်းရှိ ဦးကျော်ဝင်း-ဒေါ်မြင့်မြင့်သန်းတို့ အမည်ပေါက်သော ဘိုးဘပိုင်ခြံမြေကွက်အား ဒေါ်ဝါဝါကျော်အမည်သို့ ပြောင်းလဲမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၃ ခုနှစ် ဇွန် ၂၈ ရက်မတိုင်မီ တောင်ငူမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်ဦးစီးဌာနမှူးထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်**
**စာရင်းအင်းဦးစီးဌာန**
**တောင်ငူမြို့နယ်**

## အများသိစေရန် ကြေညာခြင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောခရိုင်၊ ကလောမြို့၊ အမှတ်(၆)ရပ်ကွက်၊ ရွှေဟသ်ာကုန်းရပ်၊ ဦးပိုင်အမှတ်(၄၄)၊ မြေကွက်အမှတ်(၄၆)၊ ဧရိယာ ၀ ဒသမ ၁၁၅ ဧက၊ ပြည်ထောင်စုလမ်းမကြီးဘေးရှိ ဦးမင်းထွဋ်၊ ဒေါ်ကူးကူးအမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအဆောက်အအုံအပါအဝင် ရေ+မီးအစုံအလင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံပိုင်ဆိုင်သည်ဟုအဆိုပြုသည့် ဦးမဟင်ဒါဆင်း၊ ဒေါ်လင်းလင်းထွဋ်၊ ဒေါ်စုစုထွဋ်၊ ဦးမင်းဦး(ခ)ဦးမော်စီ၊ ဦးအောင်မင်းထွဋ်၊ ဒေါ်ဝါဝါထွဋ်နှင့် ဒေါ်စိမ့်စိမ့်ထွဋ်တို့ထံမှ ကျွန်ုပ်တို့မိတ်ဆွေကဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော အ ထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ် ကိစ္စနှင့်ပတ်သက်၍ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းလှိုင်** | **ဒေါ်သန်းသန်းဝင်း** | **ဒေါ်ချိုချိုဝင်း** |
| **(LL.B, D.B.L, D.I.L)** | **(LL.B)** | **(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၁၈၇၄)** | **(စဉ်-၁၃၂၆၆)** | **(စဉ်-၁၄၈၃၆)** |

**အမှတ်(၈)၊ အကွက်အမှတ်(ညည-၇၇)၊ ၄၉လမ်းနှင့် လမ်း၅၀ကြား၊ သင်ပန်းကုန်းရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၂၅၉၁၂၄၆၉၀၊ ၀၉-၇၉၇၂၉၂၁၄၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၄)၊ ကွင်း/အကွက်အမှတ် (၈-စည်းခုံရပ်)၊ ဦးပိုင်အမှတ်(၉၂)၊ မြေကွက်အမှတ်(118)၊ မြေဧရိယာ ၀.၀၆၅ဧကရှိ ဂရန်အမှုတွဲအမှတ်(၁၁၂/၁၉၈၆-၈၇)အရ ဦးကိုမာမှ ဂရန်အမည်ပေါက်ပါသည်။ အဆိုပါမြေကွက်အား ဒေါ်မေလွင်လွင်ပါ -၆ ဦးမှ အမွေဆက်ခံပိုင်ဆိုင်သူများဖြစ်၍ ၎င်းတို့၌ ရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း ဝန်ခံကတိပြုသဖြင့် အဆိုပါပိုင်ဆိုင်ထားသောမြေကွက်နှင့် နေအိမ်အဆောက်အအုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မီမီစန်းမှ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်အဆိုပါမြေကွက်အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်မီမီစန်း** | **ဦးထွန်းထွန်းဦး (LL.B, IP Law (WIPO)** |
| **၉/မရတ(နိုင်)၁၂၁၈၀၃** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၅၇၀)** |
| **ချမ်းအေးသာဇံမြို့နယ်၊** | **အမှတ်(၁၁၆)၊ရွှေဘုံသာလမ်း၊ (၂၈)၊ သုမင်္ဂလာရပ်၊** |
| **မန္တလေးမြို့** | **ရပ်ကွက်ကြီး(၂)၊ ပြင်ဦးလွင်မြို့၊** |
| | **ဖုန်း-၀၉-၄၄၈၁၉၅၅၀၀** |

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/11802, Honda Click 150, ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရွှေရည်မိုး ၉/ခမစ(နိုင်) ၀၉၁၄၉၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/27467, Super Anbo 110, M/C ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1N/5028 ယာဉ်လက်ဝယ်ရှိသူ ဦးပါပါလွင် ၇/ကတခ(နိုင်)၀၀၀၉၁၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7M/5064 ယာဉ်လက်ဝယ်ရှိသူ ဦးသန်းထွန်းအောင် ၇/မလန(နိုင်)၀၉၁၂၅၃က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## မီးသတိပြု

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၁၂) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍ မြှင့်တင်ရေး။

❖ **မိမိတို့နိုင်ငံ၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တပ်မတော်သည် အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန်၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်၊ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို စောင့်ရှောက်ရန် အဓိကတာဝန်ရှိ...**

❖ **ထို့ကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်အတွက် အသက်ခန္ဓာသဖွယ်ဖြစ်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ပါတီစုံဒီမိုကရေစီစနစ်ကို ယိမ်းယိုင်ပျက်စီးအောင် ပြုလုပ်လာသည့် အပြုအမူမှန်သမျှကို ဥပဒေနှင့်အညီ ကာကွယ်တားဆီးခြင်းသည် သမိုင်းပေးတာဝန်ထမ်းဆောင်ခြင်းသာဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၄) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ဗန်းမော်ကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ အဘိဓဇမဟာရဋ္ဌဂုရု ၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ၏ အန္တိမဈာပန သာဓုကီဠနပူဇာသဘင် အခမ်းအနားအား တိုက်ရိုက် (Live) ထုတ်လွှင့်သွားမည်

နေပြည်တော် ဇွန် ၄

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေခရိုင် မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ကွက် ဗန်းမော်ကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဥက္ကဋ္ဌ ၊ အဘိဓဇမဟာရဋ္ဌဂုရု ၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ၏ အန္တိမဈာပန သာဓုကီဠနပူဇာသဘင် အခမ်းအနားအား ဇွန် ၆ ရက် မွန်းလွဲ ၂ နာရီမှစတင်၍ လည်းကောင်း၊ သရီရဓာတုပဝါဟနပူဇာ အရိုးဓာတ်ပြာတော်များ ရေမျှောပူဇော်သဘင်အခမ်းအနားအား ဇွန် ၇ ရက် နံနက် ၅ နာရီ မိနစ် ၃၀ မှ စတင်၍ လည်းကောင်း MRTV HD Channel ၊ MRTV Farmers' Channel၊ MRTV Parliament Channel၊ MWD HD Channel ၊ MWD Variety HD Channel ၊ မဟာဗောဓိ ရုပ်သံလိုင်းနှင့် Buddha Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း မိဘပြည်သူများအား လေးစားစွာ ကြိုတင်အသိပေးအပ်ပါသည်။

သတင်းစဉ်



## (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ဖနောင်ပင် ဇွန် ၄

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ Morodok Techo National Stadium ၌ ကျင်းပရာ အရှေ့တောင်အာရှ ပြိုင်ပွဲဝင်နိုင်ငံများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးနှင့် အုပ်ချုပ်သူ၊ နည်းပြများ၊ မသန်စွမ်း အားကစားသမားများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် H.E . Hun Many (Member of the Cambodian National Assem–bly) နှင့် ကမ္ဘောဒီးယားနိုင်ငံ အာဆီယံ မသန်စွမ်းအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌတို့က အဖွင့်မိန့်ခွန်း ပြောကြားကာ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် HUN SEN က (၁၂) ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍

*စာမျက်နှာ ၂၁ ကော်လံ ၁* ❖

ယနေ့ သတင်းအညွှန်း

ရှန်ကျို့ - ၁၅ အာကာသယာဉ်မှူးများ ကမ္ဘာမြေသို့ ပြန်လည်ရောက်ရှိလာ — နိုင်ငံတကာသတင်း စာ ၁၃
အကြားအာရုံချို့တဲ့သော ကလေးငယ်များအတွက် အတွင်းနားအကြားအာရုံနှီးဆွစက် တပ်ဆင်ခြင်းလုပ်ငန်း အကြောင်း သိကောင်းစရာ — ဆောင်းပါး စာ ၁၆
အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာအသင်း ရွှေနှစ်ခု၊ ငွေလေးခုနှင့် ကြေးတစ်ခု စတင်ဆွတ်ခူး — အားကစားသတင်း စာ ၂၁